# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ချမ်းသာကြောင်းဖြစ်**

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာကြောင်းဖြစ်၏။ ထို့အပြင် အဖကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာကြောင်းဖြစ်၏။ လောက၌ ရဟန်းတို့ကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာကြောင်းဖြစ်၏။ ထို့အပြင် မကောင်းမှုမှအပ ပြုပြီးသူ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့ကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာကြောင်းဖြစ်၏။

**ခုဒ္ဒကနိကာယ် (ဓမ္မပဒ - ၃၃၂)**


၁၃၇၈ ခုနှစ်၊ နယုန်လပြည့်နေ့ | ၂၀၁၆ ခုနှစ်၊ ဇွန် ၂၀ ရက်၊ တနင်္လာ၊ | အတွဲ (၅၅)၊ အမှတ် (၂၅၉)


## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ထိုင်းနိုင်ငံသို့ တရားဝင်ခရီး သွားရောက်မည်

**နေပြည်တော် ဇွန် ၂၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ(ငြိမ်း)၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ မကြာမီကာလအတွင်း တရားဝင်ခရီးသွားရောက်မည်ဖြစ်သည်။

(သတင်းစဉ်)

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၁)နှစ်မြောက် မွေးနေ့ အထိမ်းအမှတ် NLD ရုံးသစ်ဖွင့်

စာ - ၃

## ပြည်ပသို့သွားရောက် လုပ်ကိုင်ကြသည့် အလုပ်သမားများအတွက် အခက်အခဲများအား ၂၄ နာရီ မပြတ် အကူအညီပေးမည်

စာ - ၆

## အသက် ၁၀၆ နှစ် အရွယ်ရှိ အဘွားအိုမှာ အိုလံပစ်မီးရှူးတိုင် သယ်ဆောင်သူဖြစ်လာ

စာ - ၁၀

# ရက် ၁၀၀ စီမံချက်အရ လျှပ်စစ်ဓာတ်အား ၁၅၀ မဂ္ဂါဝပ်တိုးထုတ်နိုင် ဖလမ်းဒေသ၊ တောင်ကုတ်-မအီ ဒေသတို့တွင် လျှပ်စစ်မီးလင်း



၂၀၁၅ ခုနှစ် ဇွန်လအတွင်းက ဟားခါးနှင့် ဖလမ်းအကြား လျှပ်စစ်ကြိုးသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ်
ဓာတ်ပုံ - ခရမ်းစိုးမြင့်

**နေပြည်တော် ဇွန် ၁၉**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ပြည်သူ့အတွက် ရက် ၁၀၀ စီမံချက်အရ ရက် ၄၀ ကျော် ကာလအတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းအပိုင်းတွင် မော်လမြိုင် စွန့်ပစ်အပူသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ လျာထား ၃၀ မဂ္ဂါဝပ်ထဲမှ ၂၀ မဂ္ဂါဝပ်အား ဇွန် ၁ ရက်တွင်လည်းကောင်း၊ မြင်းခြံသဘာဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ၁၃၀ မဂ္ဂါဝပ်ကို ဇွန် ၁၅ ရက်တွင်လည်းကောင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်၍ မဟာဓာတ်အားစနစ်သို့ ပို့လွှတ်နေပြီဖြစ်သည်။

ဓာတ်အားပို့လွှတ်ရေးအပိုင်းတွင် ၆၆ ကေဗွီ ဟားခါး-ဖလမ်း ဓာတ်အားလိုင်း၊ ၆၆ ကေဗွီ

### ချင်းပြည်နယ် ဖလမ်းဒေသရှိကျေးရွာ ၁၀ ရွာမှ အိမ်ထောင်စု ၆၇၀ အား ဇွန် ၁၀ ရက်နှင့် ရခိုင်ပြည်နယ် တောင်ကုတ်-မအီဒေသရှိ အိမ်ခြေ ၅၉၀ တို့အား ဇွန် ၁၂ ရက်တို့က မဟာဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ပြီဖြစ်

တောင်ကုတ်-မအီဓာတ်အားလိုင်းနှင့် မအီဓာတ်အားခွဲရုံတို့သည် ၁၀၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

*စာမျက်နှာ ၄ ကော်လံ ၅* ❇

## စံချိန်တင်မြင့်တက်ခဲ့သော မြန်မာ့ရွှေဈေး ပြန်လည်ကျဆင်းစပြုလာ

**ရန်ကုန် ဇွန် ၁၉**

ရန်ကုန်ရွှေဈေးကွက်၌ ဇွန် ၁၆ ရက် ညနေဈေးကွက်ပိတ်ချိန်တွင် ဖြစ်ခဲ့သော ရွှေဈေးမှာအခေါက်ရွှေ တစ်ကျပ်သားလျှင် ငွေကျပ် ၈၁၂၄၀၀ ဖြစ်ခဲ့သည်။ မြန်မာ့ရွှေဈေးတစ်လျှောက် အမြင့်ဆုံးစံချိန်တင်သွားသောဈေးဖြစ်ကြောင်း ရွှေဘုံသာလမ်းမှ ရွှေအရောင်းအဝယ်ပြုသူများက ပြောသည်။ ယင်းနေ့က ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၃၁၂ ဖြစ်ခဲ့သည်။

ထိုသို့ မြန်မာ့ရွှေဈေးကွက်၌ စံချိန်တင်မြင့်တက်လာမှုနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ စည်းရုံးရေးမှူး ဦးအေးချိုက

*စာမျက်နှာ ၄ ကော်လံ ၁* ❒




မြန်မာ့အလင်း

# အများပြည်သူအကျိုးကို ရည်မျှော်


နိုင်ငံတစ်ဝန်းအမြို့မြို့အနယ်နယ်တွင်ရှိနေသောဆေးနှင့် ဆေးပစ္စည်းအရောင်းဆိုင်များကို မြို့နယ်အလိုက်တာဝန်ရှိသူများက စစ်ဆေးမှုများပြုလုပ်နေကြသည်။ စစ်ဆေးသည်ဟုဆိုရာတွင် အများပြည်သူကိုရောင်းချနေသောဆေးဝါးများသည် တရားဝင်မှတ်ပုံတင်ထား သောဆေးဝါးများဖြစ်စေရေး၊ မှတ်ပုံတင်ထားခြင်းမရှိ၍ အရည်အသွေးစိတ်မချရသောဆေးဝါးများကို ရောင်းချခြင်းမပြုရေး၊ ဆေးနှင့် ဆေးပစ္စည်းများသည် အန္တရာယ်ကင်းရှင်းစေရေး၊ သက်တမ်းလွန်ဆေးဝါးများ၊ စံချိန်စံညွှန်းမပြည့်သောဆေးဝါးများရောင်းချခြင်းမ ပြုရေးအတွက်ဖြစ်သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် ဈေးကွက်အတွင်းရောက်ရှိနေသော ဆေးဝါးများသည် အရည်အသွေးစစ်မှန်ကောင်းမွန်ကာ အာနိသင်ထိရောက်မှုရှိပြီး ဘေးအန္တရာယ်ကင်းရှင်းရန် လိုအပ်သည့်အလျောက် ယင်းကဲ့သို့စစ်ဆေးမှုပြုနေရခြင်းလည်း ဖြစ်သည်။ ပြီးခဲ့သည့် မေ ၃၀ ရက်မှ ဇွန် ၇ ရက်အထိရှစ်ရက်တာကာလအတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)၊ အကောက်ခွန်ဦးစီးဌာန၊ နယ်စပ်ကုန်သွယ်ရေးဌာန၊ စားသုံးသူရေးရာဦးစီးဌာနတို့ပူးပေါင်းကာ Operation Pengea IX အမည်ရှိစစ်ဆင်ရေးတစ်ရပ်ဖြင့် တရားမဝင်ဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမမီသည့်ဆေးဝါးများတိုက်ဖျက်ရေးဆောင်ရွက်ခဲ့ရာ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်တိုင်းဒေသကြီးများနှင့် မွန်ပြည်နယ်တို့တွင် ဆေးဝါးအတုများကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အများပြည်သူသုံးစွဲသည့်ဆေးဝါး၊ အစားအသောက်၊ အလှကုန်စသည်တို့မှာ ဘေးအန္တရာယ်ကင်းရှင်းရန်နှင့် အရည်အသွေးပြည့်ဝရန်လိုအပ်သည်။ အထူးသဖြင့် ကျန်းမာရေးအတွက်မဖြစ်မနေသုံးစွဲကြရသည့် ဆေးဝါးများအရည်အသွေးပြည့်မီရေး၊ စံချိန်စံညွှန်း ပြည့်ဝရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးတို့မှာ အထူးလိုအပ်သည့်အလျောက် နိုင်ငံအတွင်းသို့ တင်သွင်းလာသည့်ဆေးဝါးများကို စစ်ဆေးပြီးမှတ်ပုံတင်ဆေးဝါးများအဖြစ် တရားဝင်ခွင့်ပြုပေးလျက်ရှိသကဲ့သို့ ဈေးကွက်အတွင်း တရားမဝင် ရောင်းချလျက်ရှိသောဆေးဝါးများကို ရှာဖွေစစ်ဆေးခြင်း၊ သိမ်းဆည်းခြင်းနှင့် အမျိုးသားဆေးဝါးဥပဒေအရ အရေးယူခြင်းတို့မှာ နိုင်ငံနှင့်ပြည်သူများအတွက် အထူးအရေးပါသော လုပ်ငန်းများပင် ဖြစ်သည်။ ဆေးဝါးအတုများနှင့် အရည်အသွေးနိမ့်ဆေးဝါးများကို သုံးစွဲမိပါက အသက်အန္တရာယ်ထိခိုက်နိုင်သည်အထိ ဆိုးကျိုးပေးနိုင်သည့်အပြင် မျိုးရိုးဗီဇကိုပါ ထိခိုက်ပျက်စီးစေခြင်း၊ မျိုးဆက်သုံးဆက်ခန့်အထိ ဉာဏ်ရည်ဉာဏ်သွေးနိမ့်ပါးစေခြင်းကဲ့သို့သော ဆိုးကျိုးများကိုပါ ဖြစ်ပေါ်စေကြောင်း တာဝန်ရှိသူများက အသိပေးပြောကြားထားသည်။

လွန်ခဲ့သည့်ရက်ပိုင်းအတွင်း ဆေးနှင့် ဆေးပစ္စည်းဆိုင်များကိုစစ်ဆေးမှုတွင် ဆိုင်များ အားလုံးနီးပါးမှာ မှတ်ပုံတင်မထားသည့်ဆေးဝါးများတင်သွင်း ရောင်းချလျက်ရှိသည်ကို တွေ့ရကြောင်း သတင်းများတွင်ပါရှိခဲ့သည်။ မှတ်ပုံမတင်သည့်ဆေးဝါးများရောင်းချရာတွင် အခွန်ရှောင်လိုခြင်း၊ တင်သွင်းရောင်းချသည့်ဆေးဝါးကို မှတ်ပုံတင်ရန်အတွက်လိုအပ်သည့်လုပ်ထုံးလုပ်နည်းများကို မလုပ်လိုခြင်းစသည်ဖြင့်အကြောင်းအမျိုးမျိုးဖြင့်အလွယ်တကူ တင်သွင်းသိုလှောင်ရောင်းချလျက်ရှိရာ ယင်းအချက်တို့မှာ ဥပဒေနှင့် ငြိစွန်းနေပြီဖြစ်သည်။ ပြီးခဲ့သည့်နှစ်အတွင်းက မှတ်ပုံမတင်သည့်ဆေးများ၊ သက်တမ်းလွန်ဆေးများ၊ ဆေးဝါးအတုများရောင်းချမှုဖြင့်အရေးယူခဲ့ရသည့် အမှုပေါင်း ၅၁ မှုရှိခဲ့သည်ဟု သိရသည်။

ဆေးနှင့်ဆေးပစ္စည်းတင်သွင်းရောင်းချသူများအနေဖြင့် မိမိတို့၏လုပ်ငန်းကို ကုသိုလ်လည်းရဝမ်းလည်းဝသည့်လုပ်ငန်းအဖြစ် ဥပဒေနှင့်အညီ နည်းလမ်းမှန်ကန်စွာရောင်းဝယ် ဖောက်ကားသွားကြရန် လိုအပ်သကဲ့သို့ ဝိသမလောဘဖြင့်အမြတ်အစွန်းများများရရေးကိုသာ ဦးတည်ကာ ဥပဒေကိုလက်တစ်လုံးခြားတိမ်းရှောင်ပြီး ရောင်းဝယ်နေကြသည့်ဆေး ဆိုင်များကိုလည်း သက်ဆိုင်ရာက ပြည်သူ့အကျိုးကို ရည်မျှော်ကာ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားကြရန် လိုအပ်သည်။ ထို့အပြင် ပြည်တွင်းဆေးဝါးဈေးကွက်လိုအပ်ချက်အတွက် ဆေးဝါးများတင်သွင်းမှု မှတ်ပုံတင်လုပ်ထုံးလုပ်နည်းများ ပိုမိုလွယ်ကူလျင်မြန်လာစေရေး ဆောင်ရွက်ပေးရန်လည်း လိုအပ်သည်။ ဆေးနှင့်ဆေးပစ္စည်းများကိုဝယ်ယူသုံးစွဲကြသည့် ပြည်သူများအနေဖြင့်လည်း အသက်ဉာဏ်စောင့်ဟူသော ဆိုရိုးနှင့်အညီ မိမိတို့၏ အသက် အန္တရာယ်အထိ ထိခိုက်နိုင်သော စံမမီဆေးဝါး၊ ဆေးအတုများကို ရှောင်ရှား၍ တရားဝင်မှတ်ပုံတင်ဆေးဝါးများကိုသာ ဂရုပြုဝယ်ယူသုံးစွဲသင့်ပါကြောင်း။ ။




## ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေး သင်တန်းဆင်းပွဲကျင်းပ

**တောင်ကြီး ဇွန် ၁၉**

ရှမ်းပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ သင်တန်းဆင်းပွဲကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့အစည်းအဝေးခန်းမ၌ ဇွန် ၁၇ ရက်က ကျင်းပသည်။

သင်တန်းတွင် ပထမရရှိသူ ဒေါ်ထိုက်အိအိအား ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌကိုယ်စား တာဝန်ရှိသူတစ်ဦးက ဆုချီးမြှင့်ပြီး ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနမှူး ဦးထွန်းဦးက သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

## ရေဦး အ ထ က(၂) နှင့်ကပ်လျက်ကတ္တရာလမ်း ပြုပြင်ပေးစေလို

**ထင်သာမြင်သာပြုပြင်စရာ**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့ ဗိုလ်အောင်ဇေယျရပ်ကွက် အထက(၂) နှင့်ကပ်လျက် အရှေ့မှအနောက်သို့ ဖောက်လုပ်ထားသည့် အများပြည်သူနေ့စဉ်အသုံးပြုသွားလာနေသည့် အရှည်ပေ ၁၀၀၀ခန့်ရှိကတ္တရာလမ်းသည် လမ်းအူကြောင်းပေါက်ပြဲကာ ကာလရှည်ကြာမြင့်စွာ ချိုင့်ခွက်များ ဖြစ်ပေါ်လျက်မိုးရွာပါက ရေအိုင်သဖွယ်ဖြစ်နေသည်။

အဆိုပါလမ်းသည် ဒေသခံပြည်သူများသာမက ရဟန်းသံဃာတော်များနေ့စဉ် ဆွမ်းခံကြွခြင်း သံဃာတော်အပါး ၇၀ ခန့် အပတ်စဉ်အရဏ်ဆွမ်းအလှူခံကြွခြင်းတို့အပြင် ကျောင်းသားများ ကျောင်းသွား ကျောင်းပြန်အသုံးပြုသော လမ်းဖြစ်သည်။ လမ်းပျက်စီးနေသည့်အပြင် နွားများက လမ်းမပေါ်တက်ဝပ်နေခြင်းများရှိ၍ ယာဉ်အန္တရာယ်ကြုံတွေ့နိုင်သည်။ ယာဉ်အန္တရာယ်ကင်းရှင်းစေရန်တိရစ္ဆာန်များ ရှင်းလင်းပေးခြင်းနှင့်လမ်းသွားလာရေး အဆင်ပြေစေရန် မြို့နယ်တာဝန်ရှိသူများမှ ပြုပြင်ထိန်းသိမ်းဆောင်ရွက်ပေးစေလိုကြောင်း ကျောင်းသားမိဘတစ်ဦးက ပြောသည်။

ထို့အတူ မူလတန်းကျောင်းသို့သွားရာလမ်းနှင့် ကျောင်းကြီးလမ်းဆုံရာ၌ ကုက္ကိုပင်ကြီးပေါ်တွင် ကြီးမားသော သစ်ကိုင်းခြောက်ကြီးမှာ လမ်းပေါ်ကန့်လန့်ဖြတ်အနေအထားရှိနေပြီး အောက်တွင် လျှပ်စစ်ဓာတ်အားလိုင်းကြိုးများရှိနေသည့်အတွက် အချိန်မရွေး မူလတန်း ကျောင်းသားကလေးများအတွက် အန္တရာယ်ရှိနိုင်သည်ဖြစ်ရာ



သစ်ကိုင်းခြောက်ကြီးအား အမြန်ဆုံးရှင်းလင်း ပေးစေလိုကြောင်း ဒေသခံပြည်သူများက လိုလားလျက်ရှိနေကြသည်။

**သန်းထိုက်(ရေဦး)**

## ကလေးမြို့နယ် နန်းစောင်းပုကျေးရွာ၌ စာသင်ကျောင်းဆောင်သစ်ဖွင့်

**ကလေး ဇွန် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်တွင် ယခင်နှစ်ကဖြစ်ပေါ်ခဲ့သော သဘာဝဘေးအန္တရာယ်ကြောင့် ရွာလုံးကျွတ်ပြောင်းရွှေ့နေထိုင်ရသည့် နန်းစောင်းပုကျေးရွာအတွက် သံကွန်ကရစ်နှစ်ထပ်စာသင်ကျောင်းဆောင်သစ်တစ်ဆောင် ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၄ ရက် နံနက် ၉ နာရီခွဲက အဆိုပါကျောင်းဆောင်သစ်ရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း၏ မတည်လှူဒါန်းငွေ၊ The Voice နေ့စဉ်ထုတ်သတင်းစာနှင့် အပတ်စဉ်ထုတ် စာစောင်ပရိသတ်မိသားစု၊ Living Color မီဒီယာဝန်ထမ်းများ၏ လှူဒါန်းငွေစုစုပေါင်းငွေကျပ်သိန်း ၂၅၀၀ ကျော် အကုန်အကျခံ၍ ဆောက်လုပ်လှူဒါန်းသည့် အောင်ထွန်းကျောင်းဆောင်သစ်ကြီးမုခ်ဦးအား ခရိုင်ပညာရေးမှူး ဦးအောင်ဌေးမြင့်၊ Living Color မီဒီယာအယ်ဒီတာချုပ် ဦးကျော်မင်းဆွေနှင့် ကလေးခရိုင် ကမ္ဘောဇဘဏ်ခွဲမန်နေဂျာ ဦးဇော်မျိုးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်ဆိုင်းဘုတ်အား ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မိုးက စက်ခလုတ်နှိပ်ဖွင့်လှစ်သည်။

ယင်းနောက် ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ကျောင်းဆောင်သစ်နှင့်ပတ်သက်သော အထောက်အထားစာရွက်စာတမ်းများအား ခရိုင်ပညာရေးမှူးထံသို့ လွှဲပြောင်းပေး အပ်ပြီး ကျေးရွာပြည်သူများကိုယ်စား ကျေးရွာအုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါကျောင်းဆောင်သစ်ကြီးကို အလျားပေ ၁၇၀၊ အနံပေ ၃၀၊ အမြင့် ၂၃ ပေရှိ အာရ်စီနှစ်ထပ် အမျိုးအစားဖြင့် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၉ ရက်က စတင်ဆောက်လုပ်ခဲ့ရာ ယခုနှစ် မေ ၃၁ ရက်က ဆောက်လုပ်မှုရာနှုန်းပြည့် ပြီးစီးပြီး အဆိုပါကျောင်းဆောင်သစ်ကြီးအပြင် စက်ရေတွင်း၊ ရေစင်၊ ရေကန်နှင့် မီးစက်တို့ကိုပါ အလှူရှင်များက လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၉-၆-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၀၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၀၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၀၈၅၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၉၀ / ၅၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၄၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၃၀ / ၅၅၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၈၆.၀ |
| ဥရောပ | တစ်ယူရို | ၁၃၃၄.၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၀.၀၈ |
| ထိုင်း | တစ်ဘတ် | ၃၃.၆၂၆ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၆၂၂ |
| တရုတ် | တစ်ယွမ် | ၁၇၉.၉၂ |
| မလေးရှား | တစ်ရင်းဂစ် | ၂၈၉.၄၄ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၃၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၃၈၊ Fax ၀၁-၅၅၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၃၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၁)နှစ်မြောက် မွေးနေ့အထိမ်းအမှတ် NLD ရုံးသစ်ဖွင့်

**သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**




**ရန်ကုန် ဇွန် ၁၉**
နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၁)နှစ်မြောက်မွေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ရွှေဂုံတိုင်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ရုံးချုပ်၌ ကျင်းပသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် မွေးနေ့အတွက် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (ရုံးချုပ်)သစ်၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး ဘုရားအနေကဇာတင်ခြင်း၊ တရားနာခြင်း၊ သံဃာတော်များအား အရှက်ဆွမ်းကပ်လှူခြင်း၊ ရဟန်းသံဃာတော်နှင့် သီလရှင်များအား ဆွမ်းလောင်းလှူခြင်းနှင့် ရုံးချုပ်သစ်ဖွင့်ခြင်းများလည်း ပြုလုပ်ခဲ့သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၁)နှစ်မြောက် မွေးနေ့အဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက သူရဦးတင်ဦးက မွေးနေ့ကိတ်မုန့်လှီး၍ ဆုမွန်ကောင်းတောင်းမှုများ ပြုလုပ်ပြီး NLD ရုံးသစ်ဖွင့်ပွဲအတွက် မိတ်ဆက်အမှာစကားပြောကြားသည်။ **(ယာပုံ)** ဆက်လက်၍ NLD ရုံးချုပ်သစ်အတွက် လှူဒါန်းကြသူများကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက သူရဦးတင်ဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးဉာဏ်ဝင်းနှင့် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းတို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်နာယက သူရဦးတင်ဦးက နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်ပတ်သက်၍ "ဒီနေ့ကတော့ ဒီမိုကရေစီရေးနဲ့ပတ်သက်ရင် တကယ့်ကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့တဲ့ ခေါင်းဆောင်တစ်ယောက်အနေနဲ့ နိုင်ငံတကာက အသိအမှတ်ပြုခံရသူရဲ့ မွေးနေ့ပေါ့။ အရင်ကတော့ ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံရေးခေါင်းဆောင်ဆိုတဲ့ သဘောမျိုးသက်ရောက်နေပေမယ့် နိုင်ငံရေးသမားထက် နိုင်ငံရေးသုခမိန်ဆိုတာ သူ့အတွက်ပိုပြီး ဆီလျော်လာတာပေါ့။ ဒီတိုင်းပြည်မှာရှိနေတဲ့ အခြေအနေနဲ့ ချို့ယွင်းဆုတ်ယုတ်နေတဲ့ ကိစ္စတွေကို အားကြိုးမာန်တက်နဲ့ ကိုယ်ကျိုးစွန့် အနစ်နာခံတယ်။ တကယ့်ကို စိတ်ကောင်းစေတနာနဲ့ မေတ္တာထားပြီးတော့ သူလုပ်လာတဲ့ကိစ္စတွေက နည်းတဲ့လုပ်ငန်းတွေမဟုတ်ဘူး။ ဒီနိုင်ငံအတွက် ကမ္ဘာအတွက် လူသားတွေအတွက် လူ့အခွင့်အရေးနဲ့ လူ့ဂုဏ်သိက္ခာကို မြှင့်တင်ပေးတဲ့ ခေါင်းဆောင်အနေနဲ့ တကယ့်နိုင်ငံရေးသုခမိန်အဖြစ် ရောက်လာတော့ အများကြီး ချီးမြှောက်ရမယ့်သဘောဖြစ်တာပေါ့"ဟု ပြောသည်။




**အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ရုံးသစ်ဆောက်လုပ်ရာတွင် လှူဒါန်းခဲ့ကြသူများအား ဂုဏ်ပြုမှတ်တမ်းလက်ဆောင်များ ပေးအပ်စဉ်**

ဆက်လက်၍ သူရဦးတင်ဦးက "အသက် (၇၁)နှစ်ပြည့်တဲ့နှစ်မှသည် ရှေ့ဆက်ပြီးတော့ နှစ် ၁၀၀ ကျော်အထိ ဒီနိုင်ငံအကျိုးအတွက် ဆက်လက်ပြီးတော့ တိုးပွားအောင်မြင်စွာဆောင်ရွက်နိုင်ပါစေကြောင်း၊ လောကီကိစ္စအရပ်ရပ်သာမက လောကုတ္တရာကိစ္စအဝဝတို့ကိုလည်း တိုးတက်ကောင်းမွန်စွာ ဆောင်ရွက်နိုင်တဲ့ ခေါင်းဆောင်တစ်ယောက်ဖြစ်နေတယ်။ ဒီထက်ပိုပြီးအောင်မြင်စွာ ဆောင်ရွက်နိုင်ဖို့၊ စိတ်ချမ်းသာဖို့၊ ကိုယ်ကျန်းမာဖို့၊ အားလုံးဝိုင်းဝန်းပြီးတော့ မင်္ဂလာဆုမွန်ကောင်းများ ပြုလုပ်လိုက်ရပါတယ်လို့ လေးလေးစားစား ထပ်မံပြောကြားပါတယ်"ဟု ဒေါ်အောင်ဆန်းစုကြည်အတွက် မွေးနေ့ဆုတောင်းစကားဆိုသည်။

ယနေ့ ရန်ကုန် NLD ရုံးချုပ်၌ ပြုလုပ်သည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် မွေးနေ့အခမ်းအနားသို့ ပန်းရဲ့လမ်းအဖွဲ့ကလည်း မွေးနေ့အဖြစ် ဂုဏ်ပြုသီချင်းများဖြင့် ဖျော်ဖြေပေးခဲ့သည်။ ပန်းရဲ့လမ်းသည် ပြည်သူ့ဌာန၊ ပြည်သူ့ဌာနေဆိုသည့် ဆောင်ပုဒ်ဖြင့် ပရဟိတအလုပ်များ ဆောင်ရွက်လျက်ရှိပြီး ဒုက္ခရောက်နေသူများနှင့် ဆင်းရဲသူများအား ငွေကြေး၊ အသုံးအဆောင်များကို ကူညီမှုများ ပြုလုပ်ကာ သီချင်းများဖြင့်လည်း နှစ်သိမ့်ပေးသည့်အဖွဲ့ဖြစ်သည်။

ပန်းရဲ့လမ်းအဖွဲ့မှ ဦးရဲလွင် (မဇ္ဈိမလှိုင်း)က "အခု ဒါက ဒေါ်အောင်ဆန်းစုကြည်တို့ အစိုးရဖွဲ့တဲ့အချိန်မှာ ပထမဆုံးကျရောက်တဲ့ သူ့ရဲ့မွေးနေ့ပါ။ သူ့ကို အားလုံးသိတယ်။ ကမ္ဘာကလည်းသိတယ်။ သူ့ကို ကျွန်တော်က ဒီမိုကရေစီမိခင်လို့ ပဲခေါ်တယ်။ ဒီတော့ ဒီမိုကရေစီမိခင် နှစ်သစ်မှာ ရွှင်လန်းပါစေ။ ဒါဟာ ကိုရဲလွင် (မဇ္ဈိမလှိုင်း)ရဲ့ဆုတောင်းစကားလေးပါ၊ ပန်းရဲ့လမ်းအဖွဲ့က သူ့ကိုမွေးနေ့ လက်ဆောင်လည်းပေးမှာပါ။ တစ်ယောက်ချင်းကိုယ်နှစ်သက်တဲ့မွေးနေ့ လက်ဆောင်လေးတွေ ပေးမှာပါ"ဟု ဒေါ်အောင်ဆန်းစုကြည်အတွက် မွေးနေ့ဆုတောင်းစကားဆိုသည်။

---

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် (၇၁) နှစ်မြောက် မွေးနေ့အထိမ်းအမှတ် သွေးလှူရှင် ၅၀၀ ကျော် စုပေါင်းသွေးလှူဒါန်း

**သတင်း-နန္ဒာဝင်း၊ ဓာတ်ပုံ-ရဲထွဋ်**

**ရန်ကုန် ဇွန် ၁၉**
နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၁)နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရန်ကုန်တိုင်း လူငယ်လုပ်ငန်းအဖွဲ့က ဦးဆောင်၍ ဂုဏ်ပြုသွေးလှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ အမျိုးသားသွေးဗဟိုဌာန၌ ကျင်းပသည်။

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ရန်ကုန်တိုင်းလူငယ်လုပ်ငန်းအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအတွင်းမှ ပရဟိတလူငယ်များနှင့် စေတနာရှင် ၅၀၀ ကျော်တို့က စုပေါင်းသွေးလှူဒါန်းခဲ့ခြင်းဖြစ်သည်။

အခမ်းအနားတွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်နာယက ဦးတင်ဦး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့အထိမ်းအမှတ်အဖြစ် သွေးလှူဒါန်းခြင်းကို ဂုဏ်ယူပါကြောင်းနှင့် ကျေးဇူးတင်ဝမ်းမြောက်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားသွေးဗဟိုဌာနညွှန်ကြားရေးမှူး ဒေါ်သီတာအောင်က သွေးလှူဘဏ်၏ လုပ်ငန်းတာဝန်များနှင့် သွေးလှူဒါန်းခြင်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ရန်ကုန်တိုင်းလူငယ်လုပ်ငန်းအဖွဲ့ တွဲဖက်တာဝန်ခံ ဦးရဲဝေဖြိုးက "နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ (၇၁)နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် ကောင်းမှုကုသိုလ်တစ်ခုပြုဖို့ ကျွန်တော်တို့ စဉ်းစားကြပါတယ်။ အများပြည်သူအတွက်လည်း အကျိုးရှိမယ့်လုပ်ငန်းတွေ လုပ်မယ်ဆိုပြီးစဉ်းစားတဲ့အခါ အခုက မိုးရာသီလည်းရောက်လာပြီ၊ ကလေးတွေ သွေးလွန်တုပ်ကွေးအဖြစ်များတဲ့ ရာသီဆိုတော့ ကလေးတွေအတွက် သွေးလိုအပ်ချက်ရှိလာရင် ဖြည့်ဆည်းပေးနိုင်ဖို့ တိုင်းဒေသကြီးတစ်ခုလုံးက အားထားရတဲ့ အမျိုးသားသွေးဗဟိုဌာနမှာ သွေးလှူဖို့ ဆုံးဖြတ်ကြတာဖြစ်ပါတယ်"ဟုဆိုသည်။

သွေးလှူရှင်တစ်ဦးဖြစ်သူ လှိုင်သာယာမြို့နယ်နေ ကိုကျော်ကျော်အောင်က "သွေးသည် အသက် အသက်သည် သွေးဖြစ်တဲ့အတွက် အခုလိုသွေးလှူဒါန်းခွင့်ရတာကို ဝမ်းသာပီတိဖြစ်ရပါတယ်"ဟုလည်း ဆိုသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၁)နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရန်ကုန်တိုင်းလူငယ်လုပ်ငန်းအဖွဲ့က ဦးဆောင်၍ ဂုဏ်ပြုသွေးလှူဒါန်းပွဲသည် ဒုတိယအကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး ပြီးခဲ့သည့် နှစ်(၇၀)မြောက် မွေးနေ့တွင်လည်း သွေးလှူရှင် ၂၀၀ ကျော်က ပထမအကြိမ် သွေးလှူဒါန်းခဲ့သည်။

အလားတူ မွေးနေ့အထိမ်းအမှတ်အဖြစ် တာမွေမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် မြန်မာအသည်းဖောင်ဒေးရှင်းတို့ပူးပေါင်း၍ အနေးယာဉ်လုပ်သားများ၊ ပုံကျဈေးသည်များနှင့် ရပ်ကွက်နေပြည်သူလူထု စုစုပေါင်း ၁၅၀၀ ခန့်ကို ယနေ့နံနက်ပိုင်းက အထက(၂)တာမွေ၌ အသည်းရောင်အသည်းဝါ ဘီပိုးကာကွယ်ဆေးများထိုးနှံပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဦးတင်ဦး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့အထိမ်းအမှတ်အဖြစ် သွေးလှူဒါန်းသူများအား တွေ့ဆုံနှုတ်ဆက်အားပေးစဉ်**

# ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ရန်ကုန်မြို့အတွင်းလေ့လာ

**ရန်ကုန် ဇွန် ၁၉**

ပြင်သစ်နိုင်ငံ နိုင်ငံခြားရေးနှင့် နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး မစ္စတာ ဂျီးမာ့ခ်အီရောင်နှင့်ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပန်းဝါလမ်းရှိ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့် နေထိုင်ခဲ့သည့်အိမ်သို့သွားရောက် ကြည့်ရှုလေ့လာကြရာ မြေးဖြစ်သူ ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌဒေါက်တာ သန့်မြင့်ဦးက နေအိမ်အတွင်းပြသထားသည့်ပြခန်းများအား လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် သိမ်ဖြူလမ်းရှိ အတွင်းဝန်ရုံး(ဝန်ကြီးများရုံး)သို့ ရောက်ရှိပြီး အာဇာနည် ခေါင်းဆောင်ကြီးများ ကျဆုံးသည့် အထိမ်းအမှတ်ကျောက်စာတိုင်၊ ပါလီမန်ဆောင်၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် အခန်းတို့ကို ကြည့်ရှုလေ့လာကြရာ ရန်ကုန်မြို့ပြ အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌက လိုက်လံရှင်းလင်းပြသသည်။

၎င်းနောက် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ကုန်သည်လမ်းနှင့် ဗိုလ်အောင်ကျော် လမ်းထောင့်ရှိ အာမေနီးယန်းတမန်တော်များ ဘုရားကျောင်းသို့ ရောက်ရှိကြရာ ကျောင်းထိုင်ဆရာတော်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ထို့နောက် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးနှင့် နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးနှင့် အဖွဲ့သည်ဘုရားကျောင်းမှ ကုန်သည်လမ်းအတိုင်း လမ်းလျှောက်၍ လမ်းတစ်လျှောက်ရှိ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၏ အပြာရောင်ကမ္ပည်းပြားတပ်ဆင်ထားသည့်နေရာများအပါအဝင် အထင်ကရနေရာများကို ကြည့်ရှုလေ့လာကြသည်။ **(ယာပုံ)**

ယင်းနောက် ပန်းဆိုးတန်းရှိ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ရုံးခန်းသို့ ရောက်ရှိရာ ဥက္ကဋ္ဌ ဒေါက်တာသန့်မြင့်ဦးက လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ကာ သာသနိက အဆောက်အအုံများကို ကြည့်ရှုလေ့လာပြီး ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။
**(သတင်းစဉ်)**



# ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီ ရန်ကုန်မြို့သို့ရောက်ရှိ



**ရန်ကုန် ဇွန် ၁၉**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စယန်ဟီလီသည် ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် နယူးယောက်မြို့၌ ပြုလုပ်မည့် (၇၁)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တင်သွင်းမည့် အစီရင်ခံစာ ပြုစုရန်အတွက် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာသည်။

မစ္စယန်ဟီလီနှင့် အဖွဲ့ဝင်များအား ဌာနဆိုင်ရာအကြီးအကဲများနှင့် UN ရုံးတို့မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(ဝဲပုံ)**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စယန်ဟီလီသည် မြန်မာနိုင်ငံသို့လာရောက်သည့် ခရီးစဉ်အတွင်း ရန်ကုန်၊ နေပြည်တော်၊ စစ်တွေ၊ မြစ်ကြီးနားနှင့် လားရှိုးမြို့များသို့ သွားရောက်မည်ဖြစ်ကြောင်းသိရသည်။

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေဆိုင်ရာအထူးအစီရင်ခံစာ တင်သွင်းသူ မစ္စယန်ဟီလီ၏ ယခုခရီးစဉ်သည် အစိုးရသစ် လက်ထက်တွင် ပထမဦးဆုံး ခရီးစဉ်ဖြစ်ပြီး ၎င်းသည် မြန်မာနိုင်ငံသို့ စတုတ္ထအကြိမ်မြောက်လာရောက်သည့် ခရီးစဉ်လည်းဖြစ်သည်။
**(သတင်းစဉ်)**

❊ *ရှေ့ဖုံးမှ*

ခတ်အားဖြန့်ဖြူးရေးအပိုင်းတွင် ချင်းပြည်နယ်၊ ဖလမ်းဒေသကျေးရွာ ၁၀ ရွာမှ အိမ်ထောင်စု ၆၇၀ ကို ဇွန် ၁၀ ရက်တွင် လည်းကောင်း၊ ရခိုင်ပြည်နယ် တောင်ကုတ်-မအီဒေသ အိမ်ခြေ ၅၉၀ ကို ဇွန် ၁၂ ရက်တွင်လည်းကောင်း မဟာခတ်အားစနစ်မှ ခတ်အားဖြန့်ဖြူးပေးနိုင်ပြီဖြစ်သည်။

အလားတူ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ မကွေးတိုင်းဒေသကြီးတို့တွင် ဌာနမှ လုပ်ဆောင်ရမည့် ခတ်အားလိုင်းသွယ်တန်းခြင်း၊ ထရန်စဖော်မာတည်ဆောက်ပေးခြင်း ၁၀၀ ရာခိုင်နှုန်း ပြီးစီးခဲ့ပြီး ကျေးရွာ ၂၁ ရွာ အိမ်ထောင်စု ၂၃၀၄ စု လျှပ်စစ်မီးပေးနိုင်ခဲ့သည်။ ရွာပေါင်း ၅၃ ရွာ အိမ်ထောင်စု ၆၈၀၆ စုမှ အိမ်ရှင်များ မီတာတပ်ဆင်ပြီးပါက မီးလင်းတော့မည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးတွင် လျာထား ၂၀၀ ကေဗွီအေထရန်စဖော်မာအလုံး ၁၅၀ ထဲမှ ၇၄ လုံး တပ်ဆင်ပြီးစီး၍ ယင်းရပ်ကွက်များရှိ လျှပ်စစ်မီးသုံးစွဲသူ ပြည်သူများပို့အားပြည့်ဝစွာ သုံးစွဲနေရပြီဖြစ်သည်။

စွမ်းအင်ကဏ္ဍအနေဖြင့် ရန်ကုန်မြို့တွင်း ပြေးဆွဲနေသော ဘတ်စ် ၄၅ စီးအား စီအင်နဂျီဖြန့်ဖြူးပေးခြင်း၊ စက်သုံးဆီနှင့် လေယာဉ်ဆီ နိုင်ငံတကာအဆင့်မီ ဖြန့်ဖြူးနိုင်၍ လွယ်ကူစွာအသုံးပြုနိုင်ခြင်း၊ ယခင်ချမှတ်ထားသော လိုင်စင်လျှောက်ထားရေးလုပ်ငန်းအဆင့်ဆင့် ဖြေလျှော့ပေးခဲ့သဖြင့် လုပ်ငန်းလိုင်စင်အမြန် ထုတ်ပေးနိုင်ခြင်းစသည့်အကျိုးကျေးဇူး ခံစားနေရပြီဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။
**(သတင်းစဉ်)**

❐ *ရှေ့ဖုံးမှ*

"ဘာကြောင့် ဒီလိုစံချိန်တင် မြင့်ခဲ့ရသလဲဆိုရင် ကမ္ဘာ့ဘဏ်ကအတိုးနှုန်းလျှော့ချမယ်ဆိုတဲ့ သတင်းရယ်၊ ဥရောပအီးယူနိုင်ငံတွေထဲကနေ ဗြိတိန်နိုင်ငံကထွက်မယ်ဆိုတဲ့ သတင်းတွေကြောင့် ကမ္ဘာ့ရွှေဈေးက တက်ခဲ့တာလို့ဆိုရမှာဖြစ် ပါတယ်။ အဲဒီတော့ ကမ္ဘာ့ရွှေဈေးမြင့်တက်လာတာနဲ့အတူ မြန်မာ့ရွှေဈေးကလည်း ထုံးစံအတိုင်းလိုက်တက်တော့တာပါ" ဟု သုံးသပ်ပြောကြားခဲ့သည်။

ဇွန် ၈ ရက်တွင် ကမ္ဘာ့ရွှေဈေးသည် တစ်အောင်စလျှင်အမေရိကန်ဒေါ်လာ ၁၂၄၇ ဖြစ်ပြီး မြန်မာ့ရွှေဈေးမှာ အခေါက်ရွှေတစ်ကျပ်သားလျှင် ငွေကျပ် ၇၈၅၀၀၀ သာရှိနေခဲ့သည်။

ဇွန် ၁၆ ရက် တစ်ရက်တည်းကို ပြန်လည်ကြည့်ပါက နံနက်ဈေးအဖွင့်မှာပင် ကမ္ဘာ့ရွှေဈေးသည် ဒေါ်လာ ၁၃၀၀ မှစတင်ခဲ့ပြီး မြန်မာ့ရွှေဈေးသည် ငွေကျပ် ၈၀၀၀၀၀ ဖြစ်သွားခဲ့သည်။ အချိန်ပိုင်းနှင့် အပြောင်းအလဲများ မြန်ဆန်လာခဲ့ပြီး နေ့လယ်ရွှေဈေးကွက်တွင် အံ့သြလောက်အောင် မြင့်တက်သွားခဲ့သည်။ ကမ္ဘာ့ရွှေဈေး ၁၃၁၂ ဒေါ်လာ ဖြစ်လာသကဲ့သို့ မြန်မာ့ရွှေဈေးမှာလည်း အမီလိုက်တက်လာခဲ့သည်ကို တွေ့ရသည်။ အခေါက်ရွှေတစ်ကျပ်သားလျှင်ငွေကျပ် ၈၁၂၄၀၀ ဖြစ်ခဲ့သည်။

မြန်မာ့ရွှေဈေးကွက်၌ အမြင့်ဆုံးစံချိန်ဖြစ်သွားသည်ဟု သိရသည်။ သို့သော် ညနေဈေးကွက်ပိတ်ချိန်တွင် ကမ္ဘာ့ရွှေဈေးမှာ ၁၃၀၃ သို့ ပြန်ဆင်းသွားရာ မြန်မာ့ရွှေဈေးမှာလည်း ငွေကျပ် ၈၀၈၈၀၀ ဖြင့် ယင်းနေ့အတွက် ဈေးကွက်ပိတ်သိမ်းခဲ့သည်။

စည်းရုံးရေးမှူး ဦးအေးချိုက "အစက သတင်းတွေကြောင့် စံချိန်တင်မြင့်တက်ခဲ့တဲ့ရွှေဈေးကကမ္ဘာ့ဘဏ်ကလည်း အတိုးနှုန်းမချဖြစ်သေးသလို ဗြိတိန်နိုင်ငံကလည်း အီးယူကနေ ထွက်မယ့်ကိစ္စကလည်း ဖြစ်မလာသေးတော့ ကမ္ဘာ့ရွှေဈေးက တဖြည်းဖြည်းနဲ့တော့ ပြန်ကျလာစပြုလာပါပြီ" ဟု ထပ်မံရှင်းပြသည်။

ဇွန် ၁၇ ရက်တွင် ကမ္ဘာ့ရွှေဈေးသည် ၁၂၈၄ ဒေါ်လာဖြင့် ဈေးကွက်ဖော်ခဲ့ပြီး မြန်မာ့ရွှေဈေးသည် ငွေကျပ် ၈၀၂၅၀၀ ဖြစ်သည်။ နေ့လယ်ပိုင်းတွင် ငွေကျပ် ၁၅၀၀ သာ အကျဘက်သို့လှည့်ခဲ့သော်လည်း ညနေဈေးကွက်ပိတ်ချိန်တွင် ကမ္ဘာ့ရွှေဈေး ၁၂၉၈ ဒေါ်လာ ဖြစ်လာသည့်အတွက် မြန်မာ့ရွှေဈေးမှာငွေကျပ် ၈၀၃၄၀၀ ဖြင့်ဈေးကွက်ပိတ်ခဲ့သည်။

ဇွန် ၁၈ ရက်သည် စနေနေ့ဖြစ်သည့်အတွက် ကမ္ဘာ့ရွှေဈေးကွက်ပိတ်သော်လည်း မြန်မာ့ရွှေဈေးကွက်၌ ဈေးအပြောင်းအလဲများ ရှိခဲ့သည်။ ဈေးကွက်ဖွင့်ချိန်တွင်ငွေကျပ် ၈၀၈၀၀၀ ဖြစ်ခဲ့သော ရွှေဈေးသည် ညနေဈေးကွက်ပိတ်ချိန်၌ ငွေကျပ် ၈၀၉၀၀၀ ဖြင့်အဆုံးသတ်ခဲ့သည်။

စည်းရုံးရေးမှူး ဦးအေးချိုက "ကမ္ဘာ့ရွှေဈေးမြင့်တာနဲ့အတူ လိုက်တက်လေ့ရှိတဲ့ မြန်မာ့ရွှေဈေးကငွေကျပ် ၈၀၀၀၀၀ အမြင့်တန်းရောက်လာတာနဲ့ မူလဝယ်ပြီးသားသူတွေက ပြန်ထုတ်ရောင်းလေ့ရှိတတ်ကြတယ်" ဟုပြောသည်။

ရွှေဈေးကွက် အနေအထားကိုကြည့်ပြီး ရွှေအရောင်းအဝယ်ပြုလုပ်နေသူများအနေဖြင့် ယခုလက်ရှိဈေးထက်ပိုရအောင် စောင့်လေ့ရှိသကဲ့သို့ ယခုဖြစ်နေသော ဈေးကိုပင်ကြိုက်၍ ပြန်ထုတ်ရောင်းကြသူများဖြင့် ဈေးကွက်အတွင်း ရောင်းလိုအား ဝယ်လိုအား မျှနေသည့် အနေအထားပင်ရှိနေသည်ဟု သိရသည်။
**သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)**



ကမ္ဘာ့ရွှေဈေးအနိမ့်အမြင့်ကိုကြည့်၍ မြန်မာ့ရွှေဈေးကွက်ကို ဖော်ဆောင်နေသော တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များ အသင်းရုံးမှ ရွှေလုပ်ငန်းရှင်များကို တွေ့ရစဉ်
ဓာတ်ပုံ-ကိုကြီးတင်

## ချင်းပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲ ဇွန် ၂၇ ရက်တွင် ကန်ပက်လက်၌ ကျင်းပမည်

**မန္တလေး ဇွန် ၁၉**

ချင်းပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ကန်ပက်လက်မြို့တွင် ဇွန် ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ကျင်းပမည်ဟု သိရသည်။

"ပြီးခဲ့တဲ့ ဇွန် ၁၅ ရက် ၁၆ ရက်က SMEs အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေးဆွေးနွေးပွဲမှာ SMEs ၂၁ ခုကို ရွေးချယ်ထားပါတယ်။ ကန်ပက်လက်မှာက ခရီးသွားလုပ်ငန်းသီးသန့် ထပ်မံဆွေးနွေးပါမယ်၊ ဒီပွဲက ကျွန်တော့် ဌာနရဲ့ရက် ၁၀၀ အတွင်း ဒုတိယမြောက် Road map ရေးဆွဲတဲ့ပွဲပါ။ ပထမက SMEs ပွဲပါ"ဟု ပြည်နယ် စည်ပင်၊ လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်က ပြောသည်။

ယင်းအလုပ်ရုံဆွေးနွေးပွဲသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန (နေပြည်တော်)နှင့် ပြည်နယ်မှ တာဝန်ရှိသူများ၊ ပြည်နယ်မှ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းတို့မှ လုပ်ငန်းရှင်များနှင့် အထူးဖိတ်ကြားထားသည့် ဒေသခံများတက်ရောက် ရန်ဖိတ်ကြားထားကြောင်းသိရသည်။
**သန့်ဇင်ဝင်း**

## တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် ဇွန် ၁၉**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာစိပ်စိပ်မှ နေရာကျဲကျဲနှင့် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်သည်။
**(မြန်မာ့အလင်း)**

# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဧက ၂၀၀ ခြံ၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

**ရန်ကုန် ဇွန် ၁၉**

"ဒီနေ့က ရန်ကုန်တိုင်းဒေသကြီးရဲ့ မိုးရာသီ သစ်ပင်စိုက်ပွဲတော်ကျင်းပတဲ့နေ့ဖြစ်ပါတယ်။ သစ်ပင်စိုက်ပျိုးတယ်ဆိုတာမြို့ရွာရဲ့အေးချမ်းမှု၊ ကမ္ဘာမြေကြီးရဲ့ အေးချမ်းမှုအတွက် စိုက်ပျိုးကြတာဖြစ်ပါတယ်။ ဒီလိုပဲ နိုင်ငံအေးချမ်းတည်ငြိမ်စွာနဲ့ ဖွံ့ဖြိုးတိုးတက်နိုင်ဖို့အတွက် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို မွေးဖွားခဲ့တဲ့ မွေးနေ့ဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ လှည်းကူးမြို့နယ် မင်းကုန်းကျေးရွာရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်းမြေနေရာ၌ကျင်းပသည့် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ မိုးရာသီ သစ်ပင်စိုက်ပွဲတော်တွင် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

၂၀၁၆ ခုနှစ် မိုးရာသီ၌ အမျိုးသားပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး လှုပ်ရှားမှု သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းအဖြစ် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များအလိုက် ဆောင်ရွက်မည့်အစီအစဉ်ကို သတ်မှတ်ကာလ ရက် ၁၀၀ အတွင်း အပြည့်အဝ အောင်မြင်အောင် အထူးအလေးထား အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ယနေ့ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်တွင် တမလန်း၊ယူကလစ်၊ မန်ကျည်းရှား၊ အော်ရေးရှား၊ မဟော်ဂနီ၊ စိန်ပန်း၊ ပျဉ်းကတိုး၊ ရေတမာ၊ ကံ့ကော်၊ ပိတောက်နှင့် ခရေပင်အပင်မျိုးစုံ စုစုပေါင်း အပင် ၅၀၀၀ စိုက်ပျိုးခဲ့သည်။

ရုပ်ရှင်သရုပ်ဆောင် ဒေါ်နွဲ့နွဲ့စန်းက "ဒီနေ့ သစ်ပင်စိုက်ရတာ ပျော်ပါတယ်။ နောင်လာမယ့် အနုပညာရှင်တွေ ဆက်လက်ပြီး ထိန်းသိမ်းစေချင်ပါတယ်။ ရှေ့ကလုပ်ပေးတဲ့သူက လုပ်ပေးပြီး ဆက်လက်ထိန်းသိမ်းမယ့်သူ မရှိရင် အလကားပဲ။ ဒီနေ့က ဒေါ်အောင်ဆန်းစုကြည်မွေးနေ့လည်း ဖြစ်တဲ့အတွက် မွေးနေ့ နှစ် ၁၀၀ တိုင် ဘုန်းကြီးပြီး သက်ရှည်ပါစေလို့ ဆုတောင်းပေးပါတယ်"ဟု ပြောသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက "မြေဧက ၂၀၀ ဆိုတော့ ခြံက အကျယ်ကြီး၊ ခြံထဲမှာ ရုပ်ရှင်ရိုက်လို့ရအောင် သာသာယာယာလေးဖြစ်အောင် လုပ်ဖို့လိုတယ်။ အခု ဝန်ကြီးချုပ်နဲ့အဖွဲ့က ဒီမှာ ၁၀ ဧကကို အပင် ၅၀၀၀ စိုက်ပေးတယ်၊ ရုပ်ရှင်အဖွဲ့သားတွေကလည်း စိုက်တယ်၊ ဒီနေ့သစ်ပင်စိုက်ပျိုးပွဲနဲ့ ဒေါ်အောင်ဆန်းစုကြည်မွေးနေ့ တိုက်ဆိုင်ပါတယ်။ ပိုပြီးဝမ်းသာပီတိဖြစ်တာကတော့ ရုပ်ရှင်ခြံမြေလေးက သာယာလှပသွားမယ်လို့ ထင်ပါတယ်။ အနာဂတ်မှာ ဒီနေရာက သမိုင်းဝင်မယ့် နေရာဖြစ်လာမှာပါ။ ရုပ်ရှင်အတွက် ဒါပထမဆုံးခြေလှမ်းပါ။ မြေဧက ၂၀၀ လုံး ခြံစည်းရိုးခတ်ပြီးပါပြီ" ဟု ပြောသည်။

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်သို့ တိုင်းဒေသကြီး အစိုးရအဖွဲ့၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ သစ်ပင်ချစ်သူများ စသည့် အသင်းအဖွဲ့အစည်းများ၊ တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်စိုက်ပျိုးကြသည်။

**ရီရီမြင့်၊ဥမ္မာသန့်**



**တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်း၌ ကျင်းပသည့် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ မိုးရာသီ သစ်ပင်စိုက်ပွဲတော်တွင် သစ်ပင်စိုက်ပျိုးပေးစဉ်**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်မွေးနေ့ အထိမ်းအမှတ် ရတနာပုံတက္ကသိုလ်၌ စုပေါင်းသစ်ပင်စိုက်

**မန္တလေး ဇွန် ၁၉**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ရတနာပုံတက္ကသိုလ် ဓမ္မာရုံ၌ ဇွန် ၁၉ ရက်၌ ကျရောက်သော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အသက် ၇၁ နှစ်ပြည့် မွေးနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီက ကျင်းပသည်။

စုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ တိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဦးစိုင်းကျော်ဇော၊ လျှပ်စစ်စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်၊ ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအေးကျော်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် မန္တလေးမြို့မှ လူမှုရေးအဖွဲ့အစည်းများ တက်ရောက်ကြသည်။



တက်ရောက်ကြသူများက ရတနာပုံတက္ကသိုလ်ဓမ္မာရုံဝင်း သတ်မှတ်နေရာများတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အသက် ၇၁ နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် အမြင့်ငါးပေကျော်ရှိ ကံ့ကော်ပင် ၇၁ ပင်တို့ကို စိုက်ပျိုးကြသည်။

အဆိုပါ တက္ကသိုလ်၌ မတ် ၃၁ ရက်က ငြိမ်းချမ်းရေးအထိမ်းအမှတ်အဖြစ် စုပေါင်းသစ်ပင် စိုက်ပျိုးပွဲတော်ကျင်းပခဲ့ပြီး ယခုနှစ် မိုးရာသီကာလတွင် အရိပ်ရပင် ၁၀၀၀ ကို ရှင်သန်အောင် စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# မွေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးခြင်းနှင့် ကုသိုလ်ဒါနပြု

**တောင်ငူ ဇွန် ၁၉**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၁) နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အနေဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးခြင်း သံဃာအပါး ၇၁ ပါးအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် မိဘမဲ့ကလေးများအား ကျွေးမွေးလှူဒါန်းခြင်းတို့ကို ဇွန် ၁၉ ရက် နံနက် ၆ နာရီမှစတင်၍ တောင်ငူမြို့နယ်ရှိဒေသခံများက ပြုလုပ်ခဲ့သည်။

နံနက် ၆ နာရီတွင် တောင်ငူမြို့ စည်ပင်ဂိုဏ်းအုပ်စာသင်တိုက် သံဃာအပါး ၇၁ ပါးကို ဒေါ်အောင်ဆန်းစုကြည်ကို အထိမ်းအမှတ်အဖြစ် ဆွမ်းဆက်ကပ်လှူဒါန်းပြီး နံနက် ၈ နာရီခွဲတွင် ထီးလှိုင်လမ်းမကြီးပေါ်ရှိ TTC ကျောင်းသစ်နေရာ၌ NLD ကိုယ်စားလှယ်များ၊ ပါတီဝင်များ၊ ဒေသခံများစုပေါင်းကာ အရိပ်ရသစ်ပင် ၇၀၀ ကျော်အား စိုက်ပျိုးကြသည်။ ယင်းနောက် မွန်းလွဲပိုင်းတွင် (၁၈) ရပ်ကွက် ဇေယျာသီရိ မိဘမဲ့ကလေးများဂေဟာ၌ NLD လူငယ်များအဖွဲ့က အလှူငွေများ လှူဒါန်းပြီး ဒေါ်အောင်ဆန်းစုကြည်ကို အထိမ်းအမှတ်အဖြစ် နေ့လယ်စာနှင့် အလှူငွေများ လှူဒါန်းကုသိုလ်ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သူရ(တောင်ငူ)**

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်အကူပြု သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ



**စလင်း ဇွန် ၁၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ပေါင်းတူးကျေးရွာအနီးတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်အကူပြု သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၁၉ ရက် နံနက် ၇ နာရီက ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်သစ်တောဦးစီးဌာနမှူး၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ NGO အဖွဲ့အစည်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက ကျွန်းပင် ၅၀ နှင့် ယူကလစ်ပင် ၆၆၀ စုစုပေါင်း ပျိုးပင် ၇၁၀ အား စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# မိုးရာသီသစ်ပင်စိုက်ပျိုး

**ညောင်လေးပင် ဇွန် ၁၉**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ မြို့နယ်သစ်တောဦးစီးဌာနက ရက် ၁၀၀ စီမံချက်ဖြင့် မိုးရာသီ စုပေါင်းသစ်ပင် စိုက်ပျိုးပွဲတော်ကို ဇွန် ၁၅ ရက်က (၁၆) ခုတင်ဆံ့ တိုင်းရင်းဆေးရုံဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံက အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးတင်စိုးက ပျိုးပင်များပေးအပ်ရာ မြို့နယ် တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းရင်းဆေးမှူး ဒေါ်ရီရီဝင်းက လက်ခံရယူသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက ကျွန်း၊ ယူကလစ်၊ မဲဇလီပျိုးပင် စုစုပေါင်း အပင် ၅၀၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# သထုံမြို့နယ်၌ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**သထုံ ဇွန် ၁၉**

မွန်ပြည်နယ် သထုံမြို့နယ် ဇရစ်ချောင်းကျေးရွာအုပ်စု အမက(လေသာကုန်း) ကျောင်းဝင်းအတွင်း၌ ဇွန် ၁၉ ရက် နံနက် ၈ နာရီက မွန်ပြည်နယ်အစိုးရအဖွဲ့က ဦးဆောင်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၁) နှစ်ပြည့် မွေးနေ့အဖြစ် သစ်ပင်စိုက်ပွဲ ကျင်းပသည်။ အခမ်းအနားသို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်မာမာခိုင်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာ ဇော်လင်းထွင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်နှင့် ခရိုင် မြို့နယ် အဆင့် တာဝန်ရှိသူများ၊ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြမြကြိုင်နှင့် အဖွဲ့ဝင်များ၊ တိုင်းရင်း သားယဉ်ကျေးမှု ကိုယ်စားလှယ်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်း သူများနှင့် ဒေသခံပြည်သူ ၂၅၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။

**ကိုမျိုး(ရွှေပေါက်ကံ)**



# ပြည်ပသို့သွားရောက်လုပ်ကိုင်ကြသည့် အလုပ်သမားများအတွက်အခက်အခဲများအား ၂၄ နာရီမပြတ် အကူအညီပေးမည်

**သတင်းဆောင်းပါး-ခင်ရတနာ၊**

**ဓာတ်ပုံ-မေဦးမိုး**



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင်ဖွင့်လှစ်ထားသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ သတင်းပို့ရာနေရာ၌ မြန်မာရွှေ့ပြောင်းအလုပ်သမားများ သတင်းပို့နေကြသည်ကို တွေ့ရစဉ်

မြန်မာရွှေ့ပြောင်း အလုပ်သမားများအနေဖြင့် ပြည်ပနိုင်ငံများတွင် အလုပ်သွားရောက်လုပ်ကိုင်မှု များပြားလျက်ရှိရာ အလုပ်သမားများ၏အရေးကိစ္စနှင့် တရားဝင်အလုပ်အကိုင်ရရှိရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အလုပ်သမားအခွင့်အရေးကိစ္စရပ်များ အစစအဆင်ပြေစေရေးအတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပိုမိုတိုးချဲ့လုပ်ကိုင်လာသည်ကို မြင်တွေ့ရသည်။

အပြာရောင်ဆင်တူဝတ်ဆင်ထားသည့် လူငယ်တစ်စုက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အတွင်း ဖွင့်လှစ်ထားသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများသတင်းပို့ရာနေရာတွင် သတင်းပို့နေကြသည်။ မကြာမီ သူတို့အားလုံး ကိုရီးယားနိုင်ငံသို့ ထွက်ခွာသွားကြပြီး သင့်လျော်ရာလုပ်ငန်းခွင်များ၌ တာဝန်ထမ်းဆောင်ကြတော့မည်။ လိုက်ပါပို့ဆောင်ပေးသည့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ရွှေ့ပြောင်းအလုပ်သမားဌာနမှ တာဝန်ရှိသူများက နိုင်ငံရပ်ခြားတွင် နေထိုင်အလုပ်လုပ်ကြတော့မည့်သူများအတွက် ဆောင်ရန်၊ ရှောင်ရန်များနှင့် အရေးပေါ်ဆက်သွယ်နိုင်မည့် လမ်းညွှန်ချက်များကို ထပ်တလဲလဲ သတိပေးပြောဆိုသံများကို ကြားရသည်။

“ပြည်ပနိုင်ငံတွေမှာသွားရောက်လုပ်ကိုင်ကြတဲ့ မြန်မာနိုင်ငံသားတွေ တရားဝင်သွားရောက်မှုဖြစ်လာရေးနဲ့ အလုပ်သမားတွေကို ကာကွယ်စောင့်ရှောက်မှုပေးနိုင်ဖို့ သက်ဆိုင်ရာနိုင်ငံတွေရဲ့ဥပဒေတွေနဲ့အညီ ခံစားခွင့်တွေ ပိုပြီးရရှိနိုင်ဖို့ ပြည်ပအလုပ်လုပ်ကိုင်မှု ကြီးကြပ်ရေးကော်မတီကနေ ဆောင်ရွက်ပေးနေပါတယ်။

“ဒါ့အပြင် ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီရေးဗဟိုဌာန( Migrant Workers Resource Center ) နဲ့ Complaints Mechanism Center တွေကို ဖွင့်လှစ်ထားပြီး ၂၄ နာရီပတ်လုံး ဝန်ကြီးဌာနမှ တာဝန်ရှိသူတွေက အလုပ်သမားရေးရာကိစ္စတွေကို ကူညီလက်ခံဖြေရှင်းပေးနေတာဖြစ်ပါတယ်”ဟု အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်



ကရင်ပြည်နယ် ဘားအံမြို့ရှိ ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီရေးဗဟိုဌာနသို့ ရွှေ့ပြောင်းလုပ်သားများ လာရောက်ဆက်သွယ်ကြသည်ကို တွေ့ရစဉ်

ဦးမျိုးအောင်က ရှင်းပြသည်။

၁၉၉၀ ပြည့်နှစ်မှစတင်ကာ ပြည်ပနိုင်ငံများသို့ ရွှေ့ပြောင်းလုပ်သားများစတင်သွားရောက်လုပ်ကိုင်ကြပြီး ၁၉၉၉ ခုနှစ် ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေအရ ၁၉၉၉ ခုနှစ်တွင် ပြည်ပအလုပ်အကိုင်လိုင်စင်ရ အကျိုးဆောင်ကုမ္ပဏီများကို တရားဝင်စတင်ခွင့်ပြုပေးခဲ့ရာ လက်ရှိအချိန်တွင် အကျိုးဆောင်အေဂျင်စီစုစုပေါင်း ၂၅၃ ခု အထိရှိလာကြောင်း သိရသည်။

“မှန်ကန်တဲ့ အကျိုးဆောင်တွေဖြစ်ဖို့ လိုအပ်သလို တရားဝင်သွားရောက်ခွင့်ရဖို့လည်း လိုအပ်ပါတယ်။ အခုနောက်ပိုင်းမှာ အေဂျင်စီတွေအများကြီးဖြစ်လာတော့ ရွေးချယ်စရာ ပိုပြီးရလာပါတယ်။ ဒါပေမယ့် မှန်ကန်ပြီး နာမည်ရတဲ့ ကုမ္ပဏီတွေကို ရွေးချယ်တတ်ဖို့တော့ လိုအပ်တယ်။ အချို့ကုမ္ပဏီတွေက မူလကြော်ငြာထားတာနဲ့ ကွဲလွဲတာမျိုးတွေရှိတဲ့အခါ အလုပ်သမားတွေက တာဝန်ရှိသူတွေဆီ အကူအညီတောင်းကြတယ်။ အရင်က ပြဿနာဖြစ်ပေမယ့် ဒီကိုပြန်ရောက်မှ ဖြေရှင်းရတာမျိုးတွေရှိခဲ့တယ်။ နောက်ပိုင်းမှာ အလုပ်သမားသံအရာရှိတွေရှိလာတော့ အရင်ထက် အများကြီးအဆင်ပြေလာတယ်။ အလုပ်သမားအချင်းချင်း ပူးပေါင်းဆောင်ရွက်နေကြတဲ့ အဖွဲ့အစည်းတွေလည်းရှိလာတော့ အရင်ထက်စာရင် အများကြီးအလုပ်သွားလုပ်ရတာကောင်းလာပါတယ်”ဟု မလေးရှားနိုင်ငံတွင် သွားရောက်အလုပ်လုပ်ခဲ့ဖူးသူ ကိုဇင်မင်းထွန်းကပြောသည်။

ပြည်ပသို့သွားရောက် အလုပ်လုပ်ကိုင်လျက်ရှိသော အလုပ်သမားများသည် ထိုင်းနိုင်ငံသို့ အများဆုံးနှင့် မလေးရှားနိုင်ငံသို့ ဒုတိယအများဆုံး သွားရောက်အလုပ်လုပ်ကြသည်။ တောင်ကိုရီးယား၊ စင်ကာပူနှင့် ဂျပန်နိုင်ငံများသို့ သွားရောက်လုပ်ကိုင်မှုများလည်းရှိပြီး အခြားနိုင်ငံများသို့လည်း သွားရောက်မှုမှာ လူနည်းစုသာဖြစ်ကြောင်း သိရသည်။

လစဉ် ပြည်ပထွက်ခွာမှုစာရင်းများအရ ထိုင်းနိုင်ငံသို့ ၆၀၀၀ ခန့်၊ မလေးရှားနိုင်ငံသို့ ၃၀၀၀ ခန့်၊ ဂျပန်နိုင်ငံသို့ ၂၀၀ ခန့်၊ စင်ကာပူနိုင်ငံသို့ ၁၀၀ ခန့်နှင့် တောင်ကိုရီးယားနိုင်ငံသို့ ၆၀၀ ခန့်ရှိကြောင်း သိရသည်။

ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် မြန်မာရွှေ့ပြောင်းအလုပ်သမား သုံးသန်းကျော်ရှိသည်ဟု ပညာရှင်များက ခန့်မှန်းထားကြသည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် အလုပ်သမားသံအရာရှိနှစ်ဦးစီနှင့် ကိုရီးယားသမ္မတနိုင်ငံတွင် အလုပ်သမားသံအရာရှိတစ်ဦးကို စေလွှတ်ထားပြီး အလုပ်သမားများ ကြုံတွေ့နေရသည့်အရေးကိစ္စများကို ဖြေရှင်းညှိနှိုင်းပေးရန်၊ အလုပ်သမားများကို ကာကွယ်စောင့်ရှောက်ပေးရန်အတွက် ခန့်အပ်ထားကြောင်း သိရသည်။

အလုပ်သမားများ တရားဝင်ပြည်ပသို့ သွားရောက်သည့်အခါ ပထမဆုံးအနေဖြင့် အလုပ်ရှင်၊ အလုပ်သမားသဘောတူစာချုပ် ချုပ်ဆိုသွားရန် ဝန်ကြီးဌာနမှ ညွှန်ကြားထားပြီး စာချုပ်သက်တမ်း၊ လုပ်ခလစာ၊ အချိန်ပို၊ လုပ်ငန်းအမျိုးအစား၊ စား၊ ဝတ်၊ နေရေးသဘောတူညီမှု၊ ခရီးသွားလာခွင့်၊ အပြန်စရိတ်နှင့် ဆေးကုသခွင့်စသည့် အခြေခံအချက်များနှင့် အလုပ်သမားများ၏ လိုက်နာရမည့် စည်းကမ်းများကိုထည့်သွင်းထားပြီး ယင်းတို့ကို တရားဝင်လိုင်စင်ရ အေဂျင်စီများက ဦးစီးဌာန၏ တာဝန်ရှိသူများရှေ့မှောက်တွင် ညှိနှိုင်းချုပ်ဆိုပေးရန် ဆောင်ရွက်ပေးထားကြောင်း အဆိုပါဝန်ကြီးဌာနမှ သိရသည်။

ထို့ပြင် အလုပ်သမားများကို စေလွှတ်ရာတွင် နိုင်ငံ အလိုက်သတ်မှတ်ရမည့် အကျိုးဆောင်ခများကိုလည်း ဝန်ကြီးဌာနမှ သတ်မှတ်ပေးထားပြီး မလေးရှားနိုင်ငံသို့ အလုပ်သမားတစ်ဦး ပို့ဆောင်မှုအတွက် ကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၈၅၀ နှင့် မြန်မာငွေကျပ် ၂၅၅၀၀ နှင့် ထိုင်းနိုင်ငံသို့ အလုပ်သမားတစ်ဦး ပို့ဆောင်မှုအတွက် ဘတ်တစ်သောင်းနှင့် မြန်မာငွေကျပ်တစ်သိန်းခွဲစသည်ဖြင့် ကန့်သတ်ထားပြီး ပိုမိုတောင်းခံပါက အလုပ်သမားများအနေဖြင့် တိုင်ကြားနိုင်ကြောင်း သိရသည်။

“ဝန်ကြီးဌာနအနေနဲ့ လုပ်သားဈေးကွက်ကို ဖွင့်ပေးထားပါတယ်။ ရွှေ့ပြောင်းလုပ်သားတွေဟာ နိုင်ငံတော်ကို တစ်ဖက်တစ်လမ်းကနေ ဝင်ငွေရရှိအောင် လုပ်ဆောင်ပေးနေသူတွေဖြစ်သလို သူတို့ရဲ့အခက်အခဲတွေ၊ ပြဿနာတွေကိုလည်း အတတ်နိုင်ဆုံး ကူညီဖြေရှင်းပေးနေပါတယ်။ အဆင်မပြေမှုတွေမှာ အလုပ်သမားတွေဘက်က အခက်အခဲ၊ အလုပ်ရှင်ဘက်က အခက်အခဲနဲ့ အေဂျင်စီတွေဘက်က အခက်အခဲအားလုံးကို ညှိနှိုင်းပေးရတာဖြစ်ပါတယ်။ အများဆုံးဖြေရှင်းပေးရတာကတော့ မူလပြောတဲ့အလုပ်နေရာနဲ့ တကယ်လုပ်ရတဲ့နေရာမတူတာ၊ လုပ်ငန်းအမျိုးအစား မတူတာတွေ အများဆုံးကြုံရတယ်။ ကလေးတွေက တိုင်တယ်ဆိုရင် အမှုကိုစိစစ်ပြီး အေဂျင်စီတွေကို လအလိုက်၊ နှစ်အလိုက် ယာယီရပ်စဲတာ၊ အပြီးပိတ်သိမ်းခိုင်းတာတွေနဲ့ စည်းကမ်းထိန်းသိမ်းထားပါတယ်” ဟု အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်နွေဦးက ပြောသည်။

သို့သော် ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသူများသည် အလုပ်ချိန်ကြာမြင့်ခြင်း၊ ဘာသာစကားနှင့် ဓလေ့ထုံးစံတို့မတူညီခြင်း၊ မိသားစုနှင့်ဝေးကွာနေရခြင်း၊ ရာသီဥတုကွာခြားခြင်း၊ လုပ်ခလစာနည်းပါးခြင်း စသည့်အခက်အခဲများရှိသည်ကို ကြိုတင်တွက်ဆထားကြရန် လိုအပ်ကြောင်း ဒေါ်ခင်နွေဦးက အကြံပြုသည်။

“ကိုယ်မှန်းတဲ့အတိုင်းဖြစ်လာဖို့က ရာခိုင်နှုန်းအတော်နည်းပါတယ်။ သို့သော် ကိုယ့်နိုင်ငံမှာထက် ပင်ပန်းသလို ဝင်ငွေကလည်း ကိုယ့်ဆီမှာထက် ပိုရတာမျိုးရှိတော့ ပင်ပန်းသမျှကို ခံနိုင်ရည်ရှိကြဖို့ ပြောချင်ပါတယ်။ နိုင်ငံခြားရောက်သွားရင် ကိုယ့်မြန်မာလူမျိုးချင်းတောင် မယုံရပါဘူး။ အခြားသူတွေကလည်း အနိုင်ကျင့်တာမျိုးရှိတယ်။ အပျော်အပါးတွေကလည်း လက်တစ်ကမ်းမှာတင်ရှိတော့ အမှန်တကယ်ထိန်းသိမ်းနေတတ်ဖို့ အများကြီးလိုအပ်ပါတယ်။ ဖြစ်နိုင်ရင် တရားဝင်သွားတာကောင်းတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ရောက်လာရင် အလုပ်သမားတွေဖွဲ့ထားတဲ့ အဖွဲ့အစည်း၊ လူမှုအဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ထားသင့်သလို အလွယ်တကူဆက်သွယ်လို့ရမယ့် ဖုန်းတွေကိုလည်း မှတ်သားထားသင့်တယ်”ဟု ထိုင်းနိုင်ငံ မဲဆောက်မြို့တွင် အလုပ်လုပ်ကိုင်နေသူကိုကြာရစ်က သူ့အတွေ့အကြုံကို ပြောသည်။

ထို့ပြင် တရားဝင်သွားရောက်ရန်အတွက် အေဂျင်စီများကိုရွေးချယ်ရာတွင် အလုပ်သမားရုံးမှ တရားဝင်ထုတ်ပေးထားသည့် အကျိုးဆောင်လိုင်စင် ရှိ မရှိ၊ ပြည်ပမထွက်ခွာမီ လုပ်ငန်းခွင် အကြိုသင်တန်းပေးခြင်း ရှိ မရှိ၊ လုပ်ငန်းလိုင်စင်ရှိ မရှိ၊ အေဂျင်စီ၏ သမိုင်းကြောင်းနှင့် အေဂျင်စီနှင့်ဆက်သွယ်သည့် ကိုယ်စားလှယ်များမှန်ကန်မှု ရှိ မရှိကို သေချာစွာ စုံစမ်းသင့်ပြီး စုံစမ်းရန်အခက်အခဲရှိပါက မြို့နယ်များရှိ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများသို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။

“ကျွန်မက တရားမဝင်သွားခဲ့ဖူးပါတယ်။ အများအခေါ်ကတော့ အောက်လမ်းကပါ။ နေခဲ့တဲ့ သုံးနှစ်စလုံး စက်ရုံထဲကနေ အပြင်ကိုလုံးဝမထွက်ခဲ့ရပါဘူး။ လစာကလည်း သူများထက်နည်းသလို နေထိုင်မကောင်းဖြစ်ရင် ဆေးကုဖို့မလွယ်လို့ နေကောင်းအောင် တစ်ချိန်လုံးဂရုစိုက်နေခဲ့ရပါတယ်။ ကျွန်မသူငယ်ချင်းတစ်ယောက်ဆိုရင် နေမကောင်းဖြစ်လို့ ဆေးမကုနိုင်ဘဲ မျက်စိရှေ့မှာတင် သေဆုံးသွားတာကြုံရတယ်။ ဝမ်းနည်းစရာကောင်းတဲ့နေ့ရက်တွေပါ။ ကိုယ့်နိုင်ငံသားချင်းတောင် ရေခြားမြေခြားမှာ ကူညီနိုင်တာအားနည်းပါတယ်။ အဲဒါကြောင့် အခုနောက်တစ်ခေါက်မှာ တရားဝင်ထွက်ခဲ့တယ်။ ကျွန်မအခု ခုနစ်နှစ်ရှိသွားပြီး ကိုယ့်ပတ်ဝန်းကျင်က မြန်မာတွေကိုလည်း အကူအညီပေးဖြစ်တယ်” ဟု ထိုင်းနိုင်ငံရောက် တွဲလက်ညီ လူမှုကူညီရေးအဖွဲ့မှ မမြဉ္ဇူက ပြောသည်။

ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီရေးဗဟိုဌာနများကို ရန်ကုန်၊ မန္တလေး၊ မကွေး၊ ဘားအံ၊ မော်လမြိုင်၊ ကျိုင်းတုံ၊ မိတ္ထီလာ၊ မြင်းခြံ၊ ကျောက်ဆည်၊ ထားဝယ်နှင့် မြဝတီများရှိ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများ၌ ဖွင့်လှစ်ထားပြီး ပြည်ပသို့ သွားရောက်လုပ်ကိုင်လိုသူများ တရားဝင်ရွှေ့ပြောင်းသွားလာနိုင်ရေးအတွက် လုပ်ငန်းစဉ်များနှင့် အချက်အလက်များကို ဖြေကြားကူညီပေးလျက်ရှိသည်။

ထို့ပြင် အရေးပေါ်ကြုံတွေ့နေရသည့် မြန်မာအလုပ်သမားများ၏ လိုအပ်ချက်များအတွက် ကူညီပေးနိုင်ရန် Complaints Mechanism Center ကို နေပြည်တော်နှင့် ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတို့တွင် ဖွင့်လှစ်ထားပြီး ဖုန်း -၀၆၇-၄၃၀၁၀၈၄၊ ၀၆၇-၄၃၀၂၈၄၊ ၀၁-၆၅၀၀၉၉ နှင့် ၀၁-၆၅၀၁၈၇ တို့သို့ ၂၄ နာရီပတ်လုံး ဆက်သွယ်နိုင်ကြောင်း သိရသည်။ အရေးပေါ်အခြေအနေများတွင် အလုပ်သမားများအတွက် လိုအပ်ချက်များကို ဖြေရှင်းပေးနိုင်ရန် မလေးရှားနိုင်ငံဆိုင်ရာ အလုပ်သမားသံအရာရှိ ဖုန်း-၆၀၁၁၂၃၅၀၅၇၁၀၊ ထိုင်းနိုင်ငံဆိုင်ရာ အလုပ်သမားသံအရာရှိ ဖုန်း-၆၆၀၈၆၇၇-၄၆၈၂၅ နှင့် ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံး ၀၀၈၂၂၇၉၀၃၈၄၃ တို့ကို ဆက်သွယ်နိုင်ကြောင်း သိရသည်။ အီးမေးလ်အနေဖြင့် complaint.moles @ gmail.com သို့ ဆက်သွယ်ကာ အလုပ်သမားဆိုင်ရာအရေးကိစ္စများကို အချိန်နှင့်တစ်ပြေးညီတိုင်ကြားနိုင်ပြီး အကူအညီများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီရေးဗဟိုဌာနများကို ရန်ကုန်၊ မန္တလေး၊ မကွေး၊ ဘားအံ၊ မော်လမြိုင်၊ ကျိုင်းတုံ၊ မိတ္ထီလာ၊ မြင်းခြံ၊ ကျောက်ဆည်၊ ထားဝယ်နှင့် မြဝတီများရှိ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများ၌ ဖွင့်လှစ်ထားပြီး ပြည်ပသို့ သွားရောက်လုပ်ကိုင်လိုသူများ တရားဝင်ရွှေ့ပြောင်းသွားလာနိုင်ရေးအတွက် လုပ်ငန်းစဉ်များနှင့် အချက်အလက်များကို ဖြေကြားကူညီပေးလျက်ရှိ**

“အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံခြားမှာ အလုပ်သွားလုပ်နေတဲ့ ကလေးတွေကို ပြောချင်ပါတယ်။ ကျွန်မတို့ဌာနတွေကနေ ၂၄ နာရီပတ်လုံး အကူအညီတွေပေးဖို့ အဆင်သင့်ရှိနေပါတယ်။ ဘယ်လိုပြဿနာပဲကြုံကြုံ ကျွန်မတို့ဆီကို ဆက်သွယ်နိုင်ပါတယ်။ ဆက်သွယ်တဲ့နေရာမှာလည်း ဖုန်းခေါ်ရတာ အခက်အခဲရှိတာကြောင့် အမည်၊ စက်ရုံလိပ်စာအတိအကျနဲ့ ပတ်စ်ပို့နံပါတ်တွေကို အရင်ဆုံးပြောပြပြီး ပြဿနာတွေကို ဆက်ပြောစေချင်တယ်။ အများစုက ပြဿနာတွေပြောပြီး ဖုန်းကျသွားတတ်တော့ သူတို့ကို ပြန်ဆက်သွယ်တဲ့အခါ အများကြီး အခက်အခဲဖြစ်တယ်။ အားလုံးပျော်ပျော်ရွှင်ရွှင်နဲ့ အလုပ်လုပ်ကိုင်နိုင်တာကို မြင်တွေ့ချင်တယ်”ဟု ဒေါ်ခင်နွေဦးက ပြောသည်။

# အလုပ်လုပ်နိုင်သူတိုင်း အလုပ်အကိုင်ရရှိရေးဆောင်ရွက်မည်

**ရန်ကုန်   ဇွန်   ၁၉**

အစိုးရသစ်အနေဖြင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပြည်သူလူထု၏ ဆင်းရဲမှုလျှော့ချရေးအတွက် အလုပ်လုပ်နိုင်သူတိုင်း အလုပ်အကိုင်ရရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြောသည်။

"ကျွန်တော်တို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေနဲ့ ပြည်ထောင်စုနယ်မြေတိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၅ ခုတို့မှာ အလုပ်အကိုင်နှင့်အလုပ်သမားရှာဖွေရေးရုံး ၇၈ ရုံးဖွင့်လှစ်ပြီး အလုပ်ရှာဖွေလိုသူ အလုပ်သမားတွေကို မှတ်ပုံတင်ပေးတာ၊ အလုပ်သမားအလိုရှိတဲ့ အလုပ်ရှင်များထံမှ အမှာစာတွေလက်ခံတာ၊ အမှာစာအရကိုက်ညီတဲ့ အလုပ်သမားတွေစုဆောင်းပေးပို့တာ၊ ရွေးချယ်သူတွေကို အလုပ်ခန့်ထားပေးရေးဆောင်ရွက်မှုစတဲ့ အလုပ်အကိုင်ရရှိရေးကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုတိုးတက်ရရှိဖို့အတွက် သွားလာဖို့ခက်ခဲပြီး ရုံးဖွင့်လှစ်နိုင်မှုမရှိသေးတဲ့ ဒေသတွေကို လစဉ် Mobile Team ကွင်းဆင်းဆောင်ရွက်ပေးတာ၊ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနနဲ့ ပြည်တွင်းပြည်ပအေဂျင်စီတွေ ပူးပေါင်းကာ တစ်နေရာတည်းမှာ OneStop Service နဲ့ အလုပ်အကိုင်ရရှိရေး ဆောင်ရွက်ပေးတဲ့ အလုပ်အကိုင် အခွင့်အလမ်းပြပွဲ Job Fair တွေကိုလည်း ပြုလုပ်ပေးခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် ၁၅ ကြိမ်၊ မန္တလေးတိုင်းဒေသကြီးတွင် ခြောက်ကြိမ်၊ မကွေးတိုင်းဒေသကြီးတွင် တစ်ကြိမ်၊ ဧရာဝတီတိုင်းဒေသကြီးတွင် တစ်ကြိမ် စုစုပေါင်း ၂၃ ကြိမ် ကျင်းပပေးခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုအလုပ်အကိုင်ပြပွဲတွေ ဆောင်ရွက်ပေးမှုမှ အလုပ်အကိုင်ရရှိသူ ၇၅ ရာခိုင်နှုန်းရှိကြောင်း အသိပေးလိုပါတယ်"ဟု ဝန်ကြီးက ရန်ကုန်မြို့ ရှင်စောပုလမ်းရှိ Myanmar Event Park ၌ ယနေ့နံနက်ပိုင်းတွင် MyJobs.com.mm မှ ကျင်းပသည့် ရန်ကုန်အလုပ်အကိုင်ပြပွဲ အခမ်းအနားတွင် ပြောသည်။

"ဒီအလုပ်အကိုင်ပြပွဲကြီးက အလုပ်လုပ်ချင်သူတွေနဲ့ အလုပ်ခန့်ချင်သူတွေ တစ်နေရာတည်းမှာ တွေ့ဆုံပေးလိုက်တဲ့ပွဲကြီးဖြစ်ပါတယ်။ ဒီအလုပ်အကိုင်ပြပွဲမှာ မြန်မာလူငယ်တစ်သောင်းကျော် လာရောက်အလုပ်လျှောက်ထားလိမ့်မယ်လို့ ခန့်မှန်းရပါတယ်"ဟု အမြဲတမ်းအတွင်းဝန်ဦးမျိုးအောင်က ပြောသည်။

အဆိုပါ အလုပ်အကိုင်ပြပွဲကြီးတွင် ပြည်တွင်းပုဂ္ဂလိကဘဏ်များ၊ ဆက်သွယ်ရေးကုမ္ပဏီများ၊ လေကြောင်းလိုင်းများ၊ စီးပွားရေးဆိုင်ရာသင်တန်းကျောင်းများ၊ ဆောက်လုပ်ရေးနှင့်အိမ်ရာလုပ်ငန်းများ၊ ထုတ်လုပ်ရေးလုပ်ငန်းများ အပါအဝင် အလုပ်အကိုင်ခေါ်ယူရေး ပြခန်းပေါင်း ၇၃ ခန်း ပါဝင်ပြသခဲ့ကြောင်း၊ အလုပ်ရှင်များအနေဖြင့် မိမိတို့လုပ်ငန်းခွင်နှင့်အံ့ဝင်ခွင်ကျရှိမည့် အလုပ်သမားများကို တိုက်ရိုက်အင်တာဗျူးပြီး ခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

အလုပ်အကိုင်ပြပွဲများ ကျင်းပခြင်းသည် အလုပ်ရှင်နှင့် အလုပ်သမားတိုက်ရိုက်ထိတွေ့ပြီး အလုပ်ခန့်ထားမှု ထိရောက်မှုရှိသော လုပ်ငန်းစဉ်တစ်ခုဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-သက္က**




# ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေး ကြိုတင်ဆောင်ရွက်နိုင်ရန် ကျပ်သိန်း ၁၀၀၀ လှူ

**စစ်တွေ   ဇွန်   ၁၉**

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်းသည် ရခိုင်ပြည်နယ် အစိုးရအဖွဲ့သို့ မြန်မာနိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်ကျရောက်ခြင်း ကြုံတွေ့လာပါက အများပြည်သူအတွက် သက်ဆိုင်ရာဒေသများအလိုက် ကယ်ဆယ်ရေးလုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် ရည်ရွယ်၍ ဇွန် ၁၇ ရက်တွင် ဒုတိယအထွေထွေမန်နေဂျာ ဦးစံမြက ငွေကျပ်သိန်း ၁၀၀၀ ကို ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးတင်မောင်ဆွေထံ ပေးအပ်ခဲ့သည်။

အဆိုပါ အလှူငွေပေးအပ်ပွဲတွင် ဦးစံမြက ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းရဲ့ စီစဉ်ညွှန်ကြားမှုဖြင့် လှူဒါန်းရခြင်းဖြစ်ကြောင်း၊ မနှစ်က ရေကြီး၊ ရေလျှံ၊ မြေပြိုမှုဖြစ်ပွားချိန်အတွင်း ဖောင်ဒေးရှင်းအနေဖြင့်လည်းကောင်း၊ အခြားပရဟိတအဖွဲ့များနှင့်လည်းကောင်း၊ ခက်ခက်ခဲခဲဖြင့် လူအား၊ ငွေအားနှင့် ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြရကြောင်း၊ အချို့လမ်းပန်းဆက်သွယ်ရေးပြတ်တောက်ပြီး ဝေးလံခေါင်သီသောဒေသများသို့ ကယ်ဆယ်ရေးပစ္စည်းများရောက်ရှိရန် နှောင့်နှေးကြန့်ကြာမှုများ ကြုံတွေ့ခဲ့ရကြောင်း၊ ယင်းအခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက် ယခုလို သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန်အတွက် လှူဒါန်းရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ အဆိုပါ အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ အစိုးရအဖွဲ့တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း (BFM) သည် ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း၏ ဦးဆောင်မှုဖြင့် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်း တိုက်ခတ်မှုကြောင့် သဘာဝဘေးဒဏ်သင့်ပြည်သူများကို ကူညီထောက်ပံ့ခြင်း၊ ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ နိုင်ငံတစ်ဝန်း သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါတိုင်းတွင် ငွေအား၊ လူအားဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ၂၀၁၅ ခုနှစ်တွင် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု (နိုင်ငံတော်နှင့် ပြည်သူတို့၏ လူမှုရေးအကျိုးပြုမှု အကောင်းဆုံးလူမှုရေးအသင်းအဖွဲ့ဆု)နှင့် နိုင်ငံတကာအဖွဲ့အစည်းဖြစ်သော အင်္ဂလန်နိုင်ငံ Euromoney အဖွဲ့အစည်း၏ လူမှုရေးအကျိုးပြုလုပ်ငန်းဆိုင်ရာ အကောင်းဆုံးဆု (Euromoney Achievement Award for CSR) ဆုတို့ကို ရရှိခဲ့ကြောင်း သိရသည်။

**သနိုင်ဦး**






# မိုးကုတ်မြို့၌ ၂၁ ရာစု ပင်လုံညီလာခံထောက်ခံပွဲနှင့် ဒေါ်အောင်ဆန်းစုကြည်မွေးနေ့ပွဲ ကျင်းပ

**မိုးကုတ်   ဇွန်   ၁၉**

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့ မဏိရတနာခန်းမ၌ ၂၁ ရာစုပင်လုံညီလာခံကို ထောက်ခံခြင်းနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၁)နှစ်ပြည့် မွေးနေ့ပွဲကို ဇွန် ၁၉ ရက်က မန္တလေးတိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်လူငယ်များ ဦးဆောင်ကျင်းပခဲ့ရာ တိုင်းရင်းသားပေါင်းစုံနှင့် ပါတီပေါင်းစုံမှ တက်ရောက်ခဲ့သည်။

"ပင်လုံညီလာခံတစ်ခုအတွက်သာမဟုတ်ဘဲ တစ်တိုင်းပြည်လုံးငြိမ်းချမ်းရေးအတွက် ကျင်းပတာလည်းဖြစ်တယ်။ မိုးကုတ်မြို့နယ်မှာရှိတဲ့ တိုင်းရင်းသားတွေအားလုံးနဲ့ ပါတီတွေက ထောက်ခံတဲ့ပွဲလို့ပြောနိုင်ပါတယ်။ ဒီနေ့မှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့မွေးနေ့လည်းကျင်းပတာ ဖြစ်ပါတယ်"ဟု မိုးကုတ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်(ခ) ဦးနိုင်ငံကျော် ကပြောသည်။

အဆိုပါအခမ်းအနားတွင် တိုင်းရင်းသားပေါင်းစုံပါဝင်သည့် ရိုးရာယဉ်ကျေးမှုပဒေသာကပွဲများ၊ ကဗျာ၊ ဂီတပွဲတော်နှင့် စာပေဟောပြောပွဲများပြုလုပ်ခဲ့ပြီး ဒေသခံများလည်း တက်ရောက်အားပေးခဲ့ကြသည်။

'စစ်မှန်တဲ့ ဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စုဖြစ်ဖို့ ပထမဆုံးခြေလှမ်းဖြစ်လို့ ကြိုဆိုထောက်ခံတယ်။ မိုးကုတ်ဆိုတာက တိုင်းရင်းသားပေါင်းစုံ မှီတင်းနေထိုင်တာများပါတယ်။ လူမျိုးစုတစ်ခုနဲ့တစ်ခု၊ ပါတီတစ်ခုနဲ့တစ်ခုကြားမှာ စည်းလုံးပြီး တိုင်းပြည်ဖွံ့ဖြိုးဖို့ ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်တဲ့ ပင်လုံညီလာခံကိုထောက်ခံတယ်ဆိုတာအများကြီးတွေ့ရတယ်"ဟု ၈၈ ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးစိုးဌေးက ပြောသည်။

ယခုပွဲတော်မှ တိုင်းရင်းသားအချင်းချင်းရင်းနှီးမှုနှင့် နွေးထွေးမှုပိုမိုလာသည့်အပြင် ရိုးရာဓလေ့ယဉ်ကျေးမှုများကို လူငယ်များအကြား သိရှိရင်းနှီးလာမည်ဖြစ်ပြီး ပင်လုံစိတ်ဓာတ်ကို ပိုမိုဖြစ်ပေါ်စေနိုင်ကြောင်း ဆက်လက်ပြောကြားသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## မုတ်သုံလေ အားနည်းနေမည်   ၁၉-၆-၂၀၁၆

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေအားနည်းနေမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

(မိုး/ဇလ)

## ရှေးဦးပြုစုခြင်း ကြက်ခြေနီသင်တန်းဖွင့်

**မုဒုံ   ဇွန်   ၁၉**

မုဒုံမြို့နယ် ဘိုးဘွားရိပ်သာ မေတ္တာစံအိမ် သက်ကြီးရွယ်အိုနေ့ပိုင်း စောင့်ရှောက်ရေးအဖွဲ့နှင့် မြို့နယ်ကြက်ခြေနီအသင်းခွဲတို့ ကြီးမှူး၍ ရှေးဦးပြုစုခြင်း အခြေခံကြက်ခြေနီသင်တန်းကို ဇွန်လဒုတိယပတ်က မြို့နယ်ဘိုးဘွားရိပ်သာခန်းမ၌ ကျင်းပခဲ့သည်။ သင်တန်းကို အပတ်စဉ် တနင်္လာနေ့တိုင်း (ဩဂုတ်လနောက်ဆုံးပတ်အထိ) စာတွေ့လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်သည်။

**ကိုချစ်**

# မိတ္ထီလာတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့်ငွေကြေးအား တိုင်းဒေသကြီးအစိုးအရအဖွဲ့ထံ တင်ပြတောင်းခံမည်



**မိတ္ထီလာ ဇွန် ၁၉**

မိတ္ထီလာတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလုပ်ငန်းများကို အချိန်အဟုန်မြှင့် ဆောင်ရွက်ရန်အတွက် လိုအပ်သည့်ငွေကြေးအား တိုင်းဒေသကြီး အစိုးရအဖွဲ့ထံ တင်ပြတောင်းခံမည် ဖြစ်ကြောင်း ဇွန် ၁၈ ရက်က ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန တွေ့ဆုံပွဲတွင် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာစိုးသန်းက ပြောသည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီးဝန်ကြီးက မိတ္ထီလာခရိုင်အတွင်းရှိ ဌာနဆိုင်ရာများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၏ အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးရန်ပြုလုပ်ခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရာတွင် အခက်အခဲများရှိပါက တာဝန်ရှိသူများအားတင်ပြရန်ပြောကြားသည်။ မိတ္ထီလာမြို့နယ်အတွင်း ပြည်သူများမှာ ပညာပေးလုပ်ငန်းဆောင်ရွက်သူများရှေ့တွင် စည်းကမ်းလိုက်နာသော်လည်း မျက်ကွယ်ရာတွင် စည်းကမ်းလိုက်နာမှု အားနည်းနေဆဲဖြစ်ကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလုပ်ငန်းများ အချိန်အဟုန်မြှင့် ဆောင်ရွက်သွားရန် စီစဉ်ရာတွင် လူကူးမျဉ်းကျားများနှင့် လိုအပ်သည့် မျဉ်းများရေးဆွဲရန်၊ အသိပညာပေး ဆိုင်းဘုတ်များတပ်ဆင်ရန် စသည်တို့အတွက် ငွေကြေးအခက်အခဲဖြစ်နေကြောင်း၊ အဆိုပါ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့် ငွေကြေးအား ထောက်ပံ့ပေးနိုင်ရန် တင်ပြလိုပါ ကြောင်း ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံ က ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလုပ်ငန်းများအတွက် လိုအပ်လျက်ရှိသည့် ငွေကြေးကို တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာနမှဖြစ်စေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှဖြစ်စေ ပေးနိုင်ရန်အတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့အား တင်ပြတောင်းခံပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲတွင် ခရိုင်အတွင်းရှိ မိတ္ထီလာ၊ ဝမ်းတွင်း၊ မလှိုင် မြို့နယ်များမှ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ သာစည်မြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ ခရိုင်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး စိုက်ပျိုးရေးအတွက် လိုအပ်ချက်များကိုလည်းတင်ပြခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးနှင့် တာဝန်ရှိသူများက ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**




# ပဲခူးတိုင်းတရားလွှတ်တော်က ကျောင်းသားကျောင်းသူများအား ထောက်ပံ့ချီးမြှင့်ပေးမှုများ ပြုလုပ်

**ပဲခူး ဇွန် ၁၉**

ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲနှင့် အခြေခံပညာအထက်တန်း အောင်မြင်ကြသည့် ကျောင်းသားကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇွန် ၁၈ ရက် နံနက် ၁၀ နာရီက တရားလွှတ်တော်အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် တရားလွှတ်တော်တရားသူကြီးချုပ် ဦးမောင်မောင်ရွှေက ဂုဏ်ပြုအမှာစကားပြောကြားပြီး အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်း ပညာသင်ကြားနေသည့် ကျောင်းသားကျောင်းသူ ၂၁၃ ဦးအတွက် ဗလာစာအုပ်၊ ဘောပင်၊ ခဲတံ၊ ကွန်ပါဘူး၊ ခဲဖျက်တို့ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး အခြေခံပညာအထက်တန်းစာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရရှိသူတစ်ဦး၊ လေးဘာသာဂုဏ်ထူးရရှိသူတစ်ဦး၊ သုံးဘာသာဂုဏ်ထူးရရှိသူတစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရရှိသူတစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရရှိသူနှစ်ဦးနှင့် အောင်မြင်သူခုနစ်ဦးတို့ကို ငွေကျပ် ၁၀ သိန်းဖိုးခန့် ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ အခမ်းအနားသို့ တရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေ၊ တရားလွှတ်တော်တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူးနှင့် တရားရေးအရာရှိများ၊ ခရိုင်တရားသူကြီးများနှင့် မြို့နယ်တရားသူကြီးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ပဲခူး(သန့်စင်)**

# မတ္တရာမြို့နယ်မှ သိမ်းဆည်းခံမြေယာ ၂၀၈ ဧက ပြန်လည်ပေးအပ်မည်

**မတ္တရာ ဇွန် ၁၉**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ရေနံ့သာ (အနာကြီးရောဂါ)ဆေးရုံဝန်းကျင်မှ သိမ်းဆည်းခံ မြေယာ ၂၀၈ ဧကကို ယခုရက်ပိုင်းအတွင်း မူလတောင်သူများအား ပြန်လည်ပေးမည်ဖြစ်ရာ အစိုးရသစ်လက်ထက် ပထမဦးဆုံးဖြစ်ကြောင်း တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပြောသည်။

"အားလုံးပြန်ရစေချင်တယ်။ မြေယာကိစ္စတွေကို နောက်ထပ်လည်း ပြန်လည်စိစစ်သွားဦးမယ်။ တည်ဆောက်ရေးကာလမှာ အေးအေးဆေးဆေးဖြစ်ချင်တယ်။ လာတွေ့လို့လည်းရတယ်။ ဒုတိယသမ္မတကြီးဦးဆောင်ပြီး ပေးအပ်တဲ့ ပထမဆုံးခြေလှမ်းမှာ အခြားပယောဂတွေ မဖြစ်စေချင်ဘူး"ဟု ၎င်းကပြောသည်။

ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ သိမ်းဆည်းခံမြေယာများဖြစ်ပြီး တောင်သူ ၃၂ ဦး၏ မြေ ၂၀၈ ဧကကို ပြန်လည်ပေးအပ်သွားမည်ဖြစ်ကာ ဆက်လက်၍ မြေဧက ၁၁၀၀ ကိုလည်း ဆက်လက်ပေးအပ်ရန် စိစစ်နေကြောင်းသိရသည်။

"ကျန်းမာရေးဌာနကနေ clear ဖြစ်တဲ့ မြေယာတွေ တောင်သူတွေကို ပေးအပ်သွားမယ်။ အငြင်းပွားမှုတွေရှိနေရင်တော့မရဘူး"ဟု လယ်ယာမြေ စီမံခန့်ခွဲရေး ကော်မတီနှင့် စာရင်းအင်းဌာန တိုင်းဒေသကြီး ဦးစီးမှူးဦးဇော်မင်းအောင်က ပြောသည်။

မြေယာများမှာ အဆင့်ဆင့်လွှဲပြောင်းရောင်းချခြင်း၊ မူလပိုင်ရှင်အတိုင်းရှိခြင်း၊ သီးစားချထားခြင်းများရှိပြီး ရှင်းလင်းသည့်မြေများကို ပြန်လည်ပေးအပ်ခြင်းဖြစ်ကြောင်း၊ စွန့်လွှတ်ရာတွင် သက်ဆိုင်ရာဌာနများက စိစစ်ပြီးမှ စွန့်လွှတ်ခြင်းဖြစ်ကြောင်း သိရသည်။

"နိုင်ငံတော်အဆင့်က ပြန်ပေးမယ်ပြောပြီးသားပါ။ မူရင်းပိုင်ရှင်နဲ့ နောက်မှပိုင်တဲ့သူဆိုပြီး ရှုပ်ယှက်ခတ်နေလို့ ဖြေရှင်းဖို့ အချိန်ပေးရမှာပါ။ လွှတ်တော်မှာ တင်ပြစရာမလိုအောင် တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ဆောင်ရွက်နေတယ်။ အုပ်ချုပ်ရေးဆိုတာ တရားရေးမဏ္ဍိုင်ကို စွက်ဖက်လို့မရဘူးဆိုတာအားလုံးက နားလည်စေချင်တယ်" ဟု တိုင်းဒေသကြီးလွှတ်တော် မတ္တရာမြို့နယ်မဲဆန္ဒနယ် အမှတ် ၁-လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းက ပြောသည်။

တောင်သူများအနေဖြင့် မိမိတို့ပိုင်ဆိုင်သည်ဆိုသော မြေယာများကို ဥပဒေကြောင်းအရ ပိုင်ဆိုင်ခွင့်ရရှိရန် ဆောင်ရွက်ရန်လိုကြောင်း၊ မတ္တရာမြို့နယ်တွင် တရားစွဲဆိုထားသည့် မြေယာအမှုပေါင်း ၂၅ မှုရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး (ဗဟို)နှင့် တာချီလိတ်မြို့မှ အနုပညာရှင်များတွေ့ဆုံ

**တာချီလိတ် ဇွန် ၁၉**

မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး(ဗဟို)နှင့် တာချီလိတ်မြို့မှ အနုပညာရှင်များ၊ လူမှုရေးအဖွဲ့အစည်းများတွေ့ဆုံဆွေးနွေးပွဲကို ဇွန် ၁၈ ရက် နံနက်က တာချီလိတ်မြို့ ရှမ်းရိုးမကွင်းရှိ မြို့ရွှေမန်းသားဖိုးချစ်ဇာတ်သဘင် ကဇာတ်ရုံတွင် ကျင်းပရာ မြန်မာနိုင်ငံသဘင်အစည်းအရုံးဥက္ကဋ္ဌ မြို့ရွှေမန်းသားဖိုးချစ်က သဘင်အစည်းအရုံး၏သမိုင်းကြောင်းနှင့်လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ သဘင်အနုပညာရှင်များအတွက် လူမှုကူညီထောက်ပံ့ရေးအစီအစဉ်များအား ရှင်းလင်းဆွေးနွေးပြီး တွဲဖက်အတွင်းရေးမှူး ဆိုင်းပညာရှင် မြန်မာပြည်ကျော်စိမ်းက သဘင်အစည်းအရုံးဖွဲ့စည်းပုံနှင့်အလုပ်အမှုဆောင်များလိုက်နာရန် အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် သဘင်အစည်းအရုံး (ဗဟို) ဥက္ကဋ္ဌ မြို့ရွှေမန်းသား ဖိုးချစ်က တာချီလိတ်မြို့နယ် သဘင်အစည်းအရုံး(ယာယီ)အတွက် အလှူငွေကျပ်ငါးသိန်းအား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မောင်ယဉ်ကျေး**

# မွေးနေ့အထိမ်းအမှတ် ဘီပိုးကာကွယ်ဆေး အခမဲ့ထိုးပေး

**ရန်ကုန် ဇွန် ၁၉**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့အထိမ်းအမှတ်အဖြစ် အသည်းရောင်အသားဝါ ဘီပိုးကာကွယ်ဆေးထိုး အခမ်းအနားကို ဇွန် ၁၉ ရက် နံနက် ၉ နာရီတွင် တာမွေ အ.ထ.က (၂)၌ ကျင်းပခဲ့သည်။ တာမွေမြို့နယ် ရပ်ကွက် ၂၀ အတွင်းရှိ ဆိုက်ကားဆရာများ၊ ဈေးသည်များအပါအဝင်လူ ၁၅၀၀ ကျော်ကို ဆေးအခမဲ့ ထိုးပေး ခဲ့ကြောင်းသိရသည်။

အဆိုပါအခမ်းအနားကို မြို့နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် မြန်မာအသည်းဖောင်ဒေးရှင်းတို့မှ ပူးပေါင်း၍ မြို့နယ်အတွင်းရှိ ပြည်သူများအတွက် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်းနှင့် ညနေ ၃ နာရီအထိ စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

**လှလှ**

# မြန်အောင်မြို့နယ်တွင် ကျေးရွာအချို့နှင့်လမ်းများ ရေနစ်မြုပ်လျက်ရှိ

**မြန်အောင် ဇွန် ၁၉**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ကျွဲတဲကုန်းကျေးရွာအုပ်စုပိုင် ဒေါင့်ကြီးကျေးရွာနှင့် ရေကူးစုကျေးရွာတို့တွင် ဇွန် ၁၀ရက်မှစပြီး နေ့စဉ်မပြတ်ရွာသောမိုးနှင့် ရွာ၏အထက်ပိုင်းမြင့်သော နေရာများမှ ရေများဝင်ရောက်လာမှုကြောင့် ရွာများယနေ့ အထိရေနစ်မြုပ်လျက်ရှိနေသည်။

ယမန်နှစ်ကရွာအတွင်း ရေများဝင်ရောက်သော်လည်း ယခုလိုမိုးရာသီအစောပိုင်းတွင် ဝင်ရောက်ခြင်းမဟုတ်ဘဲ မိုးလယ်ပိုင်းရောက်မှ ဝင်ရောက်ခြင်းဖြစ်သဖြင့် ပြင်ဆင်ချိန်ရကြောင်း၊ ယခုနှစ်တွင် မထင်မှတ်ဘဲမိုးဦးတွင် ရေဝင်ရောက်လာသဖြင့် အခက်အခဲရှိကြောင်း ဒေသခံတစ်ဦးထံမှ သိရသည်။



စားသောက်ကုန်ပစ္စည်းများ သယ်ယူရာလမ်းကြောင်းမှာလည်း ရေနစ်မြုပ်လျက်ရှိကြောင်း၊ ရွာများရှိ ကျောင်းသားကျောင်းသူလေးများမှာလည်း တစ်မိုင်ခွဲခန့်ဝေးသော အထကခွဲသခွတ်ကွင်းသို့ သွားရာ အင်ပင်-ကနောင်ကားလမ်းမှာလည်း ရေနစ်မြုပ်နေကြောင်း၊ လမ်းများရေနစ်မြုပ်နေသဖြင့် ကျောင်းသားကျောင်းသူလေးများကို ဝါးပိုးဝါးဖောင်ဖြင့် ကျောင်းပို့နေရကြောင်း ရွာသားတစ်ဦးက ပြောသည်။

အလားတူ လေးတူးကျေးရွာမှ ကျောင်းသားလေးများမှာလည်း အထကခွဲသခွတ်ကွင်းသို့ ရေကျော်နေသော လမ်းမှ စက်ဘီးများကိုတွန်းတစ်လှည့် စီးတစ်လှည့်ဖြင့် သွားနေရသဖြင့် **(အပေါ်ပုံ)** အန္တရာယ်များလျက်ရှိကြောင်း လေးတူးကျေးရွာတွင် နေထိုင်သူတစ်ဦးက ပြောသည်။

မြန်အောင်မြို့နယ် ကျွဲတဲကုန်းအုပ်စုရှိ ဒေါင့်ကြီးကျေးရွာနှင့် ရေကူးစုကျေးရွာ၊ လေးတူးအုပ်စုရှိ လေးတူးကျေးရွာတို့မှာ ရေနစ်မြုပ်နေပြီး အကူအညီများလိုအပ်လျက်ရှိကြောင်း၊ လူမှုရေးအဖွဲ့များမှ လာရောက်လှူဒါန်းခြင်းများ ရှိနေကြောင်း၊ ကနောင်-အင်ပင်လမ်းမှာလည်း ရေနစ်မြုပ်လျက်ရှိကြောင်း ကနောင်တွင် နေထိုင်သူ တစ်ဦးထံမှသိရသည်။

**နေဝင်းဇော် (မြန်အောင်)**

# ကျွန်တော်နဲ့ ထားဝယ်



## ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

**လူတစ်ယောက်ရဲ့ဇာတိကို ဘယ်လိုသတ်မှတ်သလဲ။ ကျွန်တော်ဟာ ပဲခူးမြို့ ရွှေမော်ဓောဘုရားကြီးအနီးက ဟင်္သာကုန်းမှာ စစ်အတွင်းက မွေးဖွားခဲ့တာ။ ပဲခူးမှာမွေးခဲ့ပေမယ့် မွေးပြီးချိန်ကစပြီး ဖခင်ဖြစ်သူတာဝန်ကျခဲ့တဲ့ မြို့တွေကို ရွှေ့ပြောင်းခဲ့တယ်။ လူမှန်းသိတဲ့ အချိန်ကစပြီး ရန်ကုန်မြို့မှာပဲ နေထိုင်ခဲ့တာမို့ ရန်ကုန်ဇာတိလို့သတ်မှတ်ရမှာ။ ဒါပေမယ့် မိဘနှစ်ဦးက ထားဝယ်ဇာတိ အဘိုး၊ အဘွားလေးဦးအနက် ဖခင်ရဲ့အဖေရောအမေရော ထားဝယ်ကဖြစ်ပြီး မိခင်ရဲ့အဖေက ထားဝယ်သားဖြစ်ပြီးအမေကတော့ မော်လမြိုင်က မွန်လူမျိုး။**

> **အခုလို နိုင်ငံတော်အစိုးရအသစ် တာဝန်ယူချိန်မှာ ဗျူရိုကရေစီယန္တရားကိုအခြေပြုတဲ့ အုပ်ချုပ်တဲ့ပုံစံအစား စွန့်ထွင်ဦးစီးတဲ့ အစိုးရဖြစ်အောင် ကြိုးစားရမှာဖြစ်တယ်။ စွန့်စားမှုတီထွင်မှုကို အားပေးရမှာဖြစ်တယ်။ ပြည်သူတွေအတွက် အလုပ်အကျွေးပြုနေသူတွေ ဖြစ်တာမို့ သိသာထင်ရှားတဲ့ ရလဒ်တွေကို ဖော်ဆောင်ပေးဖို့လိုအပ်ပါတယ်။**

ဒါကြောင့် ကျွန်တော်ရဲ့ဇာတိဟာ ထားဝယ်လို့ပြောလို့ရမှာဖြစ်တယ်။ ကိုယ့်ကိုယ်ကိုယ်လည်း ထားဝယ်သားလို့ သတ်မှတ်တယ်။ ဝမ်းနည်းတာတစ်ခုကတော့ ထားဝယ်စကားကိုနားလည်ပေမယ့် ကိုယ်တိုင်တော့ မပြောနိုင်ဘူး။ အိမ်မှာအဖေရောအမေရောက ထားဝယ်လိုပြောကြတယ်။ ဦးလေး အဒေါ်တွေကလည်း ထားဝယ်လိုပဲ ပြောကြတယ်။ ဒါကြောင့်သူတို့ပြောတာကို နားလည်ပေမယ့် ကိုယ်တိုင်ကတော့မပြောတတ်ဘူး။ မပြောနိုင်တာကိုတော့ စိတ်မကောင်း ဖြစ်ရတယ်။ အခုလို ကျွန်တော်ဟာ ထားဝယ်အသင်းရဲ့ နာယကတစ်ဦးအဖြစ် မိန့်ခွန်းပြောခွင့်ရတဲ့အခါ ထားဝယ်စကားပြောချင်ပေမယ့် မပြောတတ်တာမို့ မြန်မာလိုပဲ ပြောခဲ့ရတာ။ မိဘများနဲ့အတူ ဦးလေး အဒေါ်တွေဟာလည်း ထားဝယ်မြို့ကနေ ရန်ကုန်ကို ရွှေ့ပြောင်းလာခဲ့တယ်။ ဒါကြောင့် ဆွေမျိုးသားချင်းတွေ ထားဝယ်မြို့မှာ သိပ်မရှိကြတော့ဘူး။

အရင်တစ်ပတ်ကဇာတိဖြစ်တဲ့ ထားဝယ်မြို့မှာဟောပြောပွဲလုပ်ခွင့်ရခဲ့တယ်။ ထားဝယ်မြို့မှာတင်မက မြိတ်မြို့မှာလည်း လုပ်ဖို့စီစဉ်ခဲ့တာ ၂၀၁၅ ခုနှစ်မှာ မြန်မာနိုင်ငံအနှံ့မှာ (Better Future Better Myanmar) ပိုမိုကောင်းမွန်တဲ့ အနာဂတ် ပိုမိုကောင်းတဲ့ မြန်မာနိုင်ငံ ခေါင်းစဉ်နဲ့ဟောပြောပွဲချိန်တွေ အကြိမ်ကြိမ်ကျင်းပခဲ့တယ်။ ၂၀၁၆ ခုနှစ်မှာတော့ ရန်ကုန်နဲ့ မန္တလေးမြို့တွေမှာ လုပ်ခဲ့တယ်။ အခုတစ်ကြိမ်မှာတော့ ထားဝယ်နဲ့မြိတ်မြို့တွေမှာ လုပ်ဖို့စီစဉ်ထားတာ။ ထားဝယ်မြို့ကို B2B အဖွဲ့ခေါင်းဆောင်ဖြစ်တဲ့ ဦးတင်ဇံကျော်၊ CEO ဒေါက်တာထက်ဇံလင်း၊ ဒါရိုက်တာ ဒေါက်တာဟိန်းသူနဲ့ အဖွဲ့သားအချို့နဲ့အတူ လေယာဉ်နဲ့ထွက်ခွာတယ်။ ကျန်တဲ့ အဖွဲ့ဝင်တွေကကြိုတင်ပြီးထားဝယ်နဲ့မြိတ်ကို နှစ်ဖွဲ့ခွဲပြီး သွားနှင့်ပြီ။ ဟောပြောပွဲတစ်ခုကို အောင်အောင်မြင်မြင်လုပ်ဖို့ ပြော ဟောသူတွေဟာ အရေးကြီးသလို အခုလိုဆောင်ရွက်နိုင်ဖို့ ကြိုတင်စီစဉ်မှုတွေကလည်း အလွန်အရေးပါတယ်။ ဟောပြောပွဲကိုပရိသတ်တွေဖိတ်ကြားမှုပွဲကိုပဲ ကူညီပေးမယ့်သူတွေ ဒါတွေဟာအခြေခံလိုအပ်ချက်တွေဖြစ်တယ်။ ထားဝယ်ကို လေယာဉ်ပျံနဲ့သွားရတာမို့ အဆင်ပြေလှပါတယ်။ ခရီးစဉ်က မြန်မာလေကြောင်း ဂျက်လေယာဉ်မို့ အချိန်ကခဏပဲကြာတာ။ လေယာဉ်ကွင်းရောက်တော့ အဖွဲ့သားတွေအပြင် ညီမတွေလည်း လာကြိုနေကြတယ်။ နေ့လယ်စာကို တရုတ်စားသောက်ဆိုင်မှာ ဝင်စားပြီး တည်းမယ့်ဟိုတယ်ကို ထွက်ခဲ့ကြတယ်။

တစ်ချိန်တုန်းက ထားဝယ်မြို့မှာ ဟိုတယ်ကောင်းကောင်း မရှိခဲ့ဘူး။ အခုတော့ ဟိုတယ်ကောင်းတွေရှိနေပြီး မြို့ကလည်း သိပ်ကိုသန့်ရှင်းတာ၊ အမှိုက်တွေကလည်းရှင်းနေတယ်။ လမ်းတွေဖောက်ထားတာလည်း ချောနေတာပါပဲ။ ဟိုတယ်မှာ ခဏနားပြီး ကျွန်တော်နဲ့အတူပါလာတဲ့ ဇနီးသည်နဲ့ ကြိုတင်ပြီး မောင်းမကန်ကမ်းခြေကို ရောက်နေတဲ့ ကျွန်တော့်ညီဆီ မော်တော်ယာဉ်နဲ့ ခရီးထွက်ခဲ့ကြတယ်။ ထားဝယ်မြို့အထွက်မှာ ကမျောကင်းတံတား ထိုးထားတာမို့ ခပ်လွယ်လွယ်နဲ့ ခရီးတွင်ခဲ့တယ်။ ကျွန်တော်တို့ ငယ်ငယ်တုန်းက ဒီမြစ်ကိုဖြတ်ရတာက သက်စွန့်ဆံဖျား ခက်ခက်ခဲခဲနဲ့၊နောက်တော့ ဝန်ကြီးချုပ် ဦးစိန်ဝင်းလက်ထက်မှာ ဒီတံတားကြီးကို ထိုးဖြစ်တာ။ ဒီတုန်းက အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးလုပ်သူက ကျွန်တော့်ရဲ့ဦးလေးအငယ်။ သူနဲ့ ဝန်ကြီးချုပ်ဟာ ထားဝယ်သားတွေမို့ ဒီတံတားကြီးဆောက်ခဲ့တာကို ဝေဖန်ခဲ့ကြသေးတယ်။ တံတားဖြတ်ပြီး ရော်ဘာခြံတွေကိုကျော်ရင် မောင်းမကန်ရွာကို ရောက်တယ်။ ရွာကတစ်ဆင့် ညီ ညီမတွေ တည်းနေတဲ့ ဘန်ဂလိုကို ရောက်တယ်။ မောင်းမကန်ကမ်းခြေဟာ အမှန်တော့ အလွန်သာယာလှတဲ့ ကမ်းခြေ အရှည်က ၁၄ မိုင်ကျော်တယ်။ ရေကလည်းသန့်တယ်။ ဒါပေမယ့် မဖွံ့ဖြိုးဘူး။ ခေတ်မီဟိုတယ် တွေမရှိဘူး။ မိရိုးဖလာတည်းခိုခန်းဘန်ဂလို တွေပဲရှိတယ်။ ဒီဘန်ဂလိုက အဖိုးလုပ်သူပိုင်ဆိုင်ခဲ့တဲ့ အဆောက်အအုံ။ ညီလုပ်သူက မွမ်းမံပြင်ဆင်ထားတာမို့ အတော်လေးနေလို့ထိုင်လို့ ကောင်းတာ။ ကျွန်တော်က ပင်လယ်ကိုသိပ်ကြိုက်တယ်။ ပင်လယ်လှိုင်းလုံးတွေကို ချစ်တယ်။ လေတိုက်နေတော့ မပူလှဘူး။ ရောက်ရောက်ချင်း ညီမတွေက ထားဝယ်မုန့်ဟင်းခါးကျွေးတယ်။ ကျွန်တော်က ထားဝယ်အစားအစာကို သိပ်ခုံမင်တာ။ သူတို့ချက်ထားတဲ့ မုန့်ဟင်းခါးက ရန်ကုန်မုန့်ဟင်းခါးလိုမဟုတ်ဘဲ ငှက်ပျောအူအပြည့်နဲ့။ ပြီးတော့ ဟင်းရွက်တစ်မျိုးကိုလည်း ထည့်ထားတယ်။ ငါးပုပ်ခြောက်နဲ့ ချက်ထားတာမို့ ဆိမ့်တယ်။ လေးလေးပင်ပင်ရှိလှတယ်။ ညဘက်ကျတော့ ထားဝယ်မြို့မှာ ကျန်ခဲ့တဲ့ အဖွဲ့သားတွေ မောင်းမကန်ကို ရောက်လာတယ်။ သူတို့နဲ့အတူ ကမ်းခြေမှာရှိတဲ့စားသောက်ဆိုင်မှာ ပင်လယ်စာတွေ အဝစားခဲ့ကြတယ်။ ည ရှစ်နာရီလောက်မှ ထားဝယ်ကို ပြန်ခဲ့ကြတယ်။ ခရီးလမ်းကကောင်းတာမို့ မိနစ် ၂၀ လောက်ပဲ ကြာတယ်။

နောက်တစ်နေ့နံနက်စောစော ညီနဲ့ညီမတွေက ကျွန်တော်တို့နှစ်ယောက်ကို ထားဝယ်ကမ်းနားဈေးကို လိုက်ပို့တယ်။ ဈေးမှာ ပင်လယ်ထွက်ကုန်တွေမျိုးစုံရောင်းချတာ လတ်လတ်ဆတ်ဆတ် ငါးတွေ၊ ပုစွန်တွေ၊ ကဏန်းတွေ၊ ပြည်ကြီးငါးတွေ၊ အစိမ်းတွေရောင်းသလို အခြောက်တွေရော၊ အချဉ်တည်ထားတဲ့ ပုစွန်ချဉ်၊ ငါးချဉ်တွေလည်း ရောင်းနေတာ။ အခုလိုနေ့တိုင်းရောင်းချနေတော့ စီးပွားရေး မျက်စိနဲ့သုံးသပ်ရင် ဝယ်လိုအားပမာဏက မနည်းလှဘူးလို့ သုံးသပ်မိတယ်။ ဒီငါးမျိုးတွေကို မြန်မာပြည်အနှံ့ရောင်းချနိုင်သလို နိုင်ငံခြားအထိ ရောင်းချနိုင်မှာဖြစ်တယ်။ တချို့ငါးတွေက ဈေးကြီးလှတဲ့ ကျူနာငါးတွေ၊ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးအခြေအနေကို သုံးသပ်တဲ့နေရာမှာ အကောင်းဆုံး ညွှန်းကိန်းက ဈေးပဲဖြစ်တယ်။ ဝယ်သူ ရောင်းသူ စည်ကားနေရင်၊ ရှင်သန်နေရင်၊ သွက်လက်နေရင် စီးပွားရေးဟာ ကောင်းနေမှာဖြစ်တယ်။ နေ့လယ်စာကိုတော့ မြန်မာထမင်းဆိုင်မှာစားပြီး ဟောပြောပွဲလုပ်မယ့်မြို့တော်ခန်းမကို ထွက်ခဲ့တယ်။ ခန်းမထဲရောက်တော့ တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနဲ့ ဒုတိယဥက္ကဋ္ဌက ရောက်နှင့်နေပြီ။ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးတွေလည်း တက်ရောက်ခဲ့တယ်။ တိုင်းဒေသကြီးဝန်ကြီးချုပ်က တက်ရောက်ဖို့စီစဉ်ခဲ့ပေမယ့် အရေးပေါ်အစည်းအဝေးတစ်ခုကို တက်ရောက်ရမှာမို့ မလာရောက်နိုင်ခဲ့ဘူး။ ခန်းမထဲမှာ ကြိုတင်ပြင်ဆင်မှုတွေကြောင့် ပရိသတ်တွေအပြည့်။ စပွန်ဆာလုပ်ပေးတဲ့လုပ်ငန်းကုမ္ပဏီဝန်ထမ်းတွေကလည်း ကြော်ငြာလက်ကမ်းစာစောင်တွေ၊ လက်ဆောင်ပစ္စည်းတွေ ဝေငှနေခဲ့တယ်။ စပွန်ဆာလုပ်သူတွေအထဲမှာ မန္တလေးမြို့က မင်္ဂလာမန္တလေးစီမံချက်ကို တာဝန်ယူတဲ့ နယူးစတားလိုက် ကုမ္ပဏီလည်း ပါတယ်။ မန္တလေးကတစ်ဆင့်ထားဝယ်အထိလာပြီးပါဝင်ခဲ့တာ။ ကျွန်တော်ဟောပြောမယ့်အကြောင်းအရာကို ဂရုစိုက်ပြီး ရွေးချယ်ခဲ့ပါတယ်။ ထားဝယ်မြို့ဟာ ရုံးစိုက်တဲ့မြို့တစ်မြို့ တစ်နည်းပြောရရင် အုပ်ချုပ်ရေးမြို့ ဖြစ်တယ်။ ခေတ်အဆက်ဆက် အစိုးရရုံးတွေ စိုက်တဲ့မြို့။ ဒါ့ကြောင့်တိုင်းဒေသကြီးအစိုးရဟာ ထားဝယ်မြို့မှာပဲ ရုံးစိုက်တာ။ ဒါကြောင့် ကျွန်တော်က "ဆန်းသစ်တဲ့ အစိုးရ" ဆိုတဲ့ ခေါင်းစဉ်ကို ရွေးချယ်ခဲ့ပါတယ်။ တာဝန်ရှိသူတွေကို စဉ်းစားသင့်တဲ့အချက်အလက်အချို့ကို တင်ပြနိုင်ရင်သူတို့အတွက် အသုံးဝင်လိမ့်မယ်လို့ယူဆမိတာ။ ဒါပေမယ့် ကျွန်တော်က အစိုးရလို့ပြောတဲ့နေရာမှာ တာဝန်ယူထားတဲ့ အဖွဲ့အစည်းတွေမှာ ပါဝင်ပတ်သက်သူတွေသာမက ၊ ပြည်သူပြည်သားတွေကလည်း အကျုံးဝင်ပါတယ်။ ဒီလိုပဲ အရပ်ဘက်လူ့အဖွဲ့အစည်းတွေမှာ တာဝန်ယူဆောင်ရွက်နေကြသူတွေနဲ့ သက်ဆိုင်ပါတယ်။ အမှန်တော့ အခုလို နိုင်ငံတော်အစိုးရအသစ် တာဝန်ယူချိန်မှာ ဗျူရိုကရေစီယန္တရားကိုအခြေပြုတဲ့အုပ်ချုပ်တဲ့ ပုံစံအစား စွန့်ထွင်ဦးစီးတဲ့ အစိုးရဖြစ်အောင်ကြိုးစားရမှာဖြစ်တယ်။ စွန့်စားမှုတီထွင်မှုကို အားပေးရမှာဖြစ်တယ်။ ပြည်သူတွေအတွက် အလုပ်အကျွေးပြုနေသူတွေဖြစ်တာမို့ သိသာထင်ရှားတဲ့ ရလဒ်တွေကို ဖော်ဆောင်ပေးဖို့လိုအပ်ပါတယ်။

ပုဂ္ဂလိကကဏ္ဍမှရရှိလာတဲ့ အတွေ့အကြုံသင်ခန်းစာကောင်းတွေကို အစိုးရကဏ္ဍမှာကျင့်သုံးဖို့လိုအပ်မှာဖြစ်တယ်။ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့ အဓိက အာရုံပြုရမယ့်သူတွေကတော့ ဖောက်သည်တွေဖြစ်တယ်။ ဖောက်သည်တွေကျေနပ်အောင် ဖောက်သည်တွေအလိုကျဆောင်ရွက်မှုပေးရမှာဖြစ်တယ်။ ဖောက်သည်တွေမျှော်လင့်ထားတာထက်ပိုပြီး ပေးဆပ်နိုင်ဖို့လိုအပ်တယ်။

အစိုးရအဖွဲ့အစည်းတွေအတွက်လည်းဒီလိုပဲ ဖြစ်ပါတယ်။ ဖောက်သည်တွေအစား ပြည်သူတွေဖြစ်တယ်။ ပြည်သူတွေအတွက် တာဝန်ယူရမယ်။ ပြည်သူကျေနပ်အောင်လုပ်ရမှာဖြစ်တယ်။ ပြည်သူတွေကို တာဝန်ခံဖို့လိုအပ်ပါတယ်။ ဒါကြောင့်လည်း အစိုးရဌာနတွေဟာ ပြည်သူတွေနဲ့ထိတွေ့ရာမှာ တုံ့ပြန်မှုမြန်ဆန်ဖို့ လိုအပ်ပါတယ်။ နှေးလို့မဖြစ်ပါဘူး။ ရုံးကိုလာတဲ့ပြည်သူကို နောက်တစ်ရက်၊ နောက်တစ်ပတ်ပြန်လာပါလို့ မပြောသင့်ပါဘူး။ ချက်ချင်းဖြေရှင်းပေးဖို့ လိုအပ်ပါတယ်။ ပုဂ္ဂလိကကဏ္ဍလို လှုပ်ရှားနိုင်ဖို့လိုအပ်ချက်တစ်ခုက ယှဉ်ပြိုင်ပြိုင်ဆိုင်ရမှာဖြစ်ပါတယ်။ ယှဉ်ပြိုင်မှုရှိမှ ပြည်သူတွေမှာ ရွေးချယ်မှု ရှိမယ်။ ဆိုရှယ်လစ်စနစ်ကာလမှာ ယှဉ်ပြိုင်မှုမရှိတာမို့ အစိုးရဝန်ထမ်းတွေအနေနဲ့ ပြည်သူအပေါ်တာဝန်မကျေခဲ့ပါဘူး။ ဈေးကွက်ထဲမှာယှဉ်ပြိုင်သူတွေများလေလေ ဖောက်သည်တွေအတွက် ကောင်းလေလေဖြစ်ပါတယ်။ အစိုးရဌာနတွေမှာ ယှဉ်ပြိုင်မှုမရှိတာမို့ နှေးကွေးပြီး တုံ့ပြန်မှုအားနည်းပါတယ်။ ဒီအခြေအနေကို ကုစားဖို့ ယှဉ်ပြိုင်မှုတွေဖန်တီးပေးရမှာဖြစ်တယ်။ လက်ဝါးကြီးအုပ်စနစ်ဟာ ပြည်သူတွေအတွက် နစ်နာမှုတွေ ဖြစ်စေပါတယ်။ ဆန်းသစ်တဲ့အစိုးရအတွက် ရွေးချယ်စဉ်းစားသင့်တဲ့ မဟာဗျူဟာ ငါးရပ်ကိုလည်း တင်ပြခဲ့ပါတယ်။ ဗျူဟာနံပါတ်(၁) က ကြည်လင်ပြတ်သားတဲ့ ဦးတည်ချက်ဖြစ်တယ်။ ဝန်ထမ်းတွေဟာ အမိန့်အာဏာကိုမျက်စိမှိတ်ပြီး နာခံတာထက် မိမိလုပ်ရပ်ဟာ ပြည်သူတွေအတွက် အကျိုးသက်ရောက်မှုရှိ မရှိကို အစဉ်သုံးသပ်ရမှာဖြစ်တယ်။ တာဝန်ယူဆောင်ရွက်တဲ့ လုပ်ဆောင်ချက်တွေဟာ ဦးတည်ချက်တွေနဲ့ ကိုက်ညီမှုရှိ မရှိကို အစဉ်ဆန်းစစ်ရမှာဖြစ်တယ်။ ဦးတည်ချက်ကို အထောက်အကူမဖြစ်တဲ့ အလုပ်တွေကိုရှောင်ရှားရမှာဖြစ်တယ်။ နံပါတ်(၂) ဗျူဟာကတော့ တာဝန်ယူမှုပဲဖြစ်တယ်။ တာဝန်ယူတဲ့သူကို မက်လုံးတွေပေးပြီး ထူးချွန်တဲ့သူကို ထိုက်ထိုက်တန်တန် ချီးမြှောက်ရမှာဖြစ်တယ်။ အောင်မြင်မှုမရသူကိုလည်း ထိထိရောက်ရောက် အရေးယူဖို့လိုပါတယ်။ နံပါတ်(၃)ဗျူဟာကတော့ ဖောက်သည်တစ်နည်းပြောရရင် ပြည်သူတွေကို ဗဟိုပြုတဲ့ အုပ်ချုပ်ရေးစနစ်ကို တည်ထောင်ဖို့ လိုပါတယ်။ ဖောက်သည်/ ပြည်သူတွေ တန်ဖိုးထားတာကို ဖြည့်ဆည်းပေးရမှာဖြစ်တယ်။ ဖောက်သည်/ ပြည်သူတွေရအောင် ပြိုင်ဖို့ လိုပါတယ်။ နံပါတ်(၄) ဗျူဟာကတော့ ထိန်းချုပ်မှုစနစ်ဖြစ်တယ်။ ဝန်ထမ်းတွေကို လုပ်ပိုင်ခွင့်ပေးပြီး အမိန့်အာဏာနဲ့ ဆောင်ရွက်တာမဟုတ်ဘဲ ပွင့်လင်းမှု မြင်သာမှုကို အခြေပြုရမှာဖြစ်တယ်။ ဝန်ထမ်းတွေကို စီမံအုပ်ချုပ်ရာမှာ ရလဒ်ကို အခြေခံပြီး တာဝန်ပေးရမှာဖြစ်တယ်။ အလုပ်များမှုကို ဦးစားမပေးသင့်ပါဘူး။ နံပါတ်(၅)ဗျူဟာကတော့ ယဉ်ကျေးမှုအသစ်တစ်ရပ်ကို ဖော်ထုတ်ဖို့ဖြစ်တယ်။ တာဝန်မယူတတ်တဲ့သူများကို ပြစ်တင်ဝေဖန်တဲ့ ပြုပြင်ပြောင်းလဲမှုကို လက်မခံတဲ့၊ ရှေးကျတဲ့၊ ခေတ်မမီတော့တဲ့ လုပ်နည်းလုပ်ထုံးတွေကို ကျင့်သုံးတဲ့အကျင့်တွေကို ရှောင်နိုင်သူတွေရွေးထုတ်ရမှာဖြစ်တယ်။ အခြေခံကတော့ စွန့်ထွင်ဦးစီးလိုစိတ်ရှိတဲ့ ဝန်ထမ်းတွေကို ရွေးထုတ်ရမှာ ဖြစ်တယ်။

ဒါဆန်းသစ်တဲ့ အစိုးရတစ်ရပ်ဖြစ်ဖို့ ခေါင်းဆောင်မှုဟာ အခြေခံတစ်ရပ်ဖြစ်တယ်။ ခေါင်းဆောင်လုပ်သူတွေက ရဲဝံ့စွာနဲ့ လှုပ်ရှားဖို့လိုအပ်ကြောင်း တင်ပြခဲ့ပါတယ်။ ကျွန်တော် ပြောပြီးချိန်မှာ အမေးအဖြေကဏ္ဍကို လုပ်ခဲ့တယ်။ ပရိသတ်တွေက စိတ်ဝင်တစားနဲ့ မေးကြတယ်။ ဝမ်းသာစရာတစ်ခုက မေးခွန်း မေးသူတွေအနက် အမျိုးသမီးငယ်တွေပါဝင်တာ ကျေနပ်စရာပါပဲ။ မေးသမျှကို ကျွန်တော် ကြိုးစားပြီး ဖြေဆိုခဲ့ပါတယ်။ ကိုယ့်ဇာတိမြေမှာ အခုလိုဟောပြောပွဲတစ်ရပ်ကိုလုပ်ပေးနိုင်တာကို ကျေနပ်မိပါတယ်။ ကျွန်တော့်ရဲ့တင်ပြချက်တွေကို အလေးအနက်ထားပြီး နားထောင်မှတ်ယူကြတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်မိတယ်။ အချိန်ပေးပြီး တက်ရောက်ခဲ့တဲ့ ထားဝယ်မြို့က ပရိသတ်တွေလည်း ကျေးဇူးတင်မိပါတယ်။

ဟောပြောပွဲပြီးတာနဲ့ မောင်းမကန်ကမ်းခြေကို ကျွန်တော်သွားခဲ့ပြန်တယ်။ ရတဲ့အခွင့်အရေးကို လက်မလွှတ်လိုပါဘူး။ ကမ်းခြေမှာပြေးဖြစ်တယ်။ ပင်လယ်ရေကို ချိုးခဲ့တယ်။ ညစာကို စားသောက်ဆိုင်တစ်ဆိုင်မှာ စားပြီး နောက်တစ်နေ့ ခရီးစဉ်အတွက် ပြင်ဆင်ခဲ့ပါတယ်။ ကျွန်တော်တို့အဖွဲ့ထားဝယ်ကနေ မြိတ်မြို့ကို ကုန်းလမ်းနဲ့သွားကြဖို့ဖြစ်တယ်။

---



**မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်ရေးနှင့် ရေဝပ် ရေလျှံမှုများမရှိစေရေးအတွက် ကန်ထရိုက်စနစ်ဖြင့် ရေမြောင်းဆယ်ယူရှင်းလင်းလျက်ရှိရာ ဇွန် ၁၆ ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အရှေ့ပိုင်းခရိုင်အုပ်ချုပ်ရေးမှူးက ကန်ရှေ့ရပ်ကွက် မြန်မာ့ဂုဏ်ရည်လမ်း ရေမြောင်းဆယ်ယူရှင်းလင်းမှုများကို လာရောက်စစ်ဆေးစဉ်**

ကျော်စိုးမိုး

---

## ဓမ္မစကူးသင်တန်းဖွင့်

**ရွှေတောင် ဇွန် ၁၉**

ရွှေတောင်မြို့ဓမ္မစကူးဖောင်ဒေးရှင်းကကြီးမှူးကျင်းပသော ဓမ္မစကူးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁၉ ရက်က ရွှေမျက်မှန်ဘုရားသုဓမ္မာ ဓမ္မာရုံ၌ကျင်းပရာသင်တန်းကျောင်းဖြစ်မြောက်ရေးကော်မတီနာယက ဦးခင်မောင်သန်းက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်နှင့်မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းဌေးတို့က ဂုဏ်ပြုအမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ မြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူစုစုပေါင်း ၂၂၁ ဦးတက်ရောက်ပြီး သင်တန်းကိုအပတ်စဉ် တနင်္ဂနွေနေ့ နံနက် ၈ နာရီမှ ၁၀ နာရီထိ သင်ကြားမည်ဖြစ်ကြောင်း၊ သင်တန်းကာလမှာ ၁၀လကြာမြင့်မည်ဖြစ်ကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# အသက် ၁၀၆ နှစ်အရွယ်ရှိ အဘွားအိုမှာ အိုလံပစ် မီးရှူးတိုင်သယ်ဆောင်သူဖြစ်လာ

**ရီယိုဒီဂျနေရိုး ဇွန် ၁၉**

လွန်ခဲ့သော သုံးနှစ်က ကမ္ဘာ့အသက်အကြီးဆုံး လေထီးခုန်တစ်ဦးဖြစ်သူ အီဒါဂီမာကွီသည် အသက်အကြီးဆုံး အိုလံပစ်မီးတိုင် သယ်ဆောင်သူဖြစ်လာပြီး ယင်းမီးတောက်ကို ဘရာဇီးနိုင်ငံ



Ma- capa မြို့သို့ သယ်ဆောင် ချိန်တွင် ၎င်း၏အသက်မှာ ၁၀၆ နှစ်ဖြစ်သည်။

ဂီမာကွီသည် ၂၀၁၄ ခုနှစ်က ဆိုချီ၌ ကျင်းပသော ဆောင်းရာသီ အိုလံပစ်ပွဲတော်တွင် မီးရှူးတိုင်သယ်ဆောင်ခဲ့သည့် အသက် ၁၀၁ နှစ်အရွယ်ရှိ အလက်ဇန်းဒါးကတ်တာရန်ကို၏ စံချိန်ကို ချိုးဖျက်ခဲ့သည်။

ဂီမာကွီက ယခုကဲ့သို့ မီးရှူးတိုင်သယ်ဆောင်ရန် တစ်ခါမှမမျှော်လင့်ခဲ့ကြောင်း၊ အလွန်ပင် ဝမ်းသာဂုဏ်ယူကြောင်းနှင့် အတိုင်းမသိ ဝမ်းသာပျော်ရွှင်ကြောင်း ရီယို ၂၀၁၆ ဒေါ့ကွန်းတွင် ပြောခဲ့သည်။

၂၀၁၆ အိုလံပစ်မီးရှူးတိုင်ကို ရီယိုဒီဂျနေရိုးမြို့ရှိ မာရာကာနာ အားကစားကွင်းအတွင်းသို့ ရောက်အောင် ၉၅ ရက်ကြာ ဘရာဇီးနိုင်ငံမှ မြို့ပေါင်း ၃၂၅ မြို့ကို ဖြတ်ကျော်ရမည်ဖြစ်သည်။ မီးရှူးတိုင် သယ်ဆောင်ရာတွင် လူပေါင်း ၁၂၀၀၀ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

(ဆင်ဟွာ)

# ပါလီမန်အမတ်အား လုပ်ကြံခဲ့သူကို စိတ်ရောဂါရှိ မရှိ စစ်ဆေးမည်

**လန်ဒန် ဇွန် ၁၉**

ဥရောပသမဂ္ဂကို ထောက်ခံသည့် ဥပဒေပြုအရာရှိအား သတ်ဖြတ်ခဲ့သည်ဟု စွပ်စွဲခံထားရသည့် အမျိုးသားမှာ စိတ်ပိုင်းဆိုင်ရာ စမ်းသပ်စစ်ဆေးမှု ခံယူရမည်ဖြစ်သည်ဟု ဗြိတိန်တရားရုံးက အကြံပြုထားသည်။ ၎င်းသည် အစွန်းရောက်ဝါဒလွှမ်းမိုးမှုကို ခံရခြင်းရှိ မရှိ ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိသည်။

အသက် ၂၅ နှစ်အရွယ်ရှိပြီဖြစ်သည့် သောမတ်စ်မေရာသည် လန်ဒန်တရားရုံး၌ စနေနေ့က စတင်စစ်ဆေးကြားနာခြင်းခံရသည်။ ၎င်းသည် အလုပ်သမားပါတီ လွှတ်တော်အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျိုကော့ဇ်ကို ကြာသပတေးနေ့က ယော့ရှိုင်းယားအနောက်ပိုင်းရှိ ၎င်း၏နေအိမ်၌ရှိစဉ် သတ်ဖြတ်ခဲ့၍ အရေးယူခံထားရသည်။

မေရာသည် တရားရုံး၌ စစ်ဆေးခံနေစဉ် ၎င်း၏အမည်မှာ "သစ္စာဖောက်တို့၏ သေမင်း၊ ဗြိတိန်၏ လွတ်လပ်ခြင်း" ဖြစ်ကြောင်း ပြောဆိုခဲ့သည်ဟု ဗြိတိန်မီဒီယာက ဖော်ပြခဲ့သည်။ တရားရုံးက ၎င်း၏ မွေးရက်နှင့် လိပ်စာကိုမေးမြန်းရာတွင်လည်း ဖြေကြားခြင်းမရှိခဲ့ပေ။

မေရာအနေဖြင့် နီရိုနာဇီအယူအဆများ လွှမ်းမိုးခံရပြီးနောက် လူသတ်မှုကျူးလွန်ခဲ့ခြင်းဖြစ်သည်ဟု ရဲအရာရှိများက ထင်မြင်ယူဆကြသည်။ ၎င်း၏နေအိမ်၌ နာဇီဝါဒနှင့် စပ်လျဉ်း၍ ရေးသားထားသည့် စာအုပ်များကို တွေ့ရှိခဲ့ကြောင်း သိရသည်။

(အင်န်အိတ်ချ်ကေ)

# မိကျောင်းဆွဲ၍ သေဆုံးခဲ့သူကလေးငယ်၏မိဘများက ပုဂ္ဂိုလ်ရေးရာအရ လေးစားရန်တောင်းဆို

**ဖလော်ရီဒါ ဇွန် ၁၉**

မိကျောင်းဆွဲခံရ၍ သေဆုံးခဲ့သော နီဘရာစကာပြည်နယ်မှ နှစ်နှစ်သားကလေးငယ်၏ မိဘများသည် သားဖြစ်သူ သေဆုံးပြီးကတည်းက ပြည်သူလူထု၏မေတ္တာနှင့် ထောက်ပံ့ပေးမှုတို့ကို ခံစားနေရကြောင်း စနေနေ့က ပြောသည်။

အင်္ဂါနေ့ညက အပန်းဖြေဥယျာဉ်၌ ရေစပ်တွင် မိသားစုနှင့်အတူ ဆော့ကစားနေသောကလေးငယ်ကို မိကျောင်းဆွဲခံရခြင်းဖြစ်သည်။ ကလေးငယ်၏ မိဘများက ကယ်ဆယ်ရန်ကြိုးပမ်းခဲ့သော်လည်း မစွမ်းသာပေ။

သားသေဆုံး၍ ဝမ်းနည်းခဲ့ရသော်လည်း မိသားစု၊ သူငယ်ချင်းနှင့်နိုင်ငံ နေရာအနှံ့အပြားမှပိုင်းဝန်း၍ စာနာထောက်ထားကြကြောင်း ပြောကြားသဖြင့် စိတ်သက်သာရခဲ့ရကြောင်း အဖေဖြစ်သူ မတ်ကရေဗ့်က ပြောသည်။



ဤဖြစ်ရပ်ကို ပြည်သူလူထုအားလုံးက စိတ်ဝင်စားနေသည်ကို နားလည်ကြောင်း၊ ပုဂ္ဂိုလ်ရေးရာအရနားလည်မှုရှိရန်တောင်းဆိုကြောင်း၊ ကျွန်ုပ်တို့မိသားစုဝင် အားလုံးသည် နောင်အခါ၌ မေးမြန်းမှုအားလုံးကို ဖြေဆိုမည်ဖြစ်ကြောင်း၊ ယခုမှုထိုသို့မဖြေကြားနိုင်သေးကြောင်း ကလေးငယ်၏ဖခင်ဖြစ်သူက ပြောခဲ့သည်။

ထို့ပြင် ကလေးငယ်ကို ရေထဲ၌ရှာဖွေစဉ်ကလည်း မေးမြန်းစုံစမ်းခြင်းများ မပြုလုပ်ရန်နှင့် ပုဂ္ဂိုလ်ရေးရာကို ဝင်ရောက်မစွက်ဖက်ရန် တောင်းဆိုခဲ့ဖူးသည်။ ဗုဒ္ဓဟူးနေ့ည၌ ရဲများက ကလေးငယ်၏အလောင်းကို ပြန်လည်တွေ့ရှိခဲ့သည်။ ဒစ္စနေးကုမ္ပဏီက ယခုအခါ ရေကန်အစပ်များ၌ မိကျောင်းများနှင့် မြွေကြီးများ၏အန္တရာယ်ရှိကြောင်း သတိပေးဆိုင်းဘုတ်များ ချိတ်ဆွဲထားကြောင်း သိရသည်။

(ရိုက်တာ)

# မာလီမြောက်ပိုင်း ငြိမ်းချမ်းရေးကို မြှင့်တင်ရန် အယ်လ်ဂျီးရီးယားနိုင်ငံခြားရေးဝန်ကြီး ဘာမာကိုသို့ သွားရောက်

**အယ်လ်ဂျီးရီးယား ဇွန် ၁၉**

အယ်လ်ဂျီးရီးယန်း အဆင့်မြင့်သံအမတ်တစ်ဦးသည် မာလီမြောက်ပိုင်းငြိမ်းချမ်းရေးကို တိုးမြှင့်နိုင်ရန်အတွက် မာလီမြို့တော်ဘာမာကိုသို့ နှစ်ရက်ကြာအလုပ်သဘောခရီးစဉ်ကို လာမည့် ဇွန်လ ၂၀ရက်နေ့တွင် စတင်မည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ဇွန် ၁၈ ရက်တွင် ပြောခဲ့သည်။

အယ်လ်ဂျီးရီးယန်း နိုင်ငံခြားရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးတစ်ဦးဖြစ်သူ ရာမတီလာမာရာသည် မာလီမှ အတ်ဒူလေဒီအော့နှင့် မာလီမြောက်ပိုင်းအတွက် (၁၁)ကြိမ်မြောက် မဟာဗျူဟာကော်မတီကို ပူးတွဲဥက္ကဋ္ဌအဖြစ် တာဝန်ယူသွားမည်ဖြစ်ကြောင်းလည်း ပြောခဲ့သည်။

ယင်းအစည်းအဝေးသည် မာလီ၏ ငြိမ်းချမ်းရေးနှင့် အမျိုးသားရင်ကြားစေ့ရေး သဘောတူညီမှု လက်မှတ်ရေးထိုးပွဲပြီးမြောက်ခြင်း တစ်နှစ်ပြည့်အထိမ်းအမှတ်နေ့နှင့်လည်း တစ်ထပ်တည်းကျနေသည်။ ယင်းအစည်းအဝေးသည် အယ်လ်ဂျီးရီးယားနှင့် မာလီတို့အတွက် ငြိမ်းချမ်းရေးသဘောတူညီမှု အကောင်အထည်ဖော်ရန်နှင့် နှစ်နိုင်ငံချစ်ကြည်မှုတိုးမြှင့်နိုင်ရန် အခွင့်အလမ်းတစ်ခုပင်ဖြစ်သည်။

အယ်ဂျီးရီးယား၌ မာလီမှပါတီများ ငါးကြိမ်မြောက်ဆွေးနွေးပွဲပြီးနောက် ၂၀၁၅ ခုနှစ် နှစ်လယ်ပိုင်းတွင် မာလီငြိမ်းချမ်းရေးနှင့် ရင်ကြားစေ့ရေးသဘောတူညီမှုစာချုပ်ကိုလက်မှတ်ရေးထိုးခဲ့သည်။ ယင်းသဘောတူညီမှုသည် ဒုက္ခရောက်နေသော မြောက်ပိုင်း မာလီအတွက် နိုင်ငံတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ပြန်လည်ရရှိရန် ဖွံ့ဖြိုးရေးအစီအစဉ်များတိုးချဲ့ရန် ရည်ရွယ်သည်။

(ဆင်ဟွာ)

# ကယ်လီဖိုးနီးယားတောင်ပိုင်း၌ တောမီးလောင်ကျွမ်း၊ လူရာပေါင်းများစွာ နေအိမ်မှပြောင်းရွှေ့

**ကယ်လီဖိုးနီးယား ဇွန် ၁၉**

ခြောက်သွေ့သောကုန်းမြေနှင့် လေပူများကြောင့် တောမီးလောင်ကျွမ်းမှုသည် ကယ်လီဖိုးနီးယားတောင်ပိုင်းသို့ ပျံ့နှံ့သွားပြီး စနေနေ့က လူရာပေါင်းများစွာကို နေအိမ်များမှ ရွှေ့ပြောင်းပေးခဲ့ရသည်။ မီးတောက်မှာပြင်းထန်လွန်းလှ၍ မီးမုန်တိုင်းသဖွယ်ဖြစ်နေသည်။



အဆိုပါမီးသည် လော့စ်အိန်ဂျလိစ်မြို့အနောက် မြောက်ဘက် ၁၄၅ ကီလိုမီတာအကွာ ဆန်တာဘာဘရာ၌ လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး ၇၈၁၁ ဧကခန့်လောင်ကျွမ်းခဲ့ကြောင်း အာဏာပိုင်များကပြောသည်။ တစ်ညလုံးလောင်သည့် မီးကို အောင်မြင်စွာငြိမ်းသတ်ခဲ့မှုကြောင့် အသက်ဆုံးရှုံးမှု၊ ထိခိုက်ဒဏ်ရာရရှိမှုတို့ မရှိခဲ့ကြောင်း၊ ကြီးကြီးမားမားဆုံးရှုံးမှုမျိုးလည်း မဖြစ်ပေါ်ခဲ့ကြောင်း ဆန်တာဘာဘရာမှ မီးသတ်ဌာနအကြီးအကဲ အီရစ်ပီတာဆင် သတင်းစာရှင်းလင်းပွဲတွင်ပြောခဲ့သည်။ သို့သော် မီးခိုးငွေ့များကြောင့် တနင်္ဂနွေနေ့မှအင်္ဂါနေ့အထိ သတိပေးချက်ထုတ်ပြန်ထားကြောင်း ဒေသခံအာဏာပိုင်များက ပြောသည်။

မီးငြိမ်းသတ်ရန် မီးသတ်သမား ၁၂၀၀ ပါဝင်ဆောင်ရွက်ခဲ့ကြပြီး ခြောက်သွေ့နေသောမြက်ခြောက်များကလောင်စာသဖွယ်ဖြစ်နေခဲ့သည်။ အဆိုပါ တောမီးမှာ ဗုဒ္ဓဟူးနေ့မှစတင်၍ လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး အချို့ဒေသများ၌ အန္တရာယ် ကျရောက်နိုင်သောဒေသအဖြစ်သတ်မှတ်၍ လူများကိုဖယ်ရှားစေခဲ့ရသည်။ အချို့နေရာများ၌လည်း သတိပေးထုတ်ပြန်ကြေညာမှုများ ပြုလုပ်ပေးခဲ့သည်။ အပူချိန်မြင့်မားမှုကြောင့် လောင်ကျွမ်းရခြင်းဖြစ်သည်ဟုလည်း ယူဆကြသည်။

(ရိုက်တာ)

# အကျပ်အတည်းများစွာအကြား တူရကီခရီးသွားလုပ်ငန်းပြုလဲရတော့မည်လား

**ချိုးစန္ဒီနွေး**

ဗြိတိန်ခရီးသွားအုပ်စု တစ်စုသည် ရေကန်ထဲ၌ ဝါတာပိုလိုကစားနည်းကို မြူးထူးကျယ်လောင်စွာ ကစားနေကြသည်။ ၎င်းတို့ကို အနှောင့်အယှက်ပေးမည့် အခြားဧည့်သည်များလည်းမရှိ။

Kermer မြို့၌ ကြယ်လေးပွင့်အဆင့်ရှိ Garden Resort Bergamot ဟိုတယ်သည် ခါတိုင်းနှစ်များဆိုလျှင် အခန်းအားလုံး၏ ၇၀ ရာခိုင်နှုန်းနီးပါး ပြည့်နေပြီဖြစ်သည်။ ယခုနှစ်တွင်မူ တခြားနှစ်များနှင့်မတူ အခန်းပေါင်း ၂၃၃ ခန်းရှိသည့်အထဲမှ ၂၅ ခန်းမျှသာ ငှားရမ်းရသေးသည်။ ခရီးသွားတွေ ဘယ်ရောက်ကုန်ပြီလဲ။

"ကျွန်တော်တို့ဝန်ထမ်းတွေ အားလုံးကိုလည်း အလုပ်မပေးနိုင်တော့ပါဘူး။ အရင်ကဝန်ထမ်း ၈၀ ရှိတာ၊ အခုတော့ ၅၀ ပဲ ခန့်ထားနိုင်တော့တယ်။ ဈေးနှုန်းကိုလည်း တော်တော်လေးချထားပြီး ငှားရမ်းတာပါ။ ဒီပုံအတိုင်း ဆက်သွားမယ်ဆိုရင်တော့ နောက်နှစ်ဆိုရင် သေချာပေါက်ပိတ်ရတော့မှာပါ"ဟု ပိုင်ရှင်ဖြစ်သူ ဆူဟာဆန်က ပြောသည်။

"ကျွန်တော်တို့နှစ်ယောက် ဒီမှာ တည်းတာ ပေါင် ၅၀၀ ကုန်ပါတယ်။ အကုန်လုံး အပါအဝင် ပေါင် ၅၀၀ ပါ"ဟု ဝေလပြည်နယ် မြောက်ပိုင်းမှ လာရောက်တည်းခိုသူ ဒန်နီရောဘတ်က ပြောသည်။ "တူရကီကို လာရောက်လည် ပတ်ရတာ အရင်ကထက် အများကြီး သက်သာလာပြီ။ ဒါပေမယ့် လူတွေက ဒီနေရာကိုလာရမှာ ကြောက်ရွံ့နေတယ်"ဟု ၎င်းက ဆက်ပြောသည်။

ယခုအခါ တူရကီခရီးသွားလုပ်ငန်း၌ အခက်အခဲပေါ်ပေါက်လာသည်။ ၂၀၁၄ ခုနှစ်က တူရကီနိုင်ငံသို့လာရောက်သည့် ခရီးသည်ပေါင်း ၃၇ သန်းရှိသည်။ တူရကီနိုင်ငံသည် ကမ္ဘာပေါ်တွင် ခရီးသွားများ အနှစ်ခြိုက်ဆုံးအဆင့် ဆဋ္ဌမနေရာ၌ ရပ်တည်သောနိုင်ငံလည်း ဖြစ်သည်။ ယခုနှစ်တွင် ခရီးသွားဝင်ရောက်မှုနှုန်းမှာ ၄၀ ရာခိုင်နှုန်းထိ ကျဆင်းလာသည်။

အဓိက ကျဆင်းသွားရခြင်း၏ အကြောင်းမှာ ရုရှားခရီးသွားများ လာရောက်လည်ပတ်မှု သိသိသာသာ ကျဆင်းသွားခြင်းကြောင့်ပင် ဖြစ်သည်။ ရုရှားဈေးကွက်ကို လက်လွှတ်လိုက်ရခြင်းသည် တူရကီ ခရီးသွားလုပ်ငန်းကို သိသိသာသာ ထိခိုက်စေခဲ့သည်။

လွန်ခဲ့သော ဒီဇင်ဘာလက တူရကီ လေပိုင်နက်အတွင်း ကျူးကျော်ဝင်ရောက်သည်ဟုဆိုကာ ရုရှားစစ်လေယာဉ်ကို တူရကီတို့ ပစ်ချခဲ့ခြင်းက စတင်ခဲ့ခြင်းဖြစ်သည်။ ထို့နောက် နှစ်နိုင်ငံကြား ဆက်ဆံရေး တင်းမာလာခဲ့သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ရုရှားတို့ဘက်မှ သဘောထားတင်းမာခဲ့ပြီး ရုရှားခရီးသွားကုမ္ပဏီများကို တူရကီသို့ သွားရောက်လည်ပတ်သည့် ခရီးစဉ်များကို အဟန့်အတားများ ပြုလုပ်ခဲ့သည်။ ရုရှားသမ္မတ ဗလာဒီမာပူတင်ကလည်း သူ၏နိုင်ငံသားများကို အခြားသောဒေသများသို့ သွားရောက်လည်ပတ်ရန် တိုက်တွန်းခဲ့သည်။

ရုရှားနှင့်တူရကီ နှစ်နိုင်ငံလုံးမှ ခေါင်းဆောင်များဖြစ်သည့် သမ္မတပူတင်နှင့် သမ္မတအာဒိုဂန်တို့ကြား သဘောထားကွဲလွဲမှုများ ရှိနေဆဲဖြစ်သည်။ တူရကီ သမ္မတ အာဒိုဂန်သည် ယခုသီတင်းပတ်အတွင်း ရုရှားနိုင်ငံ၏ အမျိုးသားနေ့အတွက် သဝဏ်လွှာပေးပို့ခဲ့သည်။ နှစ်နိုင်ငံအကြား ထင်ဟပ်လာသည့် အက်ကြောင်းများကို ပြန်လည်ကုစားရန်ဟု ယူဆရသည်။

တူရကီနိုင်ငံသို့ ခရီးသွားဝင်ရောက်မှုနှုန်း ကျဆင်းရသည့် ဒုတိယအကြောင်းရင်းမှာ လွန်ခဲ့သောနှစ်အတွင်း တူရကီနိုင်ငံတစ်ဝန်း ဗုံးများဆက်တိုက်ပေါက်ကွဲခဲ့ခြင်းကြောင့်လည်း ဖြစ်သည်။ ထို့ပြင် လွန်ခဲ့သောနွေရာသီကာလအတွင်း PKK ကာ့ဒ်သူပုန်များ တစ်စခန်းထလာခြင်းနှင့် အိုင်အက်စ်စစ်သွေးကြွများ နိုင်ငံနှင့်တစ်ဝန်း တိုက်ခိုက်မှုများ ပြုလုပ်လာခဲ့ခြင်း၊ မြို့တော်အစ္စတန်ဘူလ်သို့ လာရောက်လည်ပတ်သည့် ခရီးသွားများကို အဓိကပစ်မှတ်ထားတိုက်ခိုက်ခြင်းတို့ကြောင့်ဖြစ်သည်။



ရုရှားမှ ဧည့်သည်များအပြင် ဗြိတိန်နှင့်ဂျာမနီတို့မှ ခရီးသွားများလည်း တူရကီနိုင်ငံသို့လာရောက်လည်ပတ်မှုနှုန်း ကျဆင်းခဲ့သည်။ ခရီးသွားများ ဝင်ရောက်မှုနှုန်းကျဆင်းခြင်းကြောင့် အလုပ်နေရာ ရှစ်ရာခိုင်နှုန်းခန့်သာ ထိခိုက်မှုရှိသည်မဟုတ်။ ခရီးသွားလုပ်ငန်းကို မှီခိုအားထားနေရသည့် လုပ်ငန်းများအားလုံးကိုပါ ထိခိုက်ခြင်းပင်ဖြစ်သည်။

ရေးဟောင်းမြို့တစ်မြို့ ဖြစ်သည့် Antalya ၌ ဈေးသည်များသည် ဆိုင်ရှေ့မှဖြတ်သွားသော ခရီးသွားများကို ငေးကြည့်ကာ ကုန်ပစ္စည်းများရောင်းထွက်ရေးမျှော်လင့်ရင်း ၎င်းတို့၏တစ်နေ့တာ အချိန်ကို ကုန်ဆုံးနေကြသည်။ လာရောက်လည်ပတ်သည့် ခရီးသွားများနည်းလာသည့်အတွက် လမ်းမကြီးများ၌ ဈေးရောင်းဈေးဝယ်များနှင့် စည်ကားနေရမည့်အစား ခြောက်သွေ့တိတ်ဆိတ်မှုကသာ မင်းမူနေသည်။ ကျောက်မျက်ရတနာဆိုင်ဖွင့်သည့်လုပ်ငန်းကို နှစ်ပေါင်း ၃၀ ကြာ အောင်လုပ်ကိုင်လာသည့် Istikal Sevuk က ၎င်း၏လုပ်ငန်း သက်တမ်းတစ်လျှောက် ဒီနှစ်ကဲ့သို့ တစ်ခါမျှမဆိုးရွားသေးဟုပြောသည်။

"အဓိကမြို့ကြီးတွေမှာ အကြမ်းဖက်တိုက်ခိုက်ခံရတာကတော့ အမှန်ပါပဲ။ ဒါပေမယ့် ပြဿနာအရင်းကတော့ အစိုးရနဲ့ သမ္မတအာဒိုဂန်ပါပဲ"ဟု ၎င်း၏ထင်မြင်ချက်ကိုပြောသည်။ "သမ္မတဟာ အိမ်နီးချင်းနိုင်ငံတွေနဲ့ ငြိမ်းချမ်းရေးကို မတည်ဆောက်ဘူး။ သူဟာ နိုင်ငံပုံရိပ်ကို ဖျက်ဆီးနေတာပဲ"ဟု ဆက်ပြောသည်။

ရုရှားများ အများဆုံးလာရောက်လည်ပတ်သည့် တူရကီနိုင်ငံတောင်ပိုင်းရှိ Belek မြို့၌ ယခုအခါ စီးပွားရေးလုပ်ငန်းများ လဲပြိုနေပြီဖြစ်သည်။ ရုရှားခရီးသည် အများအပြား လာရောက်လည်ပတ်ခဲ့စဉ် ခရီးသွားများ လှိုင်လှိုင်ဝင်ခဲ့စဉ်က ခရီးသွားကုမ္ပဏီတစ်ခုဖြစ်သည့် ပီဂတ်စ်မှ နေ့စဉ် Antalya သို့ခရီးသည်တင်လေယာဉ် ၁၉ စင်းဖြင့် ခရီးသွားများ ပို့ဆောင်ပေးခဲ့ရသည်။ ယခုမူ ထိုကုမ္ပဏီမှဝန်ထမ်းပေါင်း ၃၀၀၀ ကို အလုပ်ဖြုတ်ပစ်ခဲ့ရသည်။ ရုရှားခရီးသည်များ လာရောက်လည်ပတ်လေ့ရှိသည့်ကမ်းခြေနှင့် တည်းခိုရာဟိုတယ်တို့၌ ယခုအခါ ရုရှားစကားသံများမကြားရတော့ သလောက်ပင် တိတ်ဆိတ်လာခဲ့သည်။

Antalya ရှိ ဟိုတယ်အသင်းမှ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်သူ Tolga Comertoglu က လာရောက်လည်ပတ်အပန်းဖြေသူ မရှိသလောက်ဖြစ်နေသည့် ကမ်းခြေကိုမြင်ရသည့်အခါ ဟိုတယ်လုပ်ငန်းအတွက် များစွာစိုးရိမ်ပူပန်မိကြောင်းပြောသည်။ "ကျွန်တော်တို့ ခရီးသွားလုပ်ငန်းကို မိသားစုအစဉ်အဆက် လုပ်ကိုင်လာတာပါ။ နှစ်ပေါင်း ၄၀ အတွင်း ဒီနှစ်လောက် တစ်ခါမှမဆိုးရွားဖူးဘူး။ ဒီထက်ပိုပြီး ဆိုးရွားလာရင် ဘာတွေဆက်ဖြစ်မယ်ဆိုတာ မတွေးရဲတော့ဘူး" ဟု ၎င်းကဆက်ပြောသည်။ "ဒါဟာ ခရီးသွားလုပ်ငန်းကြီးတစ်ခုလုံး နိဂုံးချုပ်ရတော့မယ့် နိမိတ်လားလို့တောင် ထင်မိပါတယ်။ ဘာလို့လဲဆိုရင် ဒေါ်လာ ၂၈ ဘီလီယံလောက် ဆုံးရှုံးနေရပြီလေ"ဟု ခရီးသွားလုပ်ငန်းနှင့်ပတ်သက်သည့် ၎င်းထင်မြင်ယူဆချက်ကို ပြောသည်။

Antalya ကို ခရီးထွက်လာသည့် ဗြိတိသျှစုံတွဲက "ဒီမှာ ဖြစ်နေတာတွေကတော့ မယုံနိုင်လောက်အောင်ပါပဲ။ တူရကီနိုင်ငံဆိုတာ ခရီးသွားတွေနဲ့ ပြည့်နှက်နေတဲ့ နေရာတစ်ခုပါ။ အခုတော့ ခရီးသွားတွေလည်း မလာကြတော့ဘူး။ ဒီတော့ ဈေးဆိုင်တွေလည်း မရောင်းရတော့ဘူး။ ဒီလုပ်ငန်းကို မှီခိုနေကြတဲ့ လူတွေ ဘယ်လိုများဆက်လက် ရှင်သန်ရတော့မှာလဲ"ဟု ဝမ်းနည်းသည့်လေသံဖြင့် ပြောသည်။ "ဒီနေရာကို လာရောက်လည်ပတ်ရမှာပါ။ ဒီလိုမှမဟုတ်ရင် အကြမ်းဖက်သမားတွေကို အရှုံးပေးရာရောက်သွားမှာပေါ့" ဟူ၍လည်း ဆက်ပြောသည်။

တိတ်ဆိတ်အေးချမ်းနေသည့် Antalya ကမ်းခြေသည် ဇွန်လ၏ နေရောင်နွေးနွေးလေးအောက်တွင် လှပစွာတည်ရှိနေသည်။ တူရကီခရီးသွားလုပ်ငန်းမှာ ဆက်တိုက် ဖြစ်ပွားနေသည့် အကြမ်းဖက်တိုက်ခိုက်မှုများ ကြိုတင်မှန်းဆ၍ မရနိုင်သည့် သမ္မတ၏မူဝါဒတို့ကြား မလူးသာမလွန့်သာနှင့်သာ ဆက်လက်ရှင်သန်နေရသည်။

**ကိုးကား-ဘီဘီစီ**
**(17 June 2016)**



**ဒီမှာဖြစ်နေတာတွေကတော့ မယုံနိုင်လောက်အောင်ပါပဲ။ တူရကီနိုင်ငံဆိုတာ ခရီးသွားတွေနဲ့ ပြည့်နှက်နေတဲ့နေရာတစ်ခုပါ။ အခုတော့ ခရီးသွားတွေလည်း မလာကြတော့ဘူး။ ဒီတော့ ဈေးဆိုင်တွေလည်း မရောင်းရတော့ဘူး။ ဒီလုပ်ငန်းကို မှီခိုနေကြတဲ့လူတွေ ဘယ်လိုများ ဆက်လက်ရှင်သန်ရတော့မှာလဲ**

## အင်ဒိုနီးရှားနိုင်ငံ အနောက်ပိုင်း၌ ရေကြီး၍မြေပြိုမှုဖြစ်၊ လူ ၂၄ ဦး သေဆုံးပြီး ၂၆ ဦးပျောက်ဆုံး

**ဂျကာတာ ဇွန် ၁၉**

အင်ဒိုနီးရှားနိုင်ငံ အနောက်ပိုင်း ဂျာဗားပြည်နယ်၌ ရေလွှမ်းမိုး၍ မြေပြိုမှုဖြစ်ပွားရာ လူ ၂၄ ဦးသေဆုံးပြီး ၂၆ ဦးပျောက်ဆုံးနေခဲ့သည်ဟု နိုင်ငံ၏ သဘာဝအန္တရာယ်စီမံခန့်ခွဲရေး အေဂျင်စီက တနင်္ဂနွေနေ့၌ ပြောသည်။

ရေလွှမ်းမိုးမှုဒဏ်အများဆုံးခံရသည့် ဒေသများမှာ ပါဝိုရီဂျို၊ ဘန်ဂျာနီဂါရာနှင့် ကီဘူမန်တို့ ဖြစ်ကြောင်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး အေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ ဆူတိုပိုပါဝိုနူဂရိုဟိုက ပြောသည်။ ထို့ပြင် အိမ်ခြေဒါဇင်ပေါင်း များစွာလည်းပျက်စီးခဲ့ကြောင်း ၎င်းကပြောသည်။ ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း အာဏာပိုင်များက ပြောသည်။ နေအိမ်ပေါင်းများစွာ မြေပြိုသည့်အထဲပါသွားခဲ့ပြီး လူထောင်ပေါင်းများစွာလည်း ရေလွှမ်းမိုးမှုဒဏ်ခံစားခဲ့ရသည်။ မြေပြိုမှုကြောင့် လမ်းများပိတ်သွားခဲ့သည်။ ထို့ကြောင့် ရေလွှမ်းမိုးမှုဒဏ်ခံစားရသည့် ဒေသများသို့ သွားရောက်ရာတွင် အခက်အခဲအတားအဆီးများပေါ်ပေါက်လျက်ရှိသည်ဟု ၎င်းကဆက်ပြောသည်။

မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် အင်ဒိုနီးရှားနိုင်ငံ၌ မြေပြိုမှုနှင့်ရေကြီးမှုများ မကြာခဏဆိုသလို ဖြစ်ပေါ်လျက်ရှိသည်။

**(ဆင်ဟွာ)**

# ရတနာပုံ၊ ရှမ်းယူနိုက်တက်နှင့် မကွေးတို့ နိုင်ပွဲဆက်

**ရန်ကုန်  ဇွန်  ၁၉**

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့ ပွဲစဉ် (၁၄) ဒုတိယနေ့ ပွဲစဉ်များကို ယနေ့ညနေပိုင်းက ကျင်းပရာ ရတနာပုံ၊ ရှမ်းယူနိုက်တက်နှင့် မကွေး အသင်းတို့ အနိုင်ရရှိခဲ့သည်။

ဗထူးကွင်း၌ ကျင်းပသောပွဲတွင် ရတနာပုံအသင်းက Horizon အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ရတနာပုံအသင်းသည် ရှုံးပွဲမရှိစံချိန်ကို ဆက်ထိန်းနိုင်ခဲ့သလို နိုင်ပွဲဆက်ခဲ့သောကြောင့် ထိပ်ဆုံးနေရာတွင် ၁၆ မှတ်ဖြင့်ဦးဆောင်နိုင်ခဲ့သည်။ ရတနာပုံအသင်းသည် နိုင်ပွဲဆက်နေသလို အခြားထိပ်ပိုင်းမှ အသင်းများသည် နိုင်ပွဲပျောက်ဆုံးခဲ့သောကြောင့် အမှတ်ကွာဟမှု ပိုမိုကြီးမားခဲ့ခြင်းဖြစ်သည်။ ရတနာပုံအသင်းသည် ဝင်းနိုင်စိုး၏ ဟက်ထရစ်ဖြင့် ဒုတိယ အကျော့ပွဲစဉ်များတွင် ရာနှုန်းပြည့် အနိုင်ရခဲ့ခြင်းဖြစ်သည်။



ရတနာပုံနှင့် Horizon အသင်းတို့ယှဉ်ပြိုင်နေစဉ်

ရတနာပုံအသင်းသည် မာတူနာနှင့် ရဲကိုဦးတို့ မပါနိုင်သော်လည်း ရန်ပိုင်၊ အောင်သူ၊ ဝင်းနိုင်စိုး၊ ရှိုင်းသူရတို့ဖြင့် လူစုံခဲ့ပြီး ဇယားအောက်ဆုံးရောက်နေသည့် Horizon အသင်းသည် လည်း လူစုံအသုံးပြုခဲ့သည်။ ရတနာပုံအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၁၀ မိနစ်နှင့် ၁၇ မိနစ်တို့တွင် ဝင်းနိုင်စိုးက နှစ်ဂိုးဆက်သွင်းယူပေးခဲ့သည်။ Horizon အသင်းသည် ချေပဂိုးရရှိရန် တိုက်စစ်ဖွင့်ကစားခဲ့ပြီးမိနစ် ၃၀ တွင် အာနက်စ်က ချေပဂိုးတစ်ဂိုး ပြန်သွင်းခဲ့သည်။ ၆၁ မိနစ်တွင် ဝင်းနိုင်စိုးက ဟက်ထရစ်ရရှိစေမည့် တတိယဂိုးကို သွင်းယူပေးခဲ့သည်။ Horizon အသင်းသည် ချေပဂိုးရရှိနိုင်မည့် ဂိုးသွင်းခွင့်များဖန်တီးနိုင်ခဲ့သော်လည်း အဆုံးသတ် အားနည်းခဲ့သောကြောင့် ချေပဂိုး ထပ်မရခဲ့ခြင်း ဖြစ်သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသောပွဲတွင် မကွေးအသင်းက ချင်းယူနိုက်တက်ကို သုံးဂိုးပြတ် အနိုင်ရရှိခဲ့သည်။

YUSC ကွင်း၌ ကျင်းပသောပွဲတွင် ရှမ်းယူနိုက်တက်အသင်းက လက်ရှိချန်ပီယံရန်ကုန်အသင်းကို နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့သည်။ ရန်ကုန်အသင်းသည် ယခုပွဲတွင် ပုံမှန်ခြေစွမ်းပျောက်ဆုံးနေခဲ့ပြီး ရတနာပုံနှင့် ရှမ်းယူနိုက်တက်တို့ကို အိမ်ကွင်းနှစ်ပွဲဆက် အရှုံးပေးခဲ့ရခြင်းဖြစ်သည်။ ဒုတိယအကျော့ပွဲစဉ်များတွင် ရလဒ်ပိုင်းကောင်းမွန်လာသည့် ရှမ်းအသင်းသည် သုံးပွဲဆက်အနိုင်ရခဲ့ခြင်းဖြစ်ပြီး အနိုင်ဂိုးများကို ၅၆ မိနစ်တွင် ရန်နိုင်ဦး၊ မိနစ် ၈၀ တွင်ဂူစတာဗိုတို့က သွင်းယူခဲ့ခြင်းဖြစ်သည်။

**သတင်း - ညီမြတ်သော်တာ**
**ဓာတ်ပုံ - ဖိုးသော်ဇင်**

# မြန်မာအမျိုးသမီးဖူဆယ်အသင်း နောက်ဆုံးခြေစမ်းပွဲတွင် သရေကျ

**ဗန်ကောက်  ဇွန်  ၁၉**

ထိုင်းနိုင်ငံ၌ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားနေသည့် မြန်မာအမျိုးသမီးဖူဆယ်အသင်းသည် နောက်ဆုံးခြေစမ်းပွဲအဖြစ် Bangkok Sports အသင်းနှင့် ယနေ့ညနေပိုင်းက ဗန်ကောက်မြို့တွင် ယှဉ်ပြိုင်ကစားရာ ခြောက်ဂိုးစီ သရေကျခဲ့သည်။ မြန်မာအသင်းအတွက် ဂိုးများကို တင့်တင့်ထွန်းက နှစ်ဂိုး၊ မေသက်ဖြူ၊ စန္ဒာထွေး၊ ခင်မာလင်းနှင့် မိဆက်တို့က တစ်ဂိုးစီ သွင်းယူပေးခဲ့သည်။

ယခုခြေစမ်းပွဲမှာ မူလက Arbac အသင်းနှင့် ယှဉ်ပြိုင်ကစားရန် စီစဉ်ထားသော်လည်း အသင်းပြောင်းလဲသွားခြင်းဖြစ်သည်။ မြန်မာအမျိုးသမီး ဖူဆယ်အသင်းသည် ခြေစမ်းပွဲသုံးပွဲ ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေကျခဲ့သည်။

**ဖိုးသော်ဇင်**

# ကိုပါအမေရိကဖလား ချီလီတို့ မက္ကဆီကိုအား ဂိုးပြတ်နိုင်ပြီး ဆီမီးတွင် ကိုလံဘီယာနှင့်တွေ့ဆုံ

**သီဟ**

ကိုပါအမေရိကဖလားပြိုင်ပွဲ၏ ကွာတားဖိုင်နယ်ပွဲစဉ်ဖြစ်သည့်မက္ကဆီကိုနှင့် ချီလီတို့ ဇွန် ၁၉ ရက် နံနက်က ယှဉ်ပြိုင်ကစားရာ မက္ကဆီကိုတို့ ချီလီကို ခုနစ်ဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်ရှုံးနိမ့်ခဲ့သည်။

ကိုပါပြိုင်ပွဲတွင် ဗိုလ်စွဲနိုင်သည်ဟု မက္ကဆီကိုတို့ရေပန်းစားခဲ့သော်လည်း ချီလီကို ဂိုးပြတ် ရှုံးနိမ့်မှုမှာ အံ့အားသင့်ဖွယ်ဖြစ်သည်။ မက္ကဆီကိုတို့ အနေဖြင့် ယခုပွဲတွင် ချီလီကို တစ်ဦးချင်းရော ကစားကွက်ပါ မယှဉ်နိုင်၍ ဂိုးပြတ်ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ချီလီအတွက်ဂိုးများကို ပထမပိုင်း ၁၆ မိနစ်တွင် ပွတ်ရို နှင့် ၄၄ မိနစ်တွင်ဗားဘတ်စ်က သွင်းယူပေးသည်။

ပွဲချိန် ၄၉ မိနစ်တွင်တိုက်စစ်မှူး ဆန်ချက်ဇ်က ချီလီအတွက် တတိယဂိုးသွင်းယူပေးပြီး ယခုပွဲတွင် ခြေစွမ်းပြသော ဗားဘတ်စ်က ပွဲချိန် ၅၂ မိနစ်၊ ၅၇ မိနစ်နှင့် ၇၄ မိနစ်တို့တွင် သုံးဂိုးဆက်တိုက်သွင်းယူပေးသည်။ ချီလီအတွက်ပွဲသိမ်းသတ္တမမြောက်ဂိုးကို ပွတ်ရိုက ၈၇ မိနစ်တွင် သွင်းယူပေးသည်။ ချီလီတို့ယခုပွဲအနိုင်ကြောင့် ဆီမီးတွင် ကိုလံဘီယာနှင့်တွေ့ဆုံပြီး ဇွန် ၂၃ ရက် နံနက် ၆ နာရီခွဲတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

# ယူရိုအုပ်စု(စ)ပွဲစဉ် အိုက်စလန်နှင့် ဟန်ဂေရီ၊ ပေါ်တူဂီနှင့် ဩစတြီးယားတို့ သရေပွဲများဖြစ်

ယူရို ၂၀၁၆ ပြိုင်ပွဲအုပ်စု(စ)ပွဲစဉ်များဖြစ်သည့် အိုက်စလန်နှင့် ဟန်ဂေရီပွဲသည် တစ်ဖက် တစ်ဂိုးစီသရေဖြစ်ပြီး ပေါ်တူဂီနှင့် ဩစတြီးယားပွဲမှာလည်း ဂိုးမရှိသရေဖြစ်ခဲ့သည်။

အိုက်စလန်နှင့် ဟန်ဂေရီတို့ပွဲကို ဇွန် ၁၈ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားရာ ပေါ်တူဂီကို ပထမပွဲစဉ်၌ သရေကျထားသည့် အိုက်စလန်တို့ ယခုပွဲအနိုင်ရရေး ကြိုးစားခဲ့ပြီး ပထမပိုင်းပွဲချိန် ၃၄ မိနစ်တွင် ဆီဂတ်ဆင်က အိုက်စလန်အတွက် ဂိုးသွင်းယူပေးသည်။ ဒုတိယပိုင်းတွင်လည်း နှစ်သင်းစလုံး အပြန်အလှန်ကစားခဲ့ပြီး ပွဲပြီးခါနီးတွင်ဟန်ဂေရီတို့ဖိကစားခဲ့ရာ ဟန်ဂေရီကစားသမား အိုက်စလန်ဂိုးစည်းအတွင်း တောင်ပံမှဖြတ်တင်ပေးသည်ကို အိုက်စလန်မှ ဆေဗာဆင်က ဖျက်ထုတ်ကာကွယ်ရာမှ ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့သည်။

ပေါ်တူဂီနှင့် ဩစတြီးယားတို့ ဇွန် ၁၉ ရက် နံနက် ၁ နာရီခွဲက ကစားရာ ဂိုးမရှိ သရေဖြစ်ခဲ့သည်။ ပေါ်တူဂီတို့ ရရှိသော ကန်သွင်းချက်များကို ဩစတြီးယား ဂိုးသမား လက်စွမ်းပြကာကွယ်နိုင်ပြီး ဒုတိယပိုင်းပွဲချိန် ၇၉ မိနစ်တွင်ရရှိသော ပယ်နယ်တီကို ရော်နယ်ဒိုကန်သွင်းရာ တိုင်ထိထွက်ခဲ့ သည်။ ပေါ်တူဂီတို့ သရေကျသဖြင့် အုပ်စုနောက်ဆုံးပွဲအဖြစ် ဟန်ဂေရီနှင့်ပွဲတွင် အနိုင်ကစားရန်လိုသည်။ ပေါ်တူဂီနှင့်ဩစတြီးယားတို့ ဂိုးမရှိသရေပွဲမှာ ယခုယူရို ပွဲတစ်လျှောက် ဒုတိယမြောက် ဂိုးမရှိသရေပွဲဖြစ်သည်။ အုပ်စု(စ)၌ နှစ်ပွဲစီကစားအပြီး ဟန်ဂေရီက လေးမှတ်၊ ပေါ်တူဂီနှင့် အိုက်စလန်တို့ နှစ်မှတ်စီ ရရှိပြီး ဩစတြီးယားက တစ်မှတ်သာ ရရှိထားသည်။

အုပ်စု(င)မှ ပွဲစဉ်ဖြစ်သည့် ဘယ်လ်ဂျီယံနှင့် အိုင်ယာလန်တို့ ဇွန် ၁၈ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားရာ ဘယ်လ်ဂျီယံက သုံးဂိုး-ဂိုးမရှိဖြင့်အနိုင်ရသွားသည်။ ဘယ်လ်ဂျီယံတို့ အနေဖြင့် အုပ်စု(င)နောက်ဆုံးပွဲစဉ်အဖြစ် ဇွန် ၂၃ ရက် နံနက် ၁ နာရီခွဲတွင် ဆွီဒင်နှင့် ကစားရမည်ဖြစ်ပြီး အီတလီကလည်း အိုင်ယာလန်နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အုပ်စု(င)၌ အီတလီက ခြောက်မှတ်၊ ဘယ်လ်ဂျီယံက သုံးမှတ်၊ ဆွီဒင်နှင့် အိုင်ယာလန်တို့က တစ်မှတ်စီရရှိထားသည်။

❍ **သီဟ**


ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား

**ရန်ကုန်ဘူတာနယ်မြေ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းလုပ်ငန်း တင်ဒါယှဉ်ပြိုင်ခွင့်ရရှိသည့် ကုမ္ပဏီအဖွဲ့အစည်းများမှ RFP (Request for Proposal) ထုတ်ယူမှုအခြေအနေ အသိပေးကြေညာခြင်း**

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားမှ (၇.၈.၂၀၁၅)ရက်နေ့တွင် ရန်ကုန်ဘူတာကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားမှုဖော်ပြချက် (Expression Of Interest) (EOI)အဆိုပြုလွှာများအား တင်သွင်းရန် ဖိတ်ခေါ်ခဲ့ရာ ပြည်တွင်း/ ပြည်ပ ကုမ္ပဏီအဖွဲ့အစည်း(၁၈)ဖွဲ့မှ အဆိုပြုလွှာများ တင်သွင်းခဲ့ပြီး ကုမ္ပဏီအဖွဲ့အစည်း (၁၅)ဖွဲ့မှ တင်ဒါဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိခဲ့ပါသည်။

၂။ အထက်ပါ တင်ဒါဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိသော ကုမ္ပဏီအဖွဲ့အစည်း(၁၅)ဖွဲ့သို့ (၆.၃.၂၀၁၆) ရက်နေ့မှ (၃၁.၅.၂၀၁၆)ရက်နေ့အထိ တင်ဒါစာရွက်စာတမ်းများ(RFP Document) ကို ထုတ်ယူနိုင်ကြောင်း နိုင်ငံပိုင်သတင်းစာများမှ ကြေညာပေးခဲ့ရာ သတ်မှတ်ထားသည့် ကာလအတွင်း အောက်ဖော်ပြပါ ကုမ္ပဏီအဖွဲ့အစည်း (၇)ဖွဲ့မှ တင်ဒါစာရွက်စာတမ်းများ ထုတ်ယူခဲ့ကြပါသည်-

(က) Min Dhama Co.,Ltd
(ခ) Shwe Gon Development Group
(ဂ) Yoma Strategic Holding & FMI Group
(ဃ) Italian Design for Myanmar Group
(င) Excellent fortune Development Group Co.,Ltd
(စ) High Tech Concrete Technology Co.,Ltd
(ဆ) Capital Diamond Star Group

၃။ မြန်မာ့မီးရထားအနေဖြင့် ရန်ကုန်ဘူတာနယ်မြေ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း တင်ဒါခေါ်ယူခြင်းလုပ်ငန်းစဥ်နှင့်ပတ်သက်၍ Request for Proposal (RFP) and Instructions to Tenderer (ITT) တွင် ဖော်ပြထားသည့် တင်ဒါလုပ်ထုံးလုပ်နည်းအချိန်ဇယားနှင့်အညီ အဆိုပြုလွှာများတင်ပြလာပါက စိစစ်ရွေးချယ်မှုကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

မြန်မာ့မီးရထား
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန



**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန(ကလေးတက္ကသိုလ်)**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် အဆင့်မြင့်ပညာဦးစီးဌာန၊ ကလေးတက္ကသိုလ်တွင် အသုံးပြုရန်အတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။
(၁) စက်ပစ္စည်း (Machinery & Equipment) (၁ မျိုး)
(၂) ရုံးသုံးစက်ပစ္စည်း (Office Equipment) (၁ မျိုး)
(၃) ပရိဘောဂပစ္စည်းများ (Furniture) (၁၅ မျိုး)
(၄) ဓာတ်ခွဲခန်းသုံးပစ္စည်း (Lab Equipment) (၃၇ မျိုး)
(၅) Reference Books

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၀-၆-၂၀၁၆ရက်တွင် စတင်၍ ရောင်းချမည်ဖြစ်ပြီး အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၀-၇-၂၀၁၆ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် တင်သွင်းရမည့်လိပ်စာမှာ အဆင့်မြင့်ပညာဦးစီးဌာန၊ ကလေးတက္ကသိုလ်၊ အင်ဂျင်နီယာဌာန ကလေးမြို့ဖြစ်ပါသည်။
၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ကလေးတက္ကသိုလ်၊ အင်ဂျင်နီယာဌာန ဖုန်း-၀၇၃-၂၁၉၇၅၊ ၀၉-၄၂၈၁၈၅၅၈၀၊ ဘဏ္ဍာရေးဌာန ၀၇၃-၂၂၀၆၄၊ ၀၉-၃၃၅၆၆၃၄၂တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးကော်မတီ**
**အဆင့်မြင့်ပညာဦးစီးဌာန**
**ကလေးတက္ကသိုလ်**



**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ထားခြင်း**

ယာဉ်အမှတ် 8C/5647 Yar Zar Min L/T P/U(4x2)® ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဆွေဆွေလှဲ ၁၂/လမန(နိုင်)၀၄၂၂၈၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**



**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန(မန္တလေးရုံးခွဲ)**
**ကျောက်ဆည်တက္ကသိုလ်**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျောက်ဆည်တက္ကသိုလ်တွင် အသုံးပြုရန်အတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။
(၁) ဓာတ်ခွဲခန်းသုံးပစ္စည်းများ
(၂) စက်ပစ္စည်းများ
(၃) ရုံးသုံးစက်ပစ္စည်းများ
(၄) ပရိဘောဂပစ္စည်းများ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၂၀-၆-၂၀၁၆ ရက်တွင် စတင်၍ ရောင်းချမည်ဖြစ်ပြီး အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၀-၇-၂၀၁၆ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်လိပ်စာနှင့် တင်သွင်းရမည့်လိပ်စာမှာ ကျောက်ဆည်တက္ကသိုလ်၊ စဉ့်ကိုင်မြို့နယ်ဖြစ်ပါသည်။
၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၉-၇၈၀၇၈၄၁၃၉၊ ၀၉-၇၉၆၅၂၇၀၉၀ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးကော်မတီ**
**ကျောက်ဆည်တက္ကသိုလ်**



**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန(မန္တလေးရုံးခွဲ)**
**ရွှေဘိုတက္ကသိုလ်**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် ရွှေဘိုတက္ကသိုလ်တွင် အသုံးပြုရန်အတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-
(၁) ဓာတ်ခွဲခန်းသုံးပစ္စည်းများ
(၂) စက်ပစ္စည်းများ
(၃) ရုံးသုံးစက်ပစ္စည်းများ
(၄) ပရိဘောဂပစ္စည်းများ
(၅) ရည်ညွှန်းကိုးကားစာအုပ်များ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၂၀-၆-၂၀၁၆ ရက်တွင် စတင်၍ရောင်းချမည်ဖြစ်ပြီး အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၀-၇-၂၀၁၆ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်လိပ်စာနှင့် တင်သွင်းရမည့်လိပ်စာမှာ ရွှေဘိုတက္ကသိုလ် ရွှေဘိုမြို့ဖြစ်ပါသည်။
၄။ အသေးစိတ် အချက်အလက်များသိရှိလိုပါက ဖုန်း-၀၉-၇၉၇၂၁၂၉၄၁၊ ၀၉-၇၉၈၀၈၇၅၇၉ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးကော်မတီ**
**ရွှေဘိုတက္ကသိုလ်**
**ရွှေဘိုမြို့**

# တိုကျိုမြို့ရှိ စိုက်ပျိုးရေးပညာသင်ကြားပေးသော တက္ကသိုလ်များ (အပိုင်း-၂)

## ဒေါက်တာမျိုးကြွယ်(AUAA) ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်


တိုကျိုစိုက်ပျိုးရေးနှင့် နည်းပညာတက္ကသိုလ်၌ စိုက်ပျိုးရေးပါမောက္ခများ

**တိုကျိုစိုက်ပျိုးရေးနှင့် နည်းပညာတက္ကသိုလ်**

တိုကျိုစိုက်ပျိုးရေးနှင့် နည်းပညာတက္ကသိုလ် (Tokyo University of Agriculture and Technology TUAT – Tokyo Noko University) သည် အစိုးရမှထောက်ပံ့ပေးသောတက္ကသိုလ်(Public University)ဖြစ်ပါသည်။ ၁၈၇၄ ခုနှစ်ကတည်းက တည်ထောင်ခဲ့၍ သက်တမ်း ၁၄၂ နှစ်ရှိပါပြီ။ ဘွဲ့ကြိုကျောင်းသား ကျောင်းသူ ၄၀၀၀ နှင့် ဘွဲ့လွန်ကျောင်းသား ကျောင်းသူ ၂၀၀၀ စုစုပေါင်း ၆၀၀၀ ကျော်ကို ဆရာ ဆရာမနှင့် အထောက်အကူပြုဝန်ထမ်း ၆၃၇ ဦး၊ ပါမောက္ခ ၁၆၃ ဦးဖြင့် သင်ကြားပေးလျက်ရှိသော တက္ကသိုလ်ကြီး ဖြစ်ပါသည်။

အဓိကမဟာဌာန နှစ်ခုရှိပါသည်။ စိုက်ပျိုးရေးမဟာဌာန (Faculty of Agriculture)နှင့် အင်ဂျင်နီယာမဟာဌာန (Faculty of Engineering)တို့ ဖြစ်ပါသည်။

စိုက်ပျိုးရေး မဟာဌာန (Faculty of Agriculture) အောက်တွင် အောက်ပါဌာနများရှိပါသည်။

(က) ဇီဝသက်ရှိထုတ်လုပ်ရေးဌာန (Department of Biological Production)။ ။ '၂၁ ရာစု သိပ္ပံနည်းကျ အစားအသောက်ဘေးကင်းစွာထုတ်လုပ်ပါ' (Making Foods and Food Safety and Science in the 21 of Century) ဆိုသည့် သူတို့၏ ဆောင်ပုဒ်အတိုင်း သင်ကြားသုတေသနပြုနေပါသည်။

(ခ) အသုံးချဇီဝသိပ္ပံဌာန(Department of Applied Biological Science)။ ။ ဇီဝသက်ရှိများ၏ လူသားများမသိနိုင်သေးသော ဆန်းကျယ်မှုများကို လေ့လာခြင်းဖြစ်ပါသည်။

(ဂ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်သိပ္ပံပညာဌာန (Department of Environmental and Natural Resource Sciences)။ ။ သဘာဝပတ်ဝန်းကျင်နှင့် အရင်းအမြစ်များကို ထိန်းသိမ်းပြုပြင်ခြင်း ဖြစ်ပါသည်။

(ဃ) ဒေသဂေဟဗေဒဆိုင်ရာသိပ္ပံဌာန (Department of Ecoregion Science)။ ။ ဒေသတွင်း သစ်တော၊ စိုက်ခင်း၊ မြို့ပြနှင့်ကျေးလက်ဒေသ ပူးပေါင်းတည်ရှိနေမှုကို စူးစမ်းလေ့လာနေပါသည်။

(င) မွေးမြူရေးဆိုင်ရာ ဆေးပညာဌာန(Department of Veterinary Medicine)။ ။ နောက်ဆုံးပေါ် ဇီဝသိပ္ပံတွေ့ရှိချက်များကို အကျိုးရှိအောင် အသုံးချရန်ဖြစ်ပါသည်။


တိုကျိုစိုက်ပျိုးရေးနှင့်နည်းပညာတက္ကသိုလ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ

အင်ဂျင်နီယာမဟာဌာန (Faculty of Engineering) ကို ၁၉၆၂ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ဌာန ရှစ်ခုရှိပါသည်။

(က) ဇီဝနည်းပညာနှင့်ဇီဝသိပ္ပံဌာန (Department Biotechnology and Life Science)။ ။ ဇီဝသိပ္ပံသုတေသနများမှသည် ကမ္ဘာကြီးဦးဆောင်နိုင်မည့် ပညာရှင်များ မွေးထုတ်ရန် ရည်ရွယ်ပါသည်။ အထူးသဖြင့် နောက်ဆုံးပေါ် Nano-biotechnology နည်းပညာကို အသုံးချပါသည်။ အခြားဌာနများမှာ -

(ခ) အသုံးချဓာတုဗေဒ (Applied Chemistry)

(ဂ) သြဂဲနစ်နှင့် ပေါ်လီမာဓာတ်ဝတ္ထု ဓာတုဗေဒ (Organic and Polymer Materials Chemistry)

(ဃ) ဓာတုအင်ဂျင်နီယာ(Chemical Engineering)

(င) စက်မှုစနစ်အင်ဂျင်နီယာ (Mechanical System Engineering)

(စ) အသုံးချရူပဗေဒ (Applied Physics)

(ဆ) လျှပ်စစ်နှင့်အီလက်ထရွန်နစ်နည်းပညာ အင်ဂျင်နီယာ (Electrical & Electronic Engineering)

(ဇ) ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ (Computer and Information Sciences)တို့ ဖြစ်ကြပါသည်။

အင်ဂျင်နီယာမဟာဌာန၏ ရည်မှန်းချက်မှာ စိုက်ပျိုးရေးနှင့် နည်းပညာ ပူးပေါင်းထားသဖြင့် စိုက်ပျိုးမွေးမြူရေးနှင့်သက်ဆိုင်သော အင်ဂျင်နီယာသင်ကြားရေးနှင့် သုတေသနများကို လုပ်ဆောင်ပါသည်။

ဤတက္ကသိုလ်မှာ သုတေသနကို အခြေပြုလေ့လာနေသော တက္ကသိုလ်ဖြစ်သဖြင့် ၂၀၁၂ ခုနှစ် စာရင်းအရ ဘွဲ့ကြိုကျောင်းသား ကျောင်းသူပေါင်း ၃၉၃၄ ဦးနှင့် ဘွဲ့လွန်ကျောင်းသား မဟာသိပ္ပံ ၁၃၈၆ ဦး၊ ပါရဂူဘွဲ့ ၄၉၆ ဦးဖြင့် သုတေသနပြုနေသောတက္ကသိုလ် ဖြစ်ပါသည်။

ဂျပန်နိုင်ငံ၏ အဓိကပို့ကုန်များမှာ ယာဉ်စက်ကိရိယာ၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ ဆေးဝါးနှင့် အင်ဂျင်နီယာပစ္စည်းများ၊ သံ၊ သံမဏိ၊ ပလတ်စတစ်၊ သြဂဲနစ်ဓာတုပစ္စည်းများ၊ သဘော်ဆောက်လုပ်ခြင်းစသည်ဖြင့် စက်မှုအခြေခံသော ထုတ်ကုန်များဖြစ်ပါသည်။ ၂၀၁၅ ခုနှစ် စာရင်းဇယားအရ ဂျပန်နိုင်ငံစိုက်ပျိုးရေးသည် နိုင်ငံစုစုပေါင်းထုတ်ကုန် GDP အားလုံး၏ ၁ ဒသမ ၄ ရာခိုင်နှုန်းသာရှိပြီး စုစုပေါင်းမြေရိယာအားလုံး၏ ၁၂ ရာခိုင်နှုန်းသာ စိုက်ပျိုးမြေဖြစ်ပါသည်။

သို့သော်လည်း နိုင်ငံ၏မြို့တော် တိုကျိုမြို့တစ်ခုတည်းတွင်ပင် စိုက်ပျိုးရေး၊ မွေးမြူရေးကို အဆင့်မြင့်ပညာသင်ကြားပေးနေသော တက္ကသိုလ်သုံးခုရှိပါသည်။ ထိုတက္ကသိုလ်များမှ စုစုပေါင်း နှစ်စဉ်စိုက်ပျိုးမွေးမြူရေးဘွဲ့ရ ကျောင်းသားဦးရေ ၅၀၀၀ နီးပါးခန့် မွေးထုတ်ပေးနေပါသည်။ တစ်နိုင်ငံလုံးရှိ စုစုပေါင်း စိုက်ပျိုးရေး၊ မွေးမြူရေးဘွဲ့ရကျောင်းသားဦးရေမှာ ၂၀၁၄ ခုနှစ်စာရင်းဇယားအရ ၂၀၅၀၅ ရှိပြီး စုစုပေါင်းဘွဲ့ရဦးရေမှာ ၉၇၇၂၁၄ ဦးရှိရာ စိုက်ပျိုးရေးဘွဲ့ရသူဦးရေမှာ ၂ ဒသမ ၆၁ ရာခိုင်နှုန်းရှိပါသည်။ ကျွန်တော်တို့ မြန်မာနိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးဘွဲ့ရမှာ စုစုပေါင်း ဘွဲ့ရကျောင်းသားအားလုံး၏ ၀ ဒသမ ၅ ရာခိုင်နှုန်းသာ ရှိပါသည်။

ကျွန်တော်ဆိုလိုသည်မှာ ဂျပန်သည် ဖွံ့ဖြိုးပြီးစက်မှုနိုင်ငံ (Developed Industrialized Nation) ဖြစ်သော်လည်း အစားအသောက် ဘေးကင်းလုံခြုံရေး Food Safety and Security) နှင့် စားစရာပြဿနာအတွက် အစားအသောက်နှင့် စိုက်ပျိုးမွေးမြူရေးပညာများကို မေ့မထားပါ။ တက္ကသိုလ်များမှ စဉ်ဆက်မပြတ် ပညာရှင်များ မွေးထုတ်၊ သုတေသနပြုလုပ်လျက် ရှိနေပါသည်။

(ဆက်လက်ဖော်ပြပါမည်)

---

**မွန်ပြည်နယ် ရေးမြို့နယ်အတွင်းမှ ဒေသခံပြည်သူများအား ပြည်နယ် တိုင်းရင်းဆေးကုဌာနမှ ပြည်နယ်ဦးစီးမှူး ဒေါ်သန်းသန်းမြင့်နှင့် မော်လမြိုင်တိုင်းရင်းဆေးရုံမှ ဆရာ ဆရာမများ၊ မြို့နယ်တိုင်းရင်းဆေးကုဌာနမှ လက်ထောက်တိုင်းရင်းဆေးမှူး ဒေါ်စန်းစန်းမြင့်နှင့် ဝန်ထမ်းများက အစင်ကျေးရွာ တောင်စွန်းဘုန်းတော်ကြီးကျောင်း၌ ဇွန် ၁၇ ရက်က တိုင်းရင်းဆေးဖြင့် အခမဲ့ဆေးကုသပေးစဉ်။** (ဆေးကုသပေးရာတွင် အထွေထွေရောဂါဝေဒနာရှင် ၃၂၅ ဦးအား ကုသပေးနိုင်ခဲ့ကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ဆေးဖက်ဝင်အပင်များအကြောင်းကိုလည်း ဟောပြောခဲ့ကြောင်း သိရသည်။) **(မြို့နယ် ပြန်/ဆက်)**



# ရထားလမ်းဘေး ဈေးရောင်းဝယ်သူများ အန္တရာယ်ကင်းရန် သံဆန့်ခါများကာရံ

**ကျွန်းလှ ဇွန် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် သစ်ရာမြိုင်ရပ်ကွက်ဈေး ရထားလမ်းဘေး၌ ဈေးရောင်းသော ဈေးသည်များနှင့် ဈေးဝယ်သူများ အန္တရာယ်ကင်းရှင်းစေရန်အတွက် သံဆန့်ခါများကို ဈေးကော်မတီနှင့် ဈေးသူဈေးသားများ စုပေါင်း၍ ကာရံခဲ့ရာ ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါဈေး၌ ရပ်ကွက်/ကျေးရွာများရှိဈေးသည်များက အိမ်ခြံထွက် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းအမျိုးမျိုးတို့ကို နံနက်ဝေလီဝေလင်းအချိန်မှစ၍ လာရောက်ရောင်းချကြကြောင်း၊ ဈေးသည်များမှာ နေ့စဉ် သံလမ်းကို ကျောပေးရောင်းချနေကြကာ ဈေးဝယ်သူများအား အာရုံစိုက်နေချိန်များတွင် ရထားလာပါက အန္တရာယ်ရှိနိုင်သောကြောင့် ဈေးကော်မတီနှင့် ဈေးသူ ဈေးသားများ စုပေါင်းပြီး သံလမ်းနှင့် ခုနစ်ပေအကွာတွင် သံဆန့်ခါကိုကာရံခဲ့ခြင်းဖြစ်ကြောင်း၊ အရှည်ပေ ၄၀၀၊ အမြင့်ငါးပေရှိ သံဆန့်ခါကို ကွန်ကရစ်တိုင်များစိုက်၍ ကာရံနိုင်ခဲ့သဖြင့် ဈေးရောင်း ဈေးဝယ်သူများ အနေဖြင့် အန္တရာယ်ကင်းရှင်းစွာ ရောင်းချဝယ်ယူနိုင်ကြပြီဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**



---

## သွေးလွန်တုပ်ကွေး ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**ကျောင်းကုန်း ဇွန် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက်၌ သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးအတွက် ခြင်နှိမ်နင်းရေးလုပ်ငန်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဦးဆောင်၍ ဇွန် ၁၈ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါက်တာ သန္တာအောင်ဦးဆောင်၍ မိခင်နှင့်ကလေး ကျန်းမာရေးဦးစီးဌာနမှ ဆရာမများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး ကျန်းမာရေးမြှင့်တင်သူများက ရပ်ကွက်အတွင်းရှိ နေအိမ်များမှ ခြင်ကျားများ ပေါက်ပွားနိုင်သော ရေအိုးများနှင့် ဘုရားပန်းအိုးများ၊ မိုးရေဝင်နိုင်သော အိုးခြမ်းပဲ့များ၊ ဘက်ထရီအိုးအဟောင်းများတွင် ဖုံး၊ သွန်၊ လဲ၊ စစ် စစ်ဆေးခြင်းများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ပြည်သူ့အတွက် ရက် ၁၀၀ စီမံချက်အရ ကျောင်းကုန်းမြို့၌ သွေးလွန်တုပ်ကွေးကာကွယ်ရေးလုပ်ငန်းများကို အပတ်စဉ် စနေနေ့တိုင်း ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရေစီးရေလာမကောင်းသည့် ဘုရင့်နောင်လမ်း ရေမြောင်းများတွင်လည်း ခြင်များပေါက်ပွားနိုင်သောကြောင့် သက်ဆိုင်ရာက အမြန်ဆုံးဆောင်ရွက်ပေးရန် ဒေသခံပြည်သူများက မျှော်လင့်နေကြကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# အသည်းရောင်ရောဂါ ဘီပိုးကာကွယ်ဆေးများ အခမဲ့ထိုးပေး

**စဥ့်ကူး ဇွန် ၁၉**
မြန်မာနိုင်ငံအသည်းဖောင်ဒေးရှင်းကကြီးမှူး၍ မန္တလေးတိုင်းဒေသကြီး စဥ့်ကူးမြို့နယ် လက်ပံလှကျေးရွာ အသည်းဖောင်ဒေးရှင်းကဦးဆောင်ပြီး အသည်းရောင်ဘီရောဂါဆိုင်ရာ ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို လက်ပံလှကျေးရွာ ပြည်လုံးချမ်းသာ ကမ္ဘာအေးစေတီတော်မွှာရုံ၌ ဇွန် ၁၇ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ အသည်းဖောင်ဒေးရှင်း၊ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းနှင့် ရွှေဘိုအသည်းဖောင်ဒေးရှင်းတို့မှ ဆရာဝန်ကြီးများနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာန၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဟောပြောပွဲကို ပြုလုပ်ခဲ့ခြင်း ဖြစ်ပြီး ဘီပိုးကာကွယ်ဆေးများကိုလည်း ဒေသခံပြည်သူများအား အခမဲ့ထိုးပေးခဲ့ကြောင်းနှင့် ငါးရက်ကြာ ဆေးခန်းဖွင့်လှစ်၍ ကာကွယ်ဆေးများ ထိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဟောပြောပွဲတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကျော်ထူးမြတ်က အမှာစကားပြောကြားပြီး ရွှေဘိုအသည်းဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာကျော်ဌေး ဦးဆောင်သော ဆရာဝန်ကြီးများက ဘီပိုးကာကွယ်ဆေးများ ထိုးနှံပေးရသည့်အကြောင်းရင်း၊ ဆေးထိုးရာတွင် အချိန်မှန်၊ ဆေးမှန်၊ စနစ်မှန်၊ အကြိမ်မှန်၊ ဆေးပမာဏမှန်နှင့် အာနိသင်မှန် စသည့် မှန်ခြောက်မှန်နှင့်ကိုက်ညီအောင် စနစ်တကျဆေးထိုးခြင်း၊ ဘီပိုးကူးစက်နိုင်ပုံများနှင့် ကာကွယ်နည်းများ၊ အသည်းရောဂါဆိုင်ရာ ကျန်းမာရေးအသိ ပညာများအကြောင်းကို အသေးစိတ်ရှင်းလင်းဟော ပြောခဲ့ကြသည်။




ထို့နောက် ဒေသခံပြည်သူများအား ဆရာဝန်ကြီးများက အသည်းရောင် ဘီပိုးရှိ မရှိ အခမဲ့စမ်းသပ်စစ်ဆေးပေးပြီး ရောဂါပိုးမရှိသူများအား ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးခဲ့သည်။ ကာကွယ်ဆေးများထိုးပေးရာတွင် လက်ပံလှကျေးရွာ၌ ငါးရက်ကြာ ဆေးခန်းဖွင့်လှစ်၍ ဒေသခံပြည်သူ ၁၀၀၀ ကို ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။
**ဝင်းမောင်**

# အင်ဂျန်းယန်မြို့နယ်အတွင်း ဆေးစိမ်ခြင်ထောင်များဖြန့်ဝေ

**အင်ဂျန်းယန် ဇွန် ၁၉**
အင်ဂျန်းယန်မြို့နယ် ကျေးရွာများအတွင်း နေထိုင်ကြသောပြည်သူများ ငှက်ဖျားရောဂါ ကာကွယ်နိုင်ရေးရည်ရွယ်လျက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် HPA အဖွဲ့တို့ပူးပေါင်း၍ ကျန်းမာရေးအသိပညာပေး ဟောပြောပွဲနှင့် ဆေးစိမ်ခြင်ထောင်များ ဖြန့်ဝေပေးခြင်းကို အင်ဂျန်းယန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ဇွန်လတတိယပတ်အတွင်းက ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် အင်ဂျန်းယန်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်မိုးဝင်းက ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများအကြောင်းကို အသေးစိတ်အသိပညာပေးဟောပြောခဲ့ပြီး HPA အဖွဲ့နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများက ဒေသခံပြည်သူများအား ငှက်ဖျားရောဂါ ရှိ မရှိ စစ်ဆေးခြင်းနှင့် ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် မြို့ပေါ်လေးခုမှ ပြည်သူများအား အိမ်ထောင်စုလူဦးရေအလိုက် နှစ်ဦးလျှင် ဆေးစိမ်ခြင်ထောင်တစ်လုံးနှုန်းဖြင့် ဆေးစိမ်ခြင်ထောင် ၃၄၂ လုံးကို ဖြန့်ဝေပေးခဲ့သည်။

အင်ဂျန်းယန်နယ်၌ မြို့ပေါ်ရပ်ကွက်များသာမက မြို့နယ်အတွင်းရှိ ကျေးရွာ ၁၀ ရွာသို့လည်း ကွင်းဆင်း၍ ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် ဆေးစိမ်ခြင်ထောင်များ ဖြန့်ဝေပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
**(မြို့နယ်ပြန်/ဆက်)**

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲကျင်းပ

**မြိုင် ဇွန် ၁၉**
မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် နံရံကပ်စာစောင်၊ ခတ်ပုံပြပွဲနှင့် ဟောပြောပွဲကို အိုရင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ခန်းမ၌ ဇွန် ၁၇ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် အိုရင်းကျေးရွာ အထက(ခွဲ) ကျောင်းအုပ်ဆရာကြီး ဦးအောင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ရဲစခန်းမှူး ဝင်းဌေးအောင်က မူးယစ်ဆေးဝါးဆိုင်ရာ ဥပဒေများကိုလည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင် ဒေါ်မြင့်မြင့်ခိုင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်အေးအေးနွဲ့တို့က မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုလုပ်ငန်းဆိုင်ရာများ နှင့် ပတ်သက်၍လည်းကောင်း၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်မောင်မယ်များအနေဖြင့် မူးယစ်ဆေးဝါးများကို အထူးရှောင်ကြဉ်ကြရန်နှင့် ပညာရေးကို ကြိုးစားကြရန်လည်းကောင်း အသေးစိတ် ရှင်းလင်းဟောပြောခဲ့ကြသည်။



ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ပြီး ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေး အသိပညာပေး နံရံကပ်စာစောင်များ၊ ခတ်ပုံများနှင့် စာအုပ်များကို ပြသခဲ့ရာ ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုကြခဲ့ကြသည်။
**အောင်ကျော်မြင့်**

## သတင်းတိုများ

### ကွန်ဟိန်းမြို့နယ်တွင် မိုးရာသီစိုက်ပျိုးစရိတ်များ ဆက်လက်ထုတ်ချေး

ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ်အတွင်းမှ တောင်သူများအတွက် မိုးရာသီသီးနှံစိုက်ပျိုးစရိတ် ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲက ဇွန် ၁၆ ရက်က စတင်ထုတ်ချေးပေးခဲ့ပြီး ဇွန် ၁၆ နှင့် ၁၇ နှစ်ရက်အတွင်း မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ တောင်သူများ၏ စပါးစိုက်ဧက ၆၂၀ အတွက် တစ်ဧကလျှင် ချေးငွေကျပ် တစ်သိန်းခွဲနှုန်းဖြင့် ချေးငွေကျပ်သိန်းပေါင်း ၉၃၀ ကျော်ကို ထုတ်ချေးပေးနိုင်ခဲ့ကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**

### ပဲခူးမြို့နယ်အုပ်ချုပ်ရေးမှူးဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲဆုပေးပွဲကျင်းပ

ပဲခူးမြို့ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပလျက်ရှိသော ပဲခူးမြို့နယ်အုပ်ချုပ်ရေးမှူးဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ၏ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဇွန် ၁၇ ရက်က ကျင်းပခဲ့ရာ ကျောက်ကြီးစုအသင်းနှင့် ဈေးကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး ကျောက်ကြီးစုအသင်းက အနိုင်ရခဲ့သည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ကျင်းပပြီး ပထမတံခွန်စိုက်ဖလားရရှိသော ကျောက်ကြီးစုအသင်းနှင့် အခြားအသင်းလိုက်ဆုများ၊ တစ်ဦးချင်း ဆုရရှိသူများအား ပဲခူးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်နှင့် တာဝန်ရှိသူများက ဆုဖလားနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြသည်။
**အောင်မြတ်လင်း(ပြန်/ဆက်)**

### မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အသိပညာပေးဟောပြော

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ဒေသ ကံကြီးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲကို ဇွန် ၁၆ ရက်က ကျင်းပခဲ့ရာ ကျောက်ထုမြို့အုပ်ချုပ်ရေးမှူး ဦးသူရိန်အောင်က အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးအေးလင်းက ဘိန်းဖြူအစ ဆေးလိပ်က ခေါင်းစဉ်ဖြင့် မူးယစ်ဆေးဝါးအန္တရာယ်များအကြောင်း အသေးစိတ် ဟောပြောခဲ့ကာ ဟောပြောပွဲအပြီးတွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ပညာပေးခတ်ပုံပြပွဲနှင့် စာအုပ်ပြပွဲကို ဆက်လက်ပြုလုပ်ခဲ့ပြီး ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြသည်။
**(၁၀၁)**

# ယာဉ်အန္တရာယ်ကင်းရှင်းရေး မုံရွာနည်းပညာတက္ကသိုလ်၌ ပညာပေးဟောပြော

**မုံရွာ ဇွန် ၁၉**
လမ်းအသုံးပြုသူများ သွားလာမှုလွယ်ကူချောမွေ့စေရန်နှင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးအတွက် အသိပညာပေးဟော ပြောပွဲကို မုံရွာနည်းပညာတက္ကသိုလ်၌ ဇွန် ၁၅ ရက်က ကျင်းပသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှူး ဦးဆောင်သော ယာဉ်ထိန်းတပ်ဖွဲ့တာဝန်ရှိသူများ၊ တရားရေးဌာန တာဝန်ရှိသူများပါဝင်သော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးအဖွဲ့က ဟောပြောခဲ့ခြင်းဖြစ်သည်။ တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှူးက "မော်တော်ယာဉ်တွေကို အများပြည်သူဆိုင်ရာနေရာမှာ အန္တရာယ်ကင်းကင်း သွားလာနိုင်ဖို့ သတ်မှတ်ချက်တွေနဲ့အညီ စစ်ဆေးပြီး မှတ်ပုံတင်ပေးရပါတယ်။ မော်တော်ယာဉ်အမျိုးအစားအလိုက် မောင်းနှင်မယ့်သူကို သတ်မှတ်ထားတဲ့ အရည်အချင်းတွေ ပြည့်မီမှု ရှိ မရှိ စစ်ဆေးပြီး ယာဉ်မောင်းလိုင်စင်ကို ထုတ်ပေးနေတာဖြစ်ပါတယ် "ဟု ပြောကြားသည်။

ဟောပြောပွဲတက်ရောက်သူ ကျောင်းသားတစ်ဦးက "မော်တော်ယာဉ်ကြောင့် လေထု၊ ရေထု၊ မြေထုညစ်ညမ်းတာနဲ့ အသံဆူညံတာတွေ လျော့နည်းစေဖို့ ထိန်းသိမ်းရမယ့်အချက်တွေ ဟောပြောတာ ကြိုက်ပါတယ်"ဟု ပြောသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ယာဉ်ကြောပိတ်ဆို့မှုများ မဖြစ်ပွားစေရန်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ရာတွင် အဆင့်မြင့်နည်းပညာသုံးပို့ဆောင်ရေးစနစ်ကို ထိရောက်စွာအသုံးပြုရန် ဆောင်ရွက်နေသည့်အပြင် မော်တော်ယာဉ်ကြောင့်ဖြစ်ပေါ်လာသော သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများ လျော့နည်းစေရေးကိုလည်း အလေးထားဆောင်ရွက်လျက်ရှိကြောင်း ဟောပြောပွဲတွင် တာဝန်ရှိသူများ၏ ပြောကြားချက်များအရ သိရသည်။
**မျိုးဝင်းထွန်း(မုံရွာ)**

# ခြွေလှေ့စက်များဖြင့် စပါးရိတ်သိမ်းမှု သရုပ်ပြ

**တပ်ကုန်း ဇွန် ၁၉**
နေပြည်တော် တပ်ကုန်းမြို့နယ် အမှတ်(၆၈) စက်မှုလယ်ယာစခန်းမှ ကူဘိုတာ စပါးရိတ်သိမ်း ခြွေလှေ့စက်များဖြင့် စပါးရိတ်သိမ်းမှုကို ကံကြီးကျေးရွာရှိ တောင်သူ ဦးတင်အောင်၏ စိုက်ကွင်း၌ ဇွန် ၁၆ ရက်က သရုပ်ပြခဲ့သည်။

သရုပ်ပြပွဲတွင် ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခြင်းကြောင့် စပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိကာ လေလွင့်ဆုံးရှုံးမှု နည်းပါးစေခြင်းနှင့် ကုန်ကျစရိတ်လည်း သက်သာစေခြင်း အပါအဝင် အကျိုးကျေးဇူးများအကြောင်းကို မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှူး ဦးသန့်ဇော်ဦးက တောင်သူများအား ရှင်းလင်းပြောကြားခဲ့ကာ လက်တွေ့ ရိတ်သိမ်းခြွေလှေ့မှုများကို သရုပ်ပြခဲ့သည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# ကလေးတက္ကသိုလ်တွင် ကျန်းမာရေးပညာပေးဟောပြော

**ကလေး ဇွန် ၁၉**
ကလေးတက္ကသိုလ်နှင့် ကလေးခရိုင်ပြည်သူ့ဆေးရုံကြီးတို့ပူးပေါင်း၍ ကလေးခရိုင် ကျန်းမာရေးဦးစီးဌာန၏ ပထမရက် ၁၀၀ ကာလစီမံချက်များ အကောင်အထည်ဖော်သည့်အနေဖြင့် အထွေထွေရောဂါကုသရေးဆိုင်ရာ ကျန်းမာရေးပညာပေးဟောပြောပွဲကို ကလေးတက္ကသိုလ်ခန်းမ၌ ဇွန် ၁၇ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ကလေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာမြင့်ဆွေက အမှာစကားပြောကြားပြီး ကလေးခရိုင် အထွေထွေရောဂါကု ခုတင်(၃၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးမှ အရိုးခွဲစိတ်အထူးကုဆရာဝန်ကြီး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာထိန်လင်းအောင်က အရိုးထိခိုက်ဒဏ်ရာရရှိမှုနှင့် ပတ်သက်၍လည်းကောင်း၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုးမိုးထွေးက HIV / AIDS ရောဂါနှင့်ပတ်သက်၍ လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး သွားနှင့် ခံတွင်းအထူးကု ဆရာဝန်ကြီး ဒေါက်တာထွမ်ခန့်ဆွန်က သွားနှင့်ခံတွင်းရောဂါနှင့်ပတ်သက်၍ လည်းကောင်း ပညာပေးဟောပြောကြသည်။

ကျန်းမာရေးပညာပေး ဟောပြောပွဲတွင် ကလေးခရိုင် ပြန်/ဆက်ဦးစီးဌာနကလည်း အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ပြီး United Pharmaceutical ကုမ္ပဏီလီမိတက်က Revicon နှင့် Biogesic ဆေးပြားများ၊ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များအသင်းက သွားတိုက်တံနှင့် သွားတိုက်ဆေးများကို ဟောပြောပွဲတက်ရောက်သူများအား ဖြန့်ဝေပေးခဲ့သည်။

ဟောပြောပွဲအပြီးတွင် သွားဘက်ဆိုင်ရာဆရာဝန်ကြီးနှင့် ဆရာဝန်များအဖွဲ့က ဟောပြောပွဲတက်ရောက်သူများအား သွားနှင့်ခံတွင်းရောဂါများ အခမဲ့စမ်းသပ်စစ်ဆေး ကုသပေးခဲ့ကြောင်း သိရသည်။ **ချင်းတွင်းသား**



## စားသုံးသူအကာအကွယ်ပေးရေး ပညာပေးဟောပြော

**ဟားခါး ဇွန် ၁၉**

ချင်းပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် ဟားခါးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာများ အသိပညာပေးဟောပြောပွဲကို ဟားခါးမြို့ ဈေးဟောင်းရပ်ကွက်ရှိ အမက ရဲကုန်းကျောင်း၌ ဇွန် ၁၇ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ချင်းပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဦးစီးအရာရှိဒေါက်တာဂျိုးဇက်ဗန်ဘွေအုပ်က ဆိုးဆေးများပါဝင်သော အစားအသောက်များ၊ စားသုံးရန်မသင့်သော စားသောက်ကုန်များနှင့် ရောနှောဆီများ၏ ဆိုးကျိုးများနှင့်ပတ်သက်၍ သိကောင်းစရာများကိုဟောပြောခဲ့ပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ပုမ်ခန့်နွမ်က မူးယစ်ဆေးဝါးအန္တရာယ်နှင့် စာဖတ်ခြင်း၏အကျိုးကျေးဇူးများအကြောင်းကို ဟောပြောခဲ့ကြသည်။ ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ထုတ်ဝေထားသော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် 'သတင်းစကား' လက်ကမ်းစာစောင်များကို ကျောင်းသား ကျောင်းသူများအား ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ကာလတိုအခြေခံစက်ပြင်သင်တန်းဆင်းပွဲကျင်းပ

**ပခုက္ကူ ဇွန် ၁၉**

ပခုက္ကူမြို့ရှိ စက်မှုဝန်ကြီးဌာန အမှတ်(၄) စက်မှုသင်တန်းကျောင်း၌ ဖွင့်လှစ်ခဲ့သော ကျွမ်းကျင်မှုအခြေပြု ကာလတို အခြေခံစက်ပြင်သင်တန်း၏ သင်တန်းဆင်းပွဲကို ဇွန် ၁၇ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန သင်တန်းကျောင်းများကြီးကြပ်ရေးဌာန ညွှန်ကြားရေးမှူး ဦးအောင်သူက ကာလတိုသင်တန်းများကို အာရှဖွံ့ဖြိုးရေးဘဏ်၏ ထောက်ပံ့ကူညီမှုဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ဝင်ငွေနည်းပါးပြီး အသက်မွေးဝမ်းကျောင်းပညာရပ်များကို လေ့လာခွင့်မရှိသော ကျေးလက်နေပြည်သူများနှင့် ဒေသခံပြည်သူများအတွက် ကျွမ်းကျင်မှုအခြေပြုသော ကာလတိုသင်တန်းများဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုကောင်းမွန်လာပြီး ဆင်းရဲနွမ်းပါးမှုလျော့နည်း ပပျောက်ရေးကို အထောက်အကူပြုနိုင်ရန် ရည်ရွယ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းမှုသင်တန်း အမျိုးသားအဆင့် Level-1 တွင် အောင်မြင်သော သင်တန်းသားများနှင့် လယ်ယာသုံးစက်ကိရိယာ ပြုပြင်ထိန်းသိမ်းမှုသင်တန်း အမျိုးသားအဆင့် Level-1 တွင် အောင်မြင်သော သင်တန်းသားများအား အောင်လက်မှတ်များကို ညွှန်ကြားရေးမှူး၊ ပခုက္ကူတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာဥမ္မာအေးနှင့် ပခုက္ကူစက်မှုဇုန် အတွင်းရေးမှူး ဦးနန်းမြင့်တို့က ပေးအပ်ခဲ့သည်။

မြန်မာနိုင်ငံတွင် စက်မှုသင်တန်းကျောင်း ခြောက်ကျောင်းရှိပြီး အဆိုပါကျောင်းများမှ ကျား ၅၅၂၀ ဦး၊ မ ၁၉၂၇ ဦး စုစုပေါင်း ၇၄၄၇ ဦး သင်တန်းဆင်းခဲ့ပြီးဖြစ်ကာ သင်တန်းဆင်းသူများထဲမှ ၆၆၃၅ ဦးကို အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း ပခုက္ကူစက်မှုသင်တန်းကျောင်း အမှတ် (၄)မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ဓာတ်အား တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရေး ကွင်းဆင်းစစ်ဆေး

**တောင်တွင်းကြီး ဇွန် ၁၉**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ ၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံမှ နတ်မောက်၊ မြို့သစ်စသည့်မြို့နယ်များအတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးရာတွင် အန္တရာယ်ကင်းရှင်းစွာဖြင့် ဓာတ်အားတိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်သန်း၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဝင်းနိုင်ဦးနှင့် တာဝန်ရှိသူများက ဇွန် ၁၇ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့နောက် ကျေးရွာများတွင် ဗို့အားပြည့်မီစွာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဆက်သွားကျေးရွာနှင့် ဗိဿနိုးဈေးဟောင်းယဉ်ကျေးမှုနယ်မြေအနီးတွင် တည်ဆောက်မည့် ၆၆ ကေဗွီ ဓာတ်အားခွဲရုံမြေနေရာကိုလည်း တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

**(ဝ၈၅)**



၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရက် ၁၀၀ စီမံချက်ပါ တံတားတည်ဆောက်ရေးလုပ်ငန်းဖြစ်သော ဖြူးကုန်းကျေးရွာအဝင် အုတ်ခုံခံ သံပေါင်ရက်မ ကွန်ကရစ်တံတားအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးညွှန်ကြားရေးမှူး ဦးသိန်းလွင်နှင့်အဖွဲ့ ဇွန် ၁၂ ရက်က ကွင်းဆင်းစစ်ဆေးစဉ်

**(မြို့နယ် ပြန်/ဆက်)**

## စေတီဟောင်းရှင်းလင်းရာမှ ရှေးဟောင်းဘုရားဆင်းတုတော်များတွေ့ရှိ

**ဇီးကုန်း ဇွန် ၁၉**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့ အမှတ်(၁)ရပ်ကွက် သုံးထပ်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ ရှေးဟောင်းစေတီပျက်တစ်ဆူအား ဇွန် ၁၂ ရက်က ရှင်းလင်းရာမှ ရှေးဟောင်းဘုရားဆင်းတုတော်များကို တွေ့ရှိခဲ့ကြောင်း သိရသည်။

ရှေးဟောင်းစေတီပျက်မှ ရရှိသော ဘုရားများမှာ ဉာဏ်တော်တစ်ပေရှိ ရွှေချမ်ဘုရား သုံးဆူ၊ ဉာဏ်တော် လေးလက်မရှိ ညောင်ရွက်ဘုရား ၂၇ ဆူ၊ ဉာဏ်တော် နှစ်လက်မနှင့် သုံးလက်မရှိ ကြေးသွန်းဘုရား အဆူ ၅၀၊ ငွေသားရောင် ဘုရား လေးဆူ၊ ငွေရောင်ဘုရားအသေး ၆၈ ဆူ၊ ဉာဏ်တော် တစ်ပေရှိ ကျောက်ဆင်းတု ကိုးဆူနှင့် ကျောက်ဆင်းတုရွှေသာလျောင်းဘုရား တစ်ဆူတို့ ဖြစ်ကြောင်း၊ ဘုရားများမှာ အင်းဝခေတ်လက်ရာများနှင့် အလောင်းစည်သူမင်းလှူဒါန်းခဲ့သောဘုရားများ၊ ကုန်းဘောင်ခေတ်လက်ရာများ ပါဝင်ကြောင်း သိရသည်။



တွေ့ရှိသော ရှေးဟောင်း ဘုရားဆင်းတုတော်များကို စေတီတော်အသစ်ပြန်လည်တည်ထားရာတွင် ဌာပနာသွင်းသွားမည်ဖြစ်ကြောင်းနှင့် ယခုအခါ နေ့စဉ် ဘုရားဖူးများ ရောက်လာနေသဖြင့် အပူဇော်ခံလျက်ရှိကြောင်း ကျောင်းထိုင်ဆရာတော် ဦးအာစာရက မိန့်ကြားသည်။

**ကိုသက်(ဇီးကုန်း)**

## တပ်ကုန်းမြို့နယ်၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**တပ်ကုန်း ဇွန် ၁၉**

နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ကျေးချောင်း ကျေးရွာအုပ်စု သော်တာကျေးရွာရှိ (MRTV) အထက်တန်းကျောင်းဝင်းအတွင်း၌ မိုးရာသီ လူထုလှုပ်ရှားမှု သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၈ ရက်က ပြုလုပ်ခဲ့သည်။

သစ်ပင်စိုက်ပျိုးရာတွင် တပ်ကုန်းမြို့နယ်တာဝန်ခံ နေပြည်တော်ကောင်စီဝင် ဦးတင်ထွဋ်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်၊ ဥတ္တရခရိုင် အုပ်ချုပ်ရေးမှူး ဦးအေးသောင်း၊ ခရိုင်သစ်တော ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစွန်ထွေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရည်မွန်နှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ NGO အဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်ကျေးရွာနေပြည်သူများ စုပေါင်းကာ ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ တမလန်း၊ ယင်းမာ၊ ယူကလစ်၊ ပန်းမဲဇလီ၊ သင်းဝင်နှင့် ကုက္ကိုပင်စသည့် သစ်ပင်မျိုးစုံ ၁၃၀၀ စိုက်ပျိုးခဲ့ကြသည်။



စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ဥတ္တရခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစွန်ထွေးက မဟော်ဂနီအပင်၏ အသီးကို သွေးကျဆေးဖော်ထုတ်ခြင်း၊ သစ်အသားများကို စန္ဒာယားတူရိယာနှင့် ပရိဘောဂမျိုးစုံပြုလုပ်ရာတွင် အသုံးပြုပုံ စသည်တို့အပါအဝင် စိုက်ပျိုးသော သစ်ပင်တစ်မျိုးချင်း၏ လူတို့အတွက် အသုံးဝင် အကျိုးပြုပုံများကို ရှင်းလင်းပြောကြားခဲ့သည်။

**တင်စိုးလွင်**

## ရက် ၁၀၀ စီမံချက်အရ မြို့သန့်ရှင်းသာယာရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်

**ညောင်လေးပင် ဇွန် ၁၉**

ရက် ၁၀၀ စီမံချက်အရ မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်မှုအဖြစ် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့မြို့မ(၁)ရပ်ကွက် အာဇာနည်လမ်း၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဇွန် ၁၇ ရက်က ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် အာဇာနည်လမ်း ဘေးဝဲယာတစ်လျှောက်ရှိ ရေမြောင်းများအတွင်း ပိတ်ဆို့နေသော အမှိုက်သရိုက်များကို ဆယ်ယူခြင်း၊ ချုံနွယ်များ မြက်ပင်များကို ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရန် တူးဖော်ခြင်းတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထင်အောင်ဦး၊ အင်ဂျင်နီယာမှူး ဦးတင်အောင်ငွေ၊ မြို့မ(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသန်းကြွယ်နှင့် စည်ပင်ဝန်ထမ်းများ၊ ရပ်မိရပ်ဖများနှင့် ရပ်ကွက်နေပြည်သူများက စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

လမ်းအတွင်း သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်သည့်အပြင် ရပ်ကွက်အတွင်းမှ ပြည်သူများ အမှိုက်စွန့်ပစ်ရာတွင် စနစ်တကျ စွန့်ပစ်နိုင်ရေးအတွက် လိုအပ်သည်များကိုလည်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ရှိသူများက ဆောင်ရွက်ပေးခဲ့ကာ ရပ်ကွက်နေပြည်သူများကိုလည်း မိမိတို့အိမ်ပတ်ဝန်းကျင်များတွင် သန့်ရှင်းသာယာလှပအောင် ဆောင်ရွက်ရန် အသိပညာပေးမှုများကိုလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

## ကျောင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက်သစ်ပင်များ စုပေါင်းစိုက်ပျိုး

**ရေကြည် ဇွန် ၁၉**

ပုသိမ်ခရိုင် ရေကြည်မြို့နယ် သစ်တောဦးစီးဌာနမှုကြီးမှူး၍ ငါးသိုင်းချောင်း သစ်တောဘိနယ်ရှိ ဒေါင့်ကြီးကျေးရွာ အလကကျောင်း၌ ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး အသိပညာပေးဟောပြောပွဲနှင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၅ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးအရာရှိ ဦးသန့်ဇင်နှင့် တောအုပ်ကြီး ဦးအောင်ဇော်တို့က ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ဆောင်ရွက်သင့်သည့် လုပ်ငန်းများအကြောင်းကို အသိပညာပေးဟောပြောခဲ့ပြီး အဆိုပါ အလကကျောင်းရှိ ကျောင်းသား ကျောင်းသူများအတွက် စာရေးကိရိယာများ ပေးအပ်လှူဒါန်းခဲ့ကြသည်။ ဟောပြောပွဲအပြီးတွင် ရေကြည်မြို့နယ်သစ်တောဦးစီးဌာနမှ ပေးအပ်သော ကျွန်း၊ ပျဉ်းကတိုး၊ ယူကလစ်၊ မဟော်ဂနီ၊ ရေတမာနှင့် ပင်လယ်ကဗွီးပျိုးပင်များ စုစုပေါင်း ၄၃၁ ပင်ကို ကျောင်းဝင်းအတွင်း၌ စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။



**စိုးမင်းဦး(ပြန်/ဆက်)**

# အစိုးရ အောင်ဘာလေထီ ဥပဒေကြမ်း

**အများပြည်သူ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်**

**အစိုးရ အောင်ဘာလေထီဥပဒေ**
**( ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**
**၁၃၇၈ ခုနှစ်၊ လ ရက်**
**(၂၀၁၆ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်၊ စတင် အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **အစိုးရအောင်ဘာလေထီဥပဒေ** ဟုခေါ်တွင်စေရမည်။
(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်ရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-
(က) **အစိုးရအောင်ဘာလေထီ** ဆိုသည်မှာ ထီလက်မှတ်စာရွက်ဖြင့်သော်လည်းကောင်း၊ အီလက်ထရွန်နစ်နည်းဖြင့်သော် လည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့်သော်လည်းကောင်း ထီဆုငွေကံစမ်းသည့် အစီအစဉ်ကို ဆိုသည်။
(ခ) **ထီလက်မှတ်** ဆိုသည်မှာ ကံစမ်းသူက ထီကံစမ်းထားကြောင်း ဖော်ပြသည့်အထောက်အထားကို ဆိုသည်။ ယင်းစကားရပ်တွင် အီလက်ထရွန်နစ်နည်းဖြင့်သော်လည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့်သော်လည်းကောင်း ထီကံစမ်းထားသည့် အထောက်အထားလည်း ပါဝင်သည်။
(ဂ) **အစိုးရထီရုံး** ဆိုသည်မှာ ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲကို ဆိုသည်။
(ဃ) အီလက်ထရွန်နစ်ထီလုပ်ငန်း ဆိုသည်မှာ အီလက်ထရွန်နစ် အချက်အလက် အပြန်အလှန်ပို့ဆောင်သည့် အီးဒီအိုင်စနစ် (Electronic Data Interchange)၊ အီးမေးလ်၊ အက်စ်အမ်အက်စ်စနစ် (Short Message System)၊ တယ်လီကော်ပီ (Telecopy) တို့ အပါအဝင် အီလက်ထရွန်နစ်နည်းဖြင့်ဖြစ်စေ၊ အလားတူ အခြားနည်းပညာတစ်ရပ်ရပ်ဖြင့်ဖြစ်စေ အသုံးပြု၍ ထီလက်မှတ်ရောင်းချခြင်းလုပ်ငန်းကို ဆိုသည်။
(င) **ထီလုပ်ငန်းရှင်** ဆိုသည်မှာ ဦးစီးဌာန သို့မဟုတ် အစိုးရထီရုံးနှင့် ထီလုပ်ငန်းအကျိုးတူ ပူးပေါင်းဆောင်ရွက်သူကို ဆိုသည်။
(စ) **ထီကံစမ်းသူ** ဆိုသည်မှာ ထီလက်မှတ်ဖြင့် ထီကံစမ်းထားသူကို ဆိုသည်။
(ဆ) **ထီရောင်းချသူ** ဆိုသည်မှာ အစိုးရထီရုံးမှတိုက်ရိုက်ဖြစ်စေ၊ ထီလုပ်ငန်းရှင်ထံမှ တစ်ဆင့်ခံဖြစ်စေ ထီလက်မှတ်ရယူပြီး ရောင်းချသူကို ဆိုသည်။
(ဇ) **အောင်ဘာလေသိန်းဆုခွန်** ဆိုသည်မှာ အစိုးရထီရုံးက သော်လည်းကောင်း၊ ထီလုပ်ငန်းရှင်က သော်လည်းကောင်း ထီလက်မှတ်ရောင်းရငွေအပေါ် နိုင်ငံတော်သို့ ပေးဆောင်ရသည့် အခွန်ကို ဆိုသည်။
(ဈ) **အကျိုးအမြတ်နှုန်း** ဆိုသည်မှာ အစိုးရထီရုံးက ထီလုပ်ငန်းရှင်အား ပေးရန် သဘောတူသတ်မှတ်ထားသည့်နှုန်းကို ဆိုသည်။
(ည) **ကော်မရှင်ခ** ဆိုသည်မှာ အစိုးရထီရုံး သို့မဟုတ် ထီလုပ်ငန်းရှင်က ထီရောင်းချသူသို့ ထီလက်မှတ်ရောင်းရငွေမှ ခံစားခွင့်ပေးသည့် အခကြေးငွေကို ဆိုသည်။
(ဋ) **ထီဆုငွေ** ဆိုသည်မှာ ထီဖွင့်ပွဲတွင် ထီပေါက်သူကို ခွဲဝေပေးသည့် ဆုငွေကို ဆိုသည်။
(ဌ) **ဆုရလက်မှတ်** ဆိုသည်မှာ ထီဖွင့်ပွဲ၌ ထွက်ပေါ်လာသည့် ထီဆုငွေနှင့် သက်ဆိုင်သော ထီလက်မှတ်ကို ဆိုသည်။
(ဍ) **ထီဖွင့်ပွဲ** ဆိုသည်မှာ ထီဆုငွေထွက်ပေါ်စေသည့် အစိုးရထီရုံးက ဆောင်ရွက်သော လုပ်ငန်းစဉ်များကို ဆိုသည်။
(ဎ) **ထီပေါက်စဉ်** ဆိုသည်မှာ အစိုးရထီရုံးက ထီဆုငွေများကို အီလက်ထရွန်နစ်နည်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ထုတ်ပြန်ကြေညာသည့် အမှတ်အသားကို ဆိုသည်။
(ဏ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကို ဆိုသည်။
(တ) **ဦးစီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနကို ဆိုသည်။
(ထ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

## အခန်း (၂)
## လုပ်ပိုင်ခွင့်နှင့်တာဝန်များ

၃။ ညွှန်ကြားရေးမှူးချုပ်သည်-
(က) ဤဥပဒေပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ခံယူလုပ်ကိုင်ခွင့်ရှိရမည်။
(ခ) မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဦးစီးဌာနမှ ဝန်ထမ်းများအား တာဝန်လွှဲအပ်၍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည်။

## အခန်း(၃)
## ထီလက်မှတ်များ ထုတ်ဝေခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်း

၄။ အစိုးရထီရုံးနှင့် ထီလုပ်ငန်းရှင်တို့သည် ထီလက်မှတ်များကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ထုတ်ဝေရမည်။
၅။ အစိုးရထီရုံးနှင့် ထီလုပ်ငန်းရှင်တို့သည် ထီလက်မှတ်များကို တိုက်ရိုက်သော်လည်းကောင်း၊ ကိုယ်စားလှယ်များခန့်အပ်၍ သော်လည်းကောင်း ဖြန့်ဖြူးရောင်းချနိုင်သည်။
၆။ အစိုးရထီရုံးနှင့် ထီလုပ်ငန်းရှင်တို့သည် ထီလက်မှတ်ရောင်းရငွေများ အားလုံးကို ဦးစီးဌာနက သတ်မှတ်ပေးသည့်ကာလအတွင်း နိုင်ငံတော်သို့ ပေးသွင်းရမည်။

## အခန်း (၄)
## ထီဖွင့်ပွဲကျင်းပခြင်း၊ ထီဆုငွေများခွဲဝေခြင်းနှင့် ထုတ်ပေးခြင်း

၇။ အစိုးရထီရုံးသည် ထီဖွင့်ပွဲကို သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ခွင့်ပြုပေးထားသည့် နေရာ၊ သတ်မှတ်သည့်နေ့ရက်တို့တွင် အများပြည်သူရှေ့မှောက်၌ ကျင်းပပေးရမည်။
၈။ အစိုးရထီရုံးသည် ထီဖွင့်ပွဲကျင်းပပြီးနောက် ထီပေါက်စဉ်ကို အများပြည်သူ သိရှိစေရန် ဖြန့်ဝေကြေညာပေးရမည်။
၉။ နိုင်ငံတော်သည် ထီလက်မှတ်ရောင်းရငွေမှ အောင်ဘာလေသိန်းဆုခွန်နှင့် အကျိုးအမြတ်နှုန်း သို့မဟုတ် ကော်မရှင်ခတို့ကို နုတ်ပယ်ပြီး ကျန်ငွေကို ဆုငွေများအဖြစ် ခွဲဝေပေးရမည်။
၁၀။ ထီဆုငွေများခွဲဝေခြင်း၊ အောင်ဘာလေသိန်းဆုခွန်၊ အကျိုးအမြတ်နှုန်းနှင့် ကော်မရှင်ခပေးရမည့် ကိစ္စရပ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်ပေးရမည်။
၁၁။ အစိုးရထီရုံးသည်-
(က) ထီဆုငွေစတင်ထုတ်ယူနိုင်မည့် နေ့ရက်ကို သတ်မှတ်ပေးရမည်။
(ခ) ဆုရလက်မှတ်များကို သတ်မှတ်သည့်နည်းလမ်းများအတိုင်း စစ်ဆေး၍ ထီဆုငွေ ထုတ်ပေးရမည်။
(ဂ) ဆုရလက်မှတ်ဖြင့် ထီကံစမ်းထားသည့် အထောက်အထား တင်ပြနိုင်မှသာလျှင် ထီဆုငွေများ ထုတ်ပေးမည်။
၁၂။ မည်သည့်နည်းဖြင့် ထီကံစမ်းထားသည်ဖြစ်စေ ထုတ်ယူရမည့် ထီဆုငွေများကို စတင်ထုတ်ယူနိုင်သည့်နေ့မှစ၍ တစ်နှစ်အတွင်းသာ ထုတ်ယူခွင့်ရှိသည်။ ခိုင်လုံသော အကြောင်းပြချက်မရှိပါက တစ်နှစ်ကျော်လွန်သည်အထိ ထုတ်ယူခြင်းမရှိသည့် ထီဆုငွေများကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သတ်မှတ်ရမည်။

## အခန်း (၅)
## တားမြစ်ချက်များ

၁၃။ ထီလက်မှတ်များ ထုတ်ဝေခြင်းကို ဝန်ကြီးဌာနက ခွင့်ပြုထားသည့် အစိုးရထီရုံးနှင့် ထီလုပ်ငန်းရှင်တို့မှအပ မည်သူမျှ ဆောင်ရွက်ခွင့်မရှိစေရ။
၁၄။ မည်သူမျှ ထီလက်မှတ်များကို ဆင်တူရိုးမှားပြုလုပ်ခြင်း၊ အတုအပ ပြုလုပ်ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ဖြည့်စွက်ခြင်းမပြုရ။
၁၅။ မည်သူမျှ ဝန်ကြီးဌာနက ခွင့်ပြုသတ်မှတ်ထားသည့် ထီလက်မှတ်များမှအပ အခြားထီလက်မှတ်များကို နိုင်ငံတော်အတွင်း၌ ထုတ်ဝေခြင်း၊ ရောင်းချခြင်း မပြုရ။
၁၆။ အစိုးရထီရုံးမှ တာဝန်ရှိသူ သို့မဟုတ် ထီလုပ်ငန်းရှင် သို့မဟုတ် ထီရောင်းချသူ မည်သူမျှ ထီလက်မှတ်ကို သတ်မှတ်ထားသည့် ဈေးနှုန်းထက် ပိုမိုရောင်းချခြင်း မပြုရ။
၁၇။ အစိုးရထီရုံးမှအပ မည်သူမျှထီဖွင့်ပွဲကို ကျင်းပခြင်း မပြုရ။

## အခန်း (၆)
## ပြစ်ဒဏ်များ

၁၈။ မည်သူမဆို-
(က) ပုဒ်မ ၁၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၃ နှစ်မှ အများဆုံး ထောင်ဒဏ် ၅ နှစ်အထိ ဖြစ်စေ၊ ထိုထောင်ဒဏ်အပြင် ငွေဒဏ် ကျပ်သိန်း ၅၀ မှ ကျပ်သိန်း ၁၀၀ အထိ ဖြစ်စေ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့် အကျုံးဝင်သော သက်သေခံပစ္စည်းနှင့်ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။
(ခ) ပုဒ်မ ၁၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၅ နှစ်မှ အများဆုံး ထောင်ဒဏ် ၁၀ နှစ်အထိ ဖြစ်စေ၊ ထိုထောင်ဒဏ်အပြင် ငွေဒဏ် ကျပ်သိန်း ၅၀ မှ ကျပ်သိန်း ၁၀၀ အထိ ချမှတ်ခြင်းခံရမည်။
(ဂ) ပုဒ်မ ၁၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၆ လမှ အများဆုံး ထောင်ဒဏ် ၁ နှစ်အထိ ဖြစ်စေ၊ ထိုထောင်ဒဏ်အပြင် ငွေဒဏ် ကျပ်သိန်း ၃၀ မှ ကျပ်သိန်း ၅၀ အထိ ချမှတ်ခြင်းခံရမည်။
(ဃ) ပုဒ်မ ၁၆ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၆ လမှ အများဆုံး ထောင်ဒဏ် ၁ နှစ်အထိ ဖြစ်စေ၊ ထိုထောင်ဒဏ်အပြင် ငွေဒဏ် သိန်း ၃၀ မှ သိန်း ၅၀ အထိ ချမှတ်ခြင်းခံရမည်။
(င) ပုဒ်မ ၁၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၆ လမှ အများဆုံး ထောင်ဒဏ် ၁ နှစ်အထိ ဖြစ်စေ၊ ထိုထောင်ဒဏ်အပြင် ငွေဒဏ် ကျပ်သိန်း ၃၀ မှ ကျပ်သိန်း ၅၀ အထိ ချမှတ်ခြင်းခံရမည်။

## အခန်း (၇)
## အထွေထွေ

၁၉။ ယခင် ထီလုပ်ငန်းနှင့်ပတ်သက်၍ ထုတ်ပြန်ထားသော ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်။
၂၀။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အီလက်ထရွန်နစ် ထီလုပ်ငန်းကို တည်ဆဲဥပဒေများအရ ပြည်တွင်း၊ ပြည်ပကုမ္ပဏီ သို့မဟုတ် အစုစပ်လုပ်ငန်း သို့မဟုတ် ပုဂ္ဂလိကများဖြင့် အကျိုးတူဆောင်ရွက်ခွင့် ရှိစေရမည်။
၂၁။ ထီလုပ်ငန်းရှင်သည် ဦးစီးဌာနနှင့် ထီလုပ်ငန်းအကျိုးတူဆောင်ရွက်သည့် လုပ်ငန်းများ၌ အောက်ဖော်ပြပါအတိုင်း လိုက်နာရမည်-
(က) အီလက်ထရွန်နစ် ထီလက်မှတ် ထုတ်ဝေခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ ထီဖွင့်ပွဲကျင်းပခြင်းနှင့် ထီဆုငွေထုတ်ပေးခြင်း လုပ်ငန်းများကို နည်းပညာအရ လုံခြုံမှုရှိစေရန် တာဝန်ခံရမည်။
(ခ) နည်းပညာအရ လုံခြုံမှုကျိုးပေါက်ခြင်းကြောင့် နိုင်ငံတော်နှင့် ထီကံစမ်းသူများ နစ်နာဆုံးရှုံးမှုပေါ်ပေါက်ပါက ထီလုပ်ငန်းရှင်နှင့် ဦးစီးဌာနတို့အကြား ချုပ်ဆိုထားသည့် စာချုပ်ပါ သဘောတူညီချက်များအတိုင်း တာဝန်ယူဖြေရှင်းပေးရမည်။
၂၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-
(က) ဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။
(ခ) ဦးစီးဌာနသည် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

# ပန်းတင်ကျေးရွာ၌ အခြေခံအပ်ချုပ်စက်သင်တန်းဖွင့်

**ရွှေကူ ဇွန် ၁၈**

ဗန်းမော်ခရိုင် ရွှေကူမြို့နယ်အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (မွမ်းမံ) ရန်ပုံငွေဖြင့် ရက် ၁၀၀ အတွင်း ပန်းတင်ကျေးရွာ၌ အရွယ်ရောက်အမျိုးသမီးငယ်များ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု(အခြေခံ) စက်ချုပ်ပညာသင်တန်းကို ဇွန်လ ဒုတိယပတ်က ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် ရွှေကူမြို့နယ် ပန်းတင်ကျေးရွာမှ အမျိုးသမီးငယ် ၅၀ ခန့်အား အပ်ချုပ်စက်အလုံး ၅၀ ဖြင့် ကျွမ်းကျင်ဆရာများက သင်ကြားပေးခဲ့ကြောင်း သိရသည်။

**လဘန်အောင်(ကချင်မြေ)**




SAR PANN AEIN
PRIVATE HIGH SCHOOL
PYIN OO LWIN MYANMAR
ဒေါက်တာကျော်စော + ဒေါ်မေမျိုးမြတ် B.Sc(Chem:)
ဦးစီးတည်ထောင်သည့်
ပြင်ဦးလွင်မြို့ စာပန်းအိမ်
ကိုယ်ပိုင်အထက်တန်းကျောင်း
၂၀၁၆ ခုနှစ် (၆) ဘာသာ ဂုဏ်ထူးရှင်များ
၂၀၁၆ ခုနှစ် (၅) ဘာသာ ဂုဏ်ထူးရှင်များ
၂၀၁၆ ခုနှစ် (၄) ဘာသာ ဂုဏ်ထူးရှင်များ
085-22390, 085-23328, 085-21726 ,085-21727,085-21728,
085-21151, 085-22632, 085-29310, 085-29319,
စာပန်းအိမ်ကိုယ်ပိုင်အထက်တန်းကျောင်း (ရုံးချုပ်)
အမှတ် (၁၄၄)၊ R/A3၊ မြို့ပတ်လမ်း၊ အ.ထ.က (၄)အနီး၊ ပြင်ဦးလွင်မြို့
E-mail :office@sarpaneain.com, website.www.sarpaneain.com

# VICTORIA UNIVERSITY COLLEGE

## ကျောင်းသားသစ်များလျှောက်လွှာခေါ်ယူခြင်း

တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများသည် VUC တွင် ဗြိတိန်အစိုးရပိုင် South Essex College ၏ Foundation Diploma သင်တန်းကို ၅လ တက်ရောက်ပြီး UK မှ တိုက်ရိုက် ချီးမြှင့်မည့် Diploma ကို ရရှိပါမည်။

South Essex College (UK) ၏ Diploma ရရှိပြီးသူများသည် အင်္ဂလန်နိုင်ငံ Business and Technology Education Council (BTEC) မှ တိုက်ရိုက်ချီးမြှင့်မည့် အောက်ပါ HND ဘာသာရပ်များ အနက်တစ်ခုကို ရွေးချယ်လျှောက်ထားနိုင်သည်။ (တက္ကသိုလ်ဝင် စာမေးပွဲ အောင်မှတ်ပေါ်တွင် မူတည်မရွေးချယ်ပါ။)

1. Engineering (Civil/ Mechanical/ Electrical and Electronics)
2. Business (Management/ Marketing/ Accounting/ HR)
3. Computing and Systems Development
4. Health and Social Care



HND Diploma ရရှိရန်အတွက် (၂)နှစ် သင်ယူရမည်ဖြစ်သည်။
သင်တန်းပြီးမြောက်ပါက BE (Hons:), B.Sc (Hons:), BA (Hons:) အတွက် ဗြိတိန်အစိုးရပိုင် University of Wolverhampton နှင့် Victoria University College တို့ ပူးတွဲ သင်ကြားသည့် အတန်းတွင် (၁) နှစ် ဆက်လက်သင်ယူပြီး ယင်းတက္ကသိုလ်မှ ပေးအပ်သည့်ဘွဲ့ကို ရရှိပါမည်။



Victoria University College သည် QAA (UK) နှင့် UoW အသိအမှတ်ပြု Centre ဖြစ်သဖြင့် နိုင်ငံတကာ အသိအမှတ်ပြုဘွဲ့ နှင့် အလုပ်အကိုင် အခွင့်အလမ်း များ ရရှိမည်။ (Victoria University College မှ အကြံပြု ဆောင်ရွက်ပေးသည်။)

ဝင်ခွင့်လျှောက်လွှာနှင့်အတူ အောင်လက်မှတ် (သို့မဟုတ်) အမှတ်စာရင်း၊ဓာတ်ပုံ ၃ပုံ ပူးတွဲ တင်ပြရမည်။

၃၀.၆.၂၀၁၆ နောက်ဆုံးထားပြီး လျှောက်လွှာလက်ခံမည်။
(ကျောင်းသားအရေအတွက် ကန့်သတ်ထားပါသည်။)




လျှောက်လွှာတင်သွင်းရန် နှင့် စုံစမ်းဆွေးနွေးရန် - ကျောင်းသားရေးရာဌာန

ရန်ကုန် ▪ အမှတ် (၁၆၆)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့် မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၃၈၃၁၃၂၂၊ ၃၈၃၁၃၃၃၊ ၀၉ ၅၁၀၄၇၄၈၊ ၀၉ ၂၅၉၂၇၁၀၉၄။

မန္တလေး ▪ အမှတ် (၁၅၁)၊ ၂၈လမ်း၊ ၇၇x၇၆ကြား၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း - ၀၂ ၃၁၁၅၄၊ ၀၉ ၂၅၄၅၇၄၇၃၈၊ ၀၉ ၅၀၆၀၇၂၀၊ ၀၉ ၇၈၅၉၆၀၇၂၀။

## တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနပိုင် အောက်ဖော်ပြပါ ဖောက်စက်များအား ဖောက်ခများ ပေးသွင်း၍ လုပ်ကိုင်ဆောင်ရွက်လိုသူ ပြည်တွင်းလုပ်ငန်းရှင်/ ကုမ္ပဏီများမှ အဆိုပြုလွှာများ တင်သွင်းနိုင်ပါရန် ကြေညာအပ်ပါသည်-

(က) ပျဉ်းမပင်ကြက်ဥဖောက်စက် (၁)ပတ်လျှင် မျိုးကြက်ဥ (၁၉၀၀၀) လုံးဆံ့

(ခ) ရွှာသာကြီးဘဲဥဖောက်စက် (၁)ပတ်လျှင် မျိုးဘဲဥ (၁၂၀၉၆) လုံးဆံ့

၂။ တင်ဒါတင်သွင်းလိုသူများအနေဖြင့် မိမိတို့ဖောက်လုပ်ပေးသွင်းနိုင်မည့် မျိုးကြက်ဥ၊ မျိုးဘဲဥ(၁)လုံး ဖောက်လုပ်ခနှုန်းများအားဖော်ပြလျက် အဆိုပြုလွှာများအား ၁၁-၇-၂၀၁၆ရက် နောက်ဆုံးထား၍ ပေးပို့တင်ပြရမည်ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းလိုသူများသည် ပျဉ်းမပင်ကြက်ဥဖောက်စက်နှင့် ရွှာသာကြီးဘဲဥဖောက်စက် နှစ်လုံးစလုံးအား လုပ်ကိုင်ဆောင်ရွက်လိုသူဖြစ်ရပါမည်။

၄။ တင်ဒါရွေးချယ်ခြင်းခံရသူများအား (၁)လလျှင် (၁)ကြိမ် စာချုပ်ချုပ်ဆို ဆောင်ရွက်သောစနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**
ဖုန်း-၀၆၇-၄၀၈၄၈၀၊ ၀၆၇-၄၁၈၄၅၇

---

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ကျောက်ဆည်အထွေထွေရောဂါကုဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ကျောက်ဆည်မြို့၊ အထွေထွေရောဂါကုဆေးရုံကြီးတွင် တက်ရောက်ကုသကြသည့် အတွင်း/အပြင် လူနာများအား ကုသပေးရန် လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးများ ဓာတ်ခွဲ၊ ဓာတ်မှန်သုံး ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၃-၆-၂၀၁၆ ရက် (ကြာသပတေးနေ့)

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၂-၇-၂၀၁၆ ရက် (သောကြာနေ့)

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ ဆေးနှင့်ဆေးပစ္စည်းများ စာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး**
**အထွေထွေရောဂါကုဆေးရုံကြီး**
**ကျောက်ဆည်မြို့၊ မန္တလေးတိုင်းဒေသကြီး**
**ဖုန်း-၀၆၆-၅၀၃၄၅**

---

## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန (မန္တလေးရုံးခွဲ)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အဆင့်မြင့်ပညာဦးစီးဌာန၊ မန္တလေးရုံးခွဲနှင့် ဟားခါးကောလိပ်တို့တွင် အသုံးပြုရန်အတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အောင်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(၁) စက်ပစ္စည်းများ

(၂) ရုံးသုံးစက်ပစ္စည်းများ

(၃) ပရိဘောဂပစ္စည်းများ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၀-၆-၂၀၁၆ရက် (တနင်္လာနေ့)တွင် စတင်၍ရောင်းချမည်ဖြစ်ပြီး အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၀-၇-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်လိပ်စာနှင့် တင်သွင်းရမည့်လိပ်စာမှာ အဆင့်မြင့်ပညာဦးစီးဌာန (မန္တလေးရုံးခွဲ)၊ လမ်း ၈၀၊ ၃၄×၃၅ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၂-၆၀၃၇၁၊ ၀၂-၆၀၃၇၇တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးကော်မတီ**

---

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ ကျိုင်းတုံခရိုင်အတွင်းရှိ ကျိုင်းတုံ၊ မိုင်းခတ်၊ မိုင်းယန်း၊ မိုင်းပျဉ်းမြို့နယ်များနှင့် တည်ဆောက်ရေးအဖွဲ့(၁)၊ လမ်းအထူးအဖွဲ့(၃)တို့မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ပြည်ထောင်စုရန်ပုံငွေ၊ ပြည်နယ်ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့် လမ်း/တံတား လုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော အုတ်၊ သဲ၊ ခွဲကျောက်ရွယ်စုံ၊ ဘိလပ်မြေ၊သံချောင်းလုံးရွယ်စုံ၊သစ်ခွဲသား စသည့်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ ပစ္စည်းပေးသွင်းလိုသူများ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** | - | ၂၄-၆-၂၀၁၆ရက် |
| ၃။ | **တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ** | - | ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး လမ်းဦးစီးဌာန၊ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့ |
| ၄။ | **တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်ရက်** | - | ၇-၇-၂၀၁၆ ရက် |
| ၅။ | **တင်ဒါဖွင့်မည့်ရက်/အချိန်** | - | ၈-၇-၂၀၁၆ရက် နံနက် ၁၀း၀၀နာရီ |
| ၆။ | **တင်ဒါတင်သွင်း/ စိစစ်ရွေးချယ်မည့်နေရာ** | - | ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့ |

၇။ အသေးစိတ်သိရှိလိုပါက ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ကျိုင်းတုံခရိုင်နှင့် ဦးစီးအရာရှိရုံး၊ လမ်းဦးစီးဌာန၊ ကျိုင်းတုံမြို့နယ်၊ ဖုန်း-၀၈၄-၂၁၀၃၁၊ ၀၉-၈၃၀၄၁၄၉၊ ၀၉-၄၂၈၂၂၇၄၅၊ ၀၉-၄၉၀၃၀၆၆၃၊ ၀၈၄-၂၁၆၂၃ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ကျိုင်းတုံခရိုင်**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပညာရေးတက္ကသိုလ်တွင် အသုံးပြုရန်အတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အောက်ဖော်ပြပါပစ္စည်းများ ဝယ်ယူလိုပါသည်။ စိတ်ပါဝင်စားသူများအနေဖြင့် ဤတက္ကသိုလ်၊ အင်ဂျင်နီယာဌာနတွင် အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံစံနှင့် စည်းကမ်းသတ်မှတ်ချက်များကို သတ်မှတ်ကျသင့်ငွေများပေးသွင်း၍ ၂၀-၆-၂၀၁၆ ရက် (တနင်္လာနေ့)မှ စတင်ဝယ်ယူနိုင်ပါသည်။

၁။ စက်ပစ္စည်းများ

၂။ ရုံးသုံးစက်ပစ္စည်းများ

၃။ ပရိဘောဂပစ္စည်းများ

၄။ လက်တွေ့ခန်းသုံးပစ္စည်းများ (Apparatus+Glassware)

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပိတ်ရက်မှာ ၂၀-၇-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့) ၁၆း၀၀ နာရီဖြစ်ပြီး ဤတက္ကသိုလ်အိတ်ဖွင့်တင်ဒါစိစစ်လက်ခံရေးအဖွဲ့ရုံးခန်းသို့ နမူနာပစ္စည်း (သို့မဟုတ်) ပုံပြစာရွက်စာတမ်းများနှင့်အတူ အရောက်ပေးပို့တင်သွင်းရပါမည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဤတက္ကသိုလ်၊ ဖုန်း-၀၁-၅၂၇၀၇၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးကြီးကြပ်မှုကော်မတီ**
**ရန်ကုန်ပညာရေးတက္ကသိုလ်**

---

## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
## မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းလက်အောက်ရှိ ခရိုင်/မြို့နယ်များတွင် ဓာတ်အားလိုင်းတည်ဆောက်ခြင်းလုပ်ငန်းအား Turnkey စနစ်ဖြင့် ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | တင်ဒါပုံစံ ရောင်းချမည့်ရက် | တင်ဒါလက်ခံ/ ပိတ်မည့်ရက်/အချိန် |
|---|---|---|---|---|
| (က) | 2-1(T)/MESC/ 2016-2017 | ပြင်ဦးလွင်ခရိုင်၊ သပိတ်ကျင်းမြို့နယ်ရှိ ၃၃ကေဗွီ၊ စခတ၊-၂ ဓာတ်အားလိုင်း(၂)မိုင်အား ACSR 185mm² ဖြင့် အစားထိုးလဲလှယ် တည်ဆောက်ခြင်း လုပ်ငန်း | ၂၀-၆-၂၀၁၆ရက် | ၁၈-၇-၂၀၁၆ရက် ၁၃း၀၀နာရီ |

၂။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင်လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (ရုံးချုပ်)**
**၂၇လမ်း၊ ၇၇×၇၈ကြား၊ ချမ်းအေးသာစံမြို့နယ်၊**
**မန္တလေးမြို့၊ ဖုန်း-၀၂-၇၃၈၀၁**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တောင်ငူတက္ကသိုလ် သင်ကြား/စီမံဌာနများတွင် အသုံးပြုရန်အတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အောက်ဖော်ပြပါ ပစ္စည်းများ ဝယ်ယူလိုပါသည်။ စိတ်ပါဝင်စားသူများအနေဖြင့် တောင်ငူတက္ကသိုလ် ငွေလက်ခံဌာနတွင် အိတ်ဖွင့်ဈေးနှုန်းလွှာပုံစံနှင့် စည်းကမ်းသတ်မှတ်ချက်များကို သတ်မှတ်ကျသင့်ငွေများ ပေးသွင်း၍ ၂၀-၆-၂၀၁၆ရက် (တနင်္လာနေ့)မှ စတင်ဝယ်ယူနိုင်ပါသည်။

၁။ စက်ပစ္စည်းများ

၂။ ရုံးသုံးစက်ပစ္စည်းများ

၃။ ပရိဘောဂပစ္စည်းများ

၄။ လက်တွေ့ခန်းသုံးပစ္စည်းများ (Apparatus)

၅။ လက်တွေ့ခန်းသုံးပစ္စည်းများ (Glassware)

၆။ လက်တွေ့ခန်းသုံးပစ္စည်းများ (Chemical)

၂။ အိတ်ဖွင့်ဈေးနှုန်းလွှာပိတ်ရက်မှာ ၂၀-၇-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ၁၆း၀၀နာရီဖြစ်ပြီး တောင်ငူတက္ကသိုလ် အိတ်ဖွင့်ဈေးနှုန်းလွှာ စိစစ်လက်ခံရေးအဖွဲ့ ရုံးခန်းများသို့ နမူနာပစ္စည်း (သို့မဟုတ်) ပုံပြစာရွက်စာတမ်းများနှင့် အတူအရောက်ပေးပို့တင်သွင်းရပါမည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တောင်ငူတက္ကသိုလ်၊ တောင်ငူမြို့ ဖုန်း-၀၅၄-၂၄၄၁၀၊ ၀၅၄-၂၄၄၁၁၊ ၀၉-၄၂၀၀၀၉၉၄၀သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးဆိုင်ရာ တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**တောင်ငူတက္ကသိုလ်**

---

## ပညာရေးဝန်ကြီးဌာန
## ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်တွင် အသုံးပြုရန်အတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အောက်ဖော်ပြပါပစ္စည်းများ ဝယ်ယူလိုပါသည်-

| | | |
|---|---|---|
| ၁။ | စက်ပစ္စည်းများ(Printer) | ၁ မျိုး |
| ၂။ | ရုံးသုံးပစ္စည်းများ(Duplo Copier) | ၁ မျိုး |
| ၃။ | ပရိဘောဂပစ္စည်းများ[Book Stand, Display Book Stand, Reading Table, Locker, Cup Board (Steel), Cup Board (Mirror)] | ၆ မျိုး |
| ၄။ | Educational Book (စာကြည့်တိုက်နှင့်ဘာသာရပ်ဆိုင်ရာ ဌာနအသီးသီးအတွက်) | ၄၅၀ မျိုး |
| ၅။ | လက်တွေ့ခန်းသုံးပစ္စည်းများ(Apparatus) (ဓာတုဗေဒ၊ ရုက္ခဗေဒ၊ သတ္တဗေဒ၊ ရူပဗေဒ၊ ဘူမိဗေဒ၊ ကုန်ထုတ်ဓာတုဗေဒဌာနများအတွက်) | ၄၇ မျိုး |
| ၆။ | လက်တွေ့ခန်းသုံးပစ္စည်းများ(Glassware) (ဓာတုဗေဒ၊ ရုက္ခဗေဒ၊ ကုန်ထုတ်ဓာတုဗေဒဌာနများအတွက်) | ၂၉ မျိုး |

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၀-၆-၂၀၁၆ ရက်

၃။ **အိတ်ဖွင့်ဈေးနှုန်းလွှာပိတ်ရက်** - ၂၀-၇-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့) ၁၆း၃၀ နာရီ

၄။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့်လုပ်ငန်းအတွက် သတ်မှတ်တင်ဒါအာမခံကြေးကို ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်ဘဏ္ဍာဌာနတွင် ကျသင့်ငွေပေးသွင်းပြီး ငွေသွင်းပြေစာမိတ္တူကို သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူ ပူးတွဲ၍ တင်သွင်းရမည်။ လုပ်ငန်းတစ်ခုထက်ပိုမို၍ တင်သွင်းလိုပါက မိမိတင်သွင်းလိုသည့် လုပ်ငန်းအမျိုးအစားအားလုံးအတွက် တင်ဒါအာမခံကြေးကိုပေးသွင်းပြီး သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတစ်ခုချင်း တင်သွင်းရမည်ဖြစ်သည်။

၅။ အသေးစိတ်အရည်အသွေးသတ်မှတ်ချက်များကို သိရှိလိုပါက ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ စတိုဌာနနှင့် ပင်မဆောင်ကြော်ငြာသင်ပုန်းများတွင် ကြေညာထားမည်ဖြစ်ပါသည်။

**ပစ္စည်းဝယ်ယူရေးဆိုင်ရာတင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လှိုင်ကော်ခရိုင်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် စိမ့်စမ်းရေသွယ်လုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော ပိုက်နှင့် ပိုက်ဆက်စပ်ပစ္စည်းများကို လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

**တင်ဒါပုံစံများစတင်ရောင်းချမည့်ရက်နှင့်အချိန်** - ၂၁-၆-၂၀၁၆ ရက် (အင်္ဂါနေ့) ၉း၃၀နာရီ

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၂-၇-၂၀၁၆ ရက်(အင်္ဂါနေ့) ၁၆း၃၀နာရီ

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို အသေးစိတ်သိလိုပါက ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လှိုင်ကော်ခရိုင် ဖုန်း-၀၈၃-၂၂၀၂၉သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် 300 KVA ဂျင်နရေတာ မီးစက်ဝယ်ယူခြင်းအား အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။ အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်-

| | | |
|---|---|---|
| **တင်ဒါစတင်ရောင်းချမည့်ရက်** | - | ၂၃-၆-၂၀၁၆ ရက် (ကြာသပတေးနေ့)မှစ၍ (ရုံးချိန်အတွင်း) |
| **တင်ဒါပိတ်မည့်ရက်** | - | ၆-၇-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့) ၁၆း၀၀ နာရီ |
| **တင်ဒါဖွင့်မည့်ရက်** | - | ၇-၇-၂၀၁၆ရက် (ကြာသပတေးနေ့) |
| **တင်ဒါတင်သွင်းရမည့်နေရာ** | - | ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ (ရုံးခန်း) |
| **ဆက်သွယ်ရန်ဖုန်း** | - | ၀၉-၈၇၀၇၇၅၆၈၅၊ ၀၉-၄၄၀၂၂၆၀၆၄၊ ၀၆၁-၂၀၀၈၀၂ |

**တင်ဒါခေါ်ယူရေးကော်မတီ**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မိတ္ထီလာစီးပွားရေးတက္ကသိုလ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မိတ္ထီလာစီးပွားရေးတက္ကသိုလ်တွင် အသုံးပြုရန်အတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(၁) စက်ပစ္စည်းများ

(၂) ရုံးသုံးပစ္စည်းများ

(၃) ပရိဘောဂပစ္စည်းများ

(၄) သင်ကြားရေးစာအုပ်များ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၀-၆-၂၀၁၆ ရက်တွင် စတင်၍ ရောင်းချမည်ဖြစ်ပြီး အဆိုပါ အိတ်ဖွင့်တင်ဒါများကို ၂၀-၇-၂၀၁၆ ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် တင်သွင်းရမည့်လိပ်စာမှာ စီမံ/ဘဏ္ဍာဌာန၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ မိတ္ထီလာမြို့ ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၉-၂၅၁၀၀၆၃၀၈၊ ၀၉-၆၅၂၀၉၆၁၊ ၀၆၄-၃၉၂၇၉ များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးကော်မတီ**
**မိတ္ထီလာစီးပွားရေးတက္ကသိုလ်**
**မိတ္ထီလာမြို့**

---

## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မန္တလာဒီဂရီကောလိပ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အဆင့်မြင့်ပညာဦးစီးဌာန၊ မန္တလာဒီဂရီကောလိပ်တွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(၁) စက်ပစ္စည်းများ (Machinery Equipment)

(၂) ရုံးသုံးစက်ပစ္စည်းများ (Office Equipment)

(၃) လက်တွေ့ခန်းသုံးပစ္စည်းများ (Lab Equipment)

(၄) ပရိဘောဂပစ္စည်းများ (Furniture)

၂။ စိတ်ပါဝင်စားသူများအနေဖြင့် အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၀-၆-၂၀၁၆ ရက်တွင် စတင်၍ ရောင်းချမည်ဖြစ်ပြီး အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၀-၇-၂၀၁၆ ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်သည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်လိပ်စာနှင့် တင်သွင်းရမည့်လိပ်စာမှာ မန္တလာဒီဂရီကောလိပ်၊ နတ်ရေကန်ရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးမြို့ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မန္တလာဒီဂရီကောလိပ်၊ ဘဏ္ဍာဌာန၊ ဖုန်း-၀၂-၅၁၅၄၆၂၃ သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးဆိုင်ရာလုပ်ငန်းကော်မတီ**
**မန္တလာဒီဂရီကောလိပ်**

---

## ပညာရေးဝန်ကြီးဌာန
## မြစ်ကြီးနားတက္ကသိုလ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မြစ်ကြီးနားတက္ကသိုလ်တွင် အသုံးပြုရန်အတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(၁) ဓာတ်ခွဲခန်းသုံးပစ္စည်းများ

(၂) စက်နှင့်စက်ပစ္စည်း

(၃) ရုံးသုံးစက်

(၄) ပရိဘောဂများ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၀-၆-၂၀၁၆ ရက်တွင် စတင်၍ ရောင်းချမည်ဖြစ်ပြီး အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၀-၇-၂၀၁၆ ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်လိပ်စာနှင့် တင်သွင်းရမည့်လိပ်စာမှာ မြစ်ကြီးနားတက္ကသိုလ်၊ မြစ်ကြီးနားမြို့ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၇၄-၂၂၆၆၃၊ ၀၉-၂၆၁၃၃၆၈၈၆၊ ၀၉-၂၄၀၂၀၄၂ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးကော်မတီ**

---

## ဖခင်အမည်မှန်

လှည်းကူးမြို့နယ်၊ အထက(ခွဲ)၊ ဆားတလင်း အဌမတန်း(B)မှ မောင်ရန်ပိုင်မိုး၏ ဖခင်အမည်မှန်မှာ ဦးခင်ဆွေ ၁၂/လကန(နိုင်) ၁၅၈၂၀၁ ဖြစ်ပါသည်။

---

## အမည်ပြောင်း

ဦးသန်းထိုက်ဝင်း ၁၂/လကန (နိုင်)၁၅၈၁၀၆၏သမီး အထက(ခွဲ) ဆားတလင်း၊ လှည်းကူးမြို့နယ် အဌမတန်း(B)မှ မမိုးမြင့်စံအား မမိုးမြင့်သန်းထိုက်ဟု ပြောင်းလဲခေါ်တွင်ပါရန်။

**မမိုးမြင့်သန်းထိုက်**

---

## ဖခင်အမည်မှန်

ဇန်းမော်မြို့၊ အထက(ခွဲ)၊ အလက(၄)မှ တက္ကသိုလ်ဝင်တန်း ကျောင်းသူ မပိုးပိုးဖြူ၏ ဖခင်အမည်မှန်မှာ ဦးအေးကင် ဖြစ်ပါသည်။

**ဦးအေးကင်**
**၁/မမန(နိုင်)၀၂၇၇၁၂**

## ဖခင်အမည်မှန်

အထက(၁) လယ်ဝေးတက္ကသိုလ်ဝင်တန်း(D)မှ မောင်အောင်ကိုဇင်၏ ဖခင်အမည်မှန်မှာ ဦးသိန်းထွန်းမိုး ၉/လဝန(နိုင်)၁၁၇၆၇၆ ဖြစ်ပါကြောင်း။ **ဦးသိန်းထွန်းမိုး**

## ဖခင်အမည်မှန်

ဟိုပင်မြို့၊ မူလွန် (သဲဂုဏ်)၊ ဒုတိယတန်း(အောင်)မှ မခမ်းပြည့်ဝန်း၏ ဖခင်အမည်မှန်မှာ ဦးမင်းရာဇာဝင်းဖြစ်ပါသည်။

## အမည်ပြောင်း

ဦးသုခ၏သား နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အမက(၁၈၄)၊ စိုက်-တက္ကသိုလ်ကျောင်းမှ မောင်ညီကောင်းဆက်အား မောင်ဇာနည်ကောင်းစံဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဇာနည်ကောင်းစံ**

## ဖခင်အမည်မှန်

ပျော်ဘွယ်မြို့ တောင်ညောင်ကုန်းကျေးရွာ အထက(၆) တက္ကသိုလ်ဝင်တန်း(B)မှ မဝင်းပပဖြိုး၏ ဖခင်အမည်မှန်မှာ ဦးတင့်ဆွေ ၉/ပဘန(နိုင်)၁၉၂၆၉၆ဖြစ်ပါကြောင်း။ **ဦးတင့်ဆွေ ၉/ပဘန(နိုင်)၁၉၂၆၉၆**

## ဖခင်အမည်မှန်

ပျော်ဘွယ်မြို့ တောင်ညောင်ကုန်းကျေးရွာ အထက(၆) တက္ကသိုလ်ဝင်တန်း(B)မှ မောင်ဝေဖြိုးအောင်၏ ဖခင်အမည်မှန်မှာ ဦးနိုင် ၉/ပဘန(နိုင်)၁၃၃၇၃၄ဖြစ်ပါကြောင်း။ **ဦးနိုင် ၉/ပဘန(နိုင်)၁၃၃၇၃၄**

## ဖခင်အမည်မှန်

ပျော်ဘွယ်မြို့ တောင်ညောင်ကုန်းကျေးရွာ အထက(၆) တက္ကသိုလ်ဝင်တန်း(A)မှ မောင်အောင်အောင်၏ ဖခင်အမည်မှန်မှာ ဦးပိုင် ၉/ပဘန(နိုင်)၀၅၆၁၁၂ဖြစ်ပါကြောင်း။ **ဦးပိုင် ၉/ပဘန(နိုင်)၀၅၆၁၁၂**

## ဖခင်အမည်မှန်

ပျော်ဘွယ်မြို့ တောင်ညောင်ကုန်းကျေးရွာ အထက(၆) တက္ကသိုလ်ဝင်တန်း(A)မှ မောင်ပြည့်ဖြိုးအောင်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်သန်း ၉/ပဘန(နိုင်)၁၃၃၇၄၁ဖြစ်ပါကြောင်း။ **ဦးခင်မောင်သန်း၉/ပဘန(နိုင်)၁၃၃၇၄၁**

## ဖခင်အမည်မှန်

နွားထိုးကြီးမြို့နယ်၊ ပဲချက်-အထက(ခွဲ)၊ တက္ကသိုလ်ဝင်တန်း(A)မှ မအေးမြတ်မွန်၏ ဖခင်အမည်မှန်မှာ ဦးဘိုငြိမ်းဖြစ်ပါသည်။ **ဦးဘိုငြိမ်း ၉/နထက(နိုင်)၁၄၅၁၃၆**

## မိခင်အမည်မှန်

နွားထိုးကြီးမြို့နယ်၊ ပဲချက်-အထက(ခွဲ)၊ တက္ကသိုလ်ဝင်တန်း(A)မှ မဝင်းအိဖြူ၏ မိခင်အမည်မှန်မှာ ဒေါ်နိုင်နိုင်မော် ဖြစ်ပါသည်။ **ဒေါ်နိုင်နိုင်မော် ၉/နထက(နိုင်)၁၃၇၁၁၇**

## အမည်မှန်

ဦးအောင်နိုင်လင်း၏သမီး နွားထိုးကြီးမြို့နယ်၊ ပဲချက်-အထက(ခွဲ)၊ တက္ကသိုလ်ဝင်တန်း(A)မှ မစိမ်းလဲ့ရီလင်း၏ အမည်မှန်မှာ မစိမ်းလဲ့ရည်လင်း ဖြစ်ပါသည်။

## ဖခင်အမည်မှန်

နွားထိုးကြီးမြို့နယ်၊ ပဲချက်-အထက(ခွဲ)၊ စတုတ္ထတန်းမှ မောင်မင်းချစ်သူ၏ ဖခင်အမည်မှန်မှာ ဦးဝင်းမောင်ဖြစ်ပါသည်။

## အမည်မှန်

ဦးဇော်မင်းဦး၏သား နွားထိုးကြီးမြို့နယ်၊ ပဲချက်-အထက(ခွဲ)၊ ပထမတန်းမှ မောင်ဘုန်းပြည့်စုံ၏အမည်မှန်မှာ မောင်ပြည့်ခန့်သူ ဖြစ်ပါသည်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၇ယ/၄၉၃၅၇ Yin Xiang 125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဆန်း ၁/မမန(နိုင်)၀၁၀၆၃၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ဗန်းမော်)၊ ဗန်းမော်မြို့**

---

### ပညာရေးဝန်ကြီးဌာန
### အဆင့်မြင့်ပညာဦးစီးဌာန(မန္တလေးရုံးခွဲ)
### ပခုက္ကူတက္ကသိုလ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပခုက္ကူတက္ကသိုလ်တွင် အသုံးပြုရန်လိုအပ်သော အောက်ပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (၁) | ဓာတ်ခွဲခန်းသုံးပစ္စည်းများ (၆၁)မျိုး | ၁၅၆ ခု |
| (၂) | EDI Card Printer | ၁ ခု |
| (၃) | 315 KVA Transformer, 11KVA overhead line (0.25 miles), 400 V 3 phase 4 wire overhead line (0.65 miles) | ၁ ခု |
| (၄) | Digital Multifunction Copier | ၁ ခု |
| (၅) | ပရိဘောဂ (၆)မျိုး | ၄၂၀ ခု |
| (၆) | Educational Books ဘာသာရပ် | (၁၁) ဌာန |

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၀-၆-၂၀၁၆ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၀-၇-၂၀၁၆ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၆:၃၀နာရီ

၂။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ပခုက္ကူတက္ကသိုလ်၊ ဘဏ္ဍာဌာန ဖုန်း-၀၆၂-၂၁၁၇၇ တွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဝယ်ယူရေးကော်မတီ**
**ပခုက္ကူတက္ကသိုလ်**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
### ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ တည်ဆောက်ရေး(၂)

၁။ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၂)၊ ဂန့်ဂေါမြို့မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မကွေးတိုင်းဒေသကြီးအတွင်း ပြည်ထောင်စု/တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သည့် ပစ္စည်းများကို တိုင်းရင်းသားလုပ်ငန်းရှင်များထံမှ လမ်းအလိုက်လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

**တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၂၁-၆-၂၀၁၆ ရက်
**တင်ဒါနောက်ဆုံးပေးသွင်းရမည့်ရက်** - ၄-၇-၂၀၁၆ ရက်
**တင်ဒါနောက်ဆုံးပေးသွင်းရမည့်အချိန်** - ၁၆:၃၀ နာရီ
**တင်ဒါစိစစ်ရွေးချယ်မည့်ရက်** - ၇-၇-၂၀၁၆ ရက်
**တင်ဒါစိစစ်ရွေးချယ်မည့်အချိန်** - ၀၉:၀၀ နာရီ
**တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့

၂။ တင်ဒါလျှောက်လွှာပုံစံ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၂)ရုံး၊ ဂန့်ဂေါမြို့တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၉-၂၅၉၀၆၉၄၁၄၊ ၀၉-၅၂၁၃၅၀၇**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်ပညာဦးစီးဌာန၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် အသုံးပြုရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အောက်ဖော်ပြပါ ပစ္စည်းများဝယ်ယူလိုပါသည်။ စိတ်ပါဝင်စားသူများအနေဖြင့် ဤတက္ကသိုလ်၊ ငွေစာရင်းဌာနတွင် အိတ်ဖွင့်ဈေးနှုန်းလွှာပုံစံနှင့် စည်းကမ်းသတ်မှတ်ချက်များကို သတ်မှတ်ကျသင့်ငွေများပေးသွင်း၍ ၂၀-၆-၂၀၁၆ ရက်မှ ရုံးချိန်အတွင်း စတင်ဝယ်ယူနိုင်ပါသည်-

(၁) စက်ပစ္စည်း (Card Printer) ၁ လုံး
(၂) ရုံးသုံးစက်ပစ္စည်း (Digital Multifunctional Copier) ၂ လုံး
(၃) ပရိဘောဂပစ္စည်းများ ၉ မျိုး
(Single Table& Chair, Aluminium Cabinet)
Cup Board, Officer Table, Armed Chair, Waiting Chair, Settee, Book Shelf

၂။ အိတ်ဖွင့်ဈေးနှုန်းလွှာပိတ်ရက်မှာ ၂၀-၇-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့) ၁၆:၀၀ နာရီဖြစ်ပြီး ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ အိတ်ဖွင့်ဈေးနှုန်းလွှာ စိစစ်လက်ခံရေး အဖွဲ့ရုံးခန်းသို့ နမူနာပစ္စည်း(သို့မဟုတ်) ပုံပြ စာရွက်စာတမ်းများနှင့်အတူ အရောက်ပေးပို့ တင်သွင်းရပါမည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ အမှတ် (၁၁၉-၁၃၁)၊ တက္ကသိုလ်ရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဖုန်း-၀၉-၄၂၁၇၃၈၄၀၅၊ ၀၉-၄၂၀၁၄၇၃၇၀ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးဆိုင်ရာတင်ဒါခေါ်ယူရေး လုပ်ငန်းကော်မတီ**
**ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်**

---

### ပညာရေးဝန်ကြီးဌာန
### အဆင့်မြင့်ပညာဦးစီးဌာန
### ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် အောက်ဖော်ပြပါ ပစ္စည်းများဝယ်ယူရန် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(၁) လက်တွေ့ခန်းသုံးပစ္စည်းများ (Apparatus)
(၂) လက်တွေ့ခန်းသုံးပစ္စည်းများ (Glass ware)
(၃) လက်တွေ့ခန်းသုံးပစ္စည်းများ (Chemical)
(၄) Educational Books
(၅) Machinery Equipment
(၆) Office Equipment
(၇) Furniture

၂။ **တင်ဒါပုံစံများစတင်ရောင်းချမည့်ရက်** -၂၀-၆-၂၀၁၆ရက် (တနင်္လာနေ့)
**တင်ဒါပိတ်မည့်ရက်** -၂၀-၇-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)
**တင်ဒါပိတ်မည့်အချိန်** -၁၆:၃၀နာရီ

၃။ တင်ဒါပုံစံနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များတွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးဆိုင်ရာတင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ဖုန်း-၀၉-၄၂၀၀၇၈၅၂၉၊ ၀၉-၇၉၉၈၄၉၀၅၃၊ ၀၉-၉၇၉၇၅၃၇၉၀**

---

### နယ်စပ်ရေးရာဝန်ကြီးဌာန
### နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
### ရခိုင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး
### (စစ်တွေမြို့)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရခိုင်ပြည်နယ် အစိုးရဘတ်ဂျက် ခွင့်ပြုရန်ပုံငွေဖြင့်၊ သာသနာရေးလုပ်ငန်း(၂)ခု ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ရခိုင်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (စစ်တွေ)တွင် ၂၀-၆-၂၀၁၆ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး ၂၀-၇-၂၀၁၆ရက် ညနေ ၁၆:၃၀နာရီ နောက်ဆုံးထား၍ ရခိုင်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (စစ်တွေ)သို့ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို တင်သွင်းရမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရခိုင်ပြည်နယ်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံး(စစ်တွေ) ဖုန်း-၀၄၃-၂၃၁၆၁၊ ၀၉-၈၅၂၀၄၀၉တို့တွင် ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ရခိုင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး**
**စစ်တွေမြို့**

---

### ပညာရေးဝန်ကြီးဌာန
### အခြေခံပညာဦးစီးဌာန
### ပြည်နယ်ပညာရေးမှူးရုံး
### ရှမ်းပြည်နယ်၊ တောင်ကြီးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အောက်ဖော်ပြပါ ကျောင်းဆောင်သစ်များကို ဆောက်လုပ်ရန်အတွက် လုပ်ငန်းဆောင်ရွက်လိုသည့် တရားဝင်အသိအမှတ်ပြုလိုင်စင်ရ(အဖွဲ့အစည်း/ကုမ္ပဏီ/ကန်ထရိုက်တာ) များထံမှ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာများ ထည့်သွင်းနိုင်ရန် ခေါ်ယူအပ်ပါသည်။

| စဉ် | ကျောင်းဦးရေ | | | လုပ်ငန်းအမျိုးအစား | မှတ်ချက် |
|---|---|---|---|---|---|
| | ရှမ်း(တောင်) | ရှမ်းမြောက် | ရှမ်း(ရှေ့) | | |
| ၁ | ၁၃၅ | ၅၀ | ၂၀ | (၆၀×၃၀)ပေ အုတ်ညှပ်တစ်ထပ် | |
| ၂ | ၃ | ၇ | ၁ | (၈၀×၃၀)ပေ အုတ်ညှပ်တစ်ထပ် | |
| ၃ | ၃၂ | ၁၅ | ၉ | (၉၀×၃၀)ပေ အုတ်ညှပ်တစ်ထပ် | |
| ၄ | ၁ | ၁ | ၂ | (၁၀၀×၃၀)ပေ အုတ်ညှပ်တစ်ထပ် | |
| ၅ | ၁၃ | ၈ | ၅ | (၁၂၀×၃၀)ပေ အုတ်ညှပ်တစ်ထပ် | |
| ၆ | - | ၁၁ | - | (၄၀×၃၀)ပေ အုတ်ညှပ်တစ်ထပ် | |
| ၇ | ၂ | - | - | (၁၄၀×၃၀)ပေ အုတ်ညှပ်တစ်ထပ် | |
| ၈ | ၃ | ၃ | ၁ | (၁၀၀×၃၀)ပေ RCC နှစ်ထပ် | |
| ၉ | ၁ | ၁ | - | (၁၃၀×၃၀)ပေ RCC နှစ်ထပ် | |
| ၁၀ | ၄ | ၆ | ၁ | (၁၄၀×၃၀)ပေ RCC နှစ်ထပ် | |
| ပေါင်း | ၁၉၄ | ၁၀၂ | ၃၉ | | |

၂။ တင်ဒါပုံစံနှင့်ပတ်သက်၍ အသေးစိတ်သိလိုသော အချက်အလက်များကို ပြည်နယ်ပညာရေးမှူးရုံး၊ တောင်ကြီးမြို့၊ ပြည်နယ်ပညာရေးမှူးရုံး(ခွဲ)လားရှိုးမြို့၊ ပြည်နယ်ပညာရေးမှူး ရုံး(ခွဲ)ကျိုင်းတုံမြို့များတွင် ရုံးချိန်အတွင်း လာရောက်ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၂-၇-၂၀၁၆ ရက် ညနေ ၁၆:၃၀နာရီဖြစ်ပြီး အချိန်မီတင်သွင်းရန်ဖြစ်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**
**ရှမ်း(တောင် ဖုန်း-၀၈၁-၂၁၂၁၃၁၈၊ ၀၈၁-၂၁၂၁၃၁၉၊ ၀၈၁-၂၀၆၈၅၁**
**ရှမ်း(မြောက်)ဖုန်း-၀၈၂-၂၃၆၈၀**
**ရှမ်း(အရှေ့)ဖုန်း-၀၈၄-၂၂၆၈၁**

---

## အများသိစေရန်ကြေညာခြင်း

